# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၂၉)


၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက် | ၂၀၁၇ ခုနှစ်၊ ဧပြီ ၂၇ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၀၆)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ထိုင်းနှင့် ဘယ်လ်ဂျီယံသံအမတ်ကြီးများ ခန့်အပ်လွှာပေးအပ်



**နေပြည်တော် ဧပြီ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဂျတ်ခ်ဘွန်လုံသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် လည်း ကောင်း၊ ဘယ်လ်ဂျီယံသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဖိလစ်ခရီဒယ်လ်ကာသည် ယနေ့ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်းတို့၏ သံအမတ်ခန့်အပ်လွှာများကို ပေးအပ်ကြသည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားများသို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**သံအမတ်ခန့်အပ်လွှာပေးအပ်**

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျတ်ခ်ဘွန်လုံက ၎င်း၏ခန့်အပ်လွှာကို ပေးအပ်စဉ်**
(သတင်းစဉ်)

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ကြေညာချက်အမှတ် (၂/ ၂၀၁၇)**
၁၃၇၉ ခုနှစ် ၊ ကဆုန်လဆန်း ၁ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်**
**ပဉ္စမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ) တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက် (၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်) ကြာသပတေးနေ့၊ ၁၃း၃၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) မန်းဝင်းခိုင်သန်း**
**နာယက**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ကြေညာချက်အမှတ် (၂/ ၂၀၁၇)**
၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်**
**ပဉ္စမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ) တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက် (၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်) ကြာသပတေးနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) ဝင်းမြင့်**
**ဥက္ကဋ္ဌ**

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**
**ကြေညာချက်အမှတ် (၂/ ၂၀၁၇)**
၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော်**
**ပဉ္စမပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ) တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက် (၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်) ကြာသပတေးနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

**(ပုံ) မန်းဝင်းခိုင်သန်း**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**




## မြန်မာ့အလင်း

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မူဝါဒလမ်းညွှန်ချက်များ

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအပါအဝင် အရှေ့ဥရောပနိုင်ငံများရှိ ကွန်မြူနစ်ပါတီများ၏ တစ်ပါတီဦးဆောင် ဗဟိုချုပ်ကိုင်စီမံကိန်းစီးပွားရေးစနစ်တို့ ကျဆုံးခဲ့ရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်သည် တိုင်းပြည်၏ ပကတိအခြေအနေမှန်ကို သိရှိရန် စနစ်က အဟန့်အတား ပြုနေခြင်းဖြစ်ပါသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ တိုင်းပြည်၏ ပကတိအခြေအနေမှန်ကို သိရှိရန်လိုအပ်သည်သာမက အသိအမှတ်ပြုရန်လည်းလိုအပ်ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအားနည်းသကဲ့သို့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ဗဟိုအစိုးရတို့အကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းနေပါကြောင်း" ဟု ပွင့်လင်းစွာ မိန့်ကြားခဲ့ခြင်းဖြစ်သည်။ တိုင်းပြည်၏ ပကတိအခြေအနေမှန်ကို မကွယ်မထောက် အသိအမှတ်ပြု ပြောကြားခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပြောစကားများကို အပေါ်ယံကြည့်ပါက အားနည်းချက်တစ်ရပ်ကို ဝန်ခံအသိအမှတ်ပြုခြင်းဟုသာ မြင်စရာရှိသော်လည်း လေးလေးနက်နက် သုံးသပ်ပါက ရှေ့သို့အရှိန်အဟုန်ဖြင့် ချီတက်နိုင်ရန်အတွက် လမ်းစဉ်မှန်ကို အားမာန်သွင်းလှုံ့ဆော်ခဲ့ခြင်းဖြစ်ပါသည်။ ဤသို့သော ပွင့်လင်းစွာမိန့်ကြားမှုကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်၏ စွမ်းအင်မူဝါဒညှိနှိုင်းအစည်းအဝေးတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါ နိုင်ငံတော်၏စွမ်းအင်မူဝါဒ ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်၏ စွမ်းအင်မူဝါဒ မျှော်မှန်းချက်များကို ချပြခဲ့ပါသည်။ နိုင်ငံတော်၏ စွမ်းအင်မူဝါဒ မျှော်မှန်းချက်သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်ရန်ဆိုသည်မှာ ရှင်းလင်းပြီးဖြစ်သော်လည်း ဤအချက်မျှဖြင့် မလုံလောက်သည်ကို ကမ္ဘာ့နိုင်ငံများစွာတို့၏ အတွေ့အကြုံတို့က သက်သေပြပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်၏ စွမ်းအင်မူဝါဒဆိုင်ရာ မျှော်မှန်းချက်များချပြရာ၌ စွမ်းအင်သယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့စွာအသုံးပြုနိုင်ရေးနှင့် တိုင်းဒေသကြီးများအပါအဝင် ပြည်နယ်များအကြား မျှတမှန်ကန်စွာခွဲဝေအသုံးပြုနိုင်ရေးတို့ကိုပါ အဓိကမျှော်မှန်းချက်များအဖြစ် ချပြခဲ့ခြင်းဖြစ်ပါသည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသော စွမ်းအင်တို့ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် လိုအပ်နေသည်မှာအထင်အရှားဖြစ်ပါသည်။ ဤလိုအပ်ချက် ဖြည့်ဆည်းနိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်နိုင်ရေးကို စီမံခန့်ခွဲရာ၌ စွမ်းအင်ဈေးနှုန်းမူဝါဒသည် အရေးကြီးသော မူဝါဒလိုအပ်ချက်ဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က စွမ်းအင်ဈေးနှုန်းသည် စွမ်းအင်ထုတ်လုပ်သူနှင့် စွမ်းအင်သုံးစွဲသူတို့ နှစ်ဦးနှစ်ဖက် စီးပွားရေးအာမခံချက်ရှိစေရမည်ဟု ချပြခဲ့ခြင်းသည် စွမ်းအင်ကဏ္ဍတွင် ပါဝင်ဆောင်ရွက်လိုသော လုပ်ငန်းရှင်တို့အတွက် အားတက်စရာဖြစ်သကဲ့သို့ ပြည်သူလူထုကြား၌လည်း မလိုလားအပ်သော စိုးရိမ်ပူပန်မှုတို့ မဖြစ်ပွားစေသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်း ပုဂ္ဂိုလ်တို့အနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ညွှန်ကြားချက်များကို နှလုံးသွင်းလျက် ဆတက်ထမ်းပိုး ကြိုးပမ်းဆောက်ရွက်ကြပါရန် လေးစားစွာနှိုးဆော်တိုက်တွန်းအပ်ပါသည်။ ။

## နိကာယ်စာမေးပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၆**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၁၇ ခုနှစ် နိကာယ်စာမေးပွဲကို ၁၃၇၉ ခုနှစ် နယုန်လဆန်း ၁၁ ရက်မှ ၁၅ ရက်အထိ (၂၀၁၇ ခုနှစ် ဇွန် ၅ ရက်မှ ၉ ရက် အထိ) ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်သည်။

စာမေးပွဲကျင်းပစဉ်အတွင်း ကျမ်းစာအလိုက် သတ်မှတ်ထားသော ပြဋ္ဌာန်းကျမ်းစဉ်အတိုင်း နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်ကြောင်းနှင့် စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့များသို့ ဆက်လက်ပေးပို့မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**




## မျိုးဆက်သစ်ရင်ပြင် လူငယ်စာပေလက်ရာရှင်များသို့ စာမူများဖိတ်ခေါ်ခြင်း

The Global New Light of Myanmar သတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် မေလမှစ၍ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း မျိုးဆက်သစ်ရင်ပြင်ကဏ္ဍကို ဖော်ပြသွားမည်ဖြစ်ပါသည်။

အဆိုပါကဏ္ဍအတွက် အတွေးအမြင်၊ ကဗျာ၊ ဆောင်းပါး၊ အက်ဆေး၊ ဝတ္ထုတိုစသည်တို့ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားပေးပို့နိုင်ပါသည်။

အဆိုပါ ကဏ္ဍကို စာမူပေးပို့သူများအနေဖြင့် The Global New Light of Myanmar သတင်းစာတိုက် အမှတ်(၁၅၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ dce@globalnewlightofmyanmar.com သို့ လိပ်မူ၍ (၁)ဖော်ပြလိုသည့်ကဏ္ဍ၊ (၂)အမည်ရင်းနှင့် ကလောင်အမည်၊ (၃) ပညာအရည်အချင်း၊ (၄)ကျောင်း/ကောလိပ်/တက္ကသိုလ်၊ (၅) ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်းနှင့် အခြားသော သတင်းစာတိုက်၊ မဂ္ဂဇင်းတိုက်များသို့ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက်၊ (၆) မိမိနှစ်သက်ရာ ရောင်စုံဓာတ်ပုံတစ်ပုံ၊ (၇) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ (၈)ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်နှင့် လိပ်စာအပြည့်အစုံဖော်ပြ၍ ပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

- **စာတည်းအဖွဲ့**
- **The Global New Light of Myanmar သတင်းစာတိုက်**




## ဒလတံတားတည်ဆောက်ရေး မြေပြင်တိုင်းတာမှုပြုလုပ်

**ဒလ မေ ၂၆**

ကိုရီးယား-မြန်မာချစ်ကြည်ရေး ဒလတံတားတည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ဒလမြို့နယ်တွင် မြေပြင်တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို မေ ၂၆ ရက် နံနက် ၁၀ နာရီက တွေ့မြင်ခဲ့ရသည်။

ဒလတံတား ဆောက်လုပ်ရန်အတွက် မြေမျက်နှာသွင်ပြင်တိုင်းတာခြင်းနှင့် မြေစမ်းသပ်ခြင်းလုပ်ငန်းကို ကိုရီးယားသမ္မတနိုင်ငံ အတိုင်ပင်ခံ ကုမ္ပဏီများဖြစ်ကြသော Joint Ventura (J.V) အဖွဲ့များဖြစ်သည့် Soosung Dohwa & Jin Woo တို့က ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဒလမြို့နယ်တွင် မြေပြင်တိုင်းတာခြင်းအား ယခုမှစတင် ဆောင်ရွက်ခြင်းဖြစ်ပြီး ရန်ကုန်မြို့ဘက်ခြမ်းတွင် ဘုန်းကြီးလမ်းနှင့် ဒလမြို့ဘက်ခြမ်းတွင် ကမာကဆစ်ရပ်ကွက် သမ္ဗန်ဆိပ်မှ ဗိုလ်မင်းရောင်လမ်းမကြီးအတိုင်း နာရီစင်အထိ နာရီစင်မှ ဗိုလ်တေဇလမ်းမကြီး၏ တစ်ဝက်ကျော်ကျော် တိုင်းတာမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြေတိုင်းတာခြင်းလုပ်ငန်းများအား အဖွဲ့ လေးဖွဲ့ ခွဲ၍ ၁၄/၁၅ ရက်ကြာ တိုင်းတာရမည်ဖြစ်ကြောင်း၊ မြေပြင် တိုင်းတာမှုများ၏ အခြေအနေပေါ်မူတည်၍ တံတားပုံစံပြောင်းလဲကောင်း ပြောင်းလဲနိုင်ကြောင်း မြေပြင်တိုင်းတာရေး အဖွဲ့ခေါင်းဆောင် ဦးသန်းအေးက ပြောသည်။ ဒလတံတားတည်ဆောက်ရေးလုပ်ငန်းသည် အချိန်ကြန့်ကြာနေသည့်အတွက် ဒလမြို့သူမြို့သားများ စိုးရိမ်နေကြသည့်အချိန်တွင် ဒလမြို့နယ်သို့ မြေပြင်တိုင်းတာရေးအဖွဲ့များ၊ မြေစမ်းသပ်မည့်အဖွဲ့များ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေသည့်အတွက် ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **မောင်ယဉ်ဦး(ဒလ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၆-၄-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၆၀/၇၀၅ ကျပ် (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၆၇၀/၇၁၀ ကျပ် (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၁၅/၇၂၅ ကျပ် (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၂ . ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၉ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၆ . ၆၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ . ၂၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၉၂ |
| တရုတ် | တစ်ယွမ် | ၁၉၆ . ၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၇ . ၅၂ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ

## မျှော်လင့်ချက်များရှိရာ အသိုက်အမြုံတစ်ခု

၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးရည်မှန်းချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်သည် ကုလသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများအတွက် ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်နေပါသည်။ ယနေ့အချိန်အခါတွင် ကုလသမဂ္ဂသည် အားလုံးအတွက် ပိုမိုငြိမ်းချမ်း၍ သာယာဝပြောသောကမ္ဘာကြီးတစ်ခု၊ ပိုမိုကြင်နာ၍ မေတ္တာတရားပြည့်ဝသော အိမ်ဂေဟာတစ်ခုဖြစ်စေလိုသော မိမိတို့၏ မျှော်လင့်ချက်များရှိရာ အသိုက်အမြုံတစ်ခုဖြစ်နေဆဲဖြစ်ပါသည်။

(၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်တွင် ကျရောက်သည့် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့သို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

## မျှော်လင့်ချက်တွေ အများကြီးတိုးပွားလာ

ကျွန်မတို့ အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးဆိုတာဟာ ဆက်နွှယ်နေတယ်ဆိုတာကတော့ ထူးထူးထွေထွေ ပြောဖို့လိုမယ်လို့ မထင်ပါဘူး။ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ လွယ်တဲ့ဖြစ်စဉ် မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်မတို့အတွက် မျှော်လင့်ချက်တွေ အများကြီးရှိပါတယ်။ အထူးသဖြင့်ဆိုလို့ရှိရင် အခုရက်ပိုင်းအတွင်းမှာ ကျွန်မတို့ ဒုတိယပင်လုံညီလာခံအတွက် မျှော်လင့်ချက်တွေ အများကြီးတိုးပွားလာပါတယ်။

(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဘယ်လ်ဂျီယံသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဖိလစ်ခရီ ဒယ်လ်ကာက ၎င်း၏ ခန့်အပ်လွှာကို ပေးအပ်စဉ် (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

## သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း ၎င်း၏ခန့်အပ်လွှာကို ကျူးဘားသမ္မတနိုင်ငံ ဒုတိယသမ္မတထံ ပေးအပ်ပြီးဖြစ်

**နေပြည်တော် မေ ၂၇**

ကျူးဘားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ် မေ ၂၁ ရက်တွင် ဟာဗားနားမြို့၌ ကျူးဘားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စ ဂလာဒီစ်မာရီယာ ဘေဟာရာနို ပေါ်တီးလာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက် တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

## နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မေ ၂၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Paul R. Seger အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဆွစ်ဇာလန် - မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Paul R. Seger တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ပြန်ကြားရေးဝန်ကြီးဌာနမှ စိစစ်ခွင့်ပြုပေးနေမှု

**နေပြည်တော် မေ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ၂၄-၄-၂၀၁၇ ရက်က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၂၀-၃-၂၀၁၇ ရက်မှ ၃၁-၃-၂၀၁၇ ရက်အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ နှစ်ဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်နှစ်ဦး၊ မဂ္ဂဇင်း နှစ်ဦးနှင့် အထွေထွေ နှစ်ဦး၊ ပေါင်းခြောက်ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်လိုသူသုံးဦးကို လည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်း ဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၂၁ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၀၈၆ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၄ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၅၇၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ ပြန်ကြားရေးဝန်ကြီးဌာနမှ စိစစ်ခွင့်ပြုပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

❄ ကျောဖုံးမှ

မည်သို့အကောင်အထည်ဖော်ဆောင်ရွက်ကြမည်၊ ပုဂ္ဂလိကပိုင်းအနေဖြင့် မည်သည်တို့ကို လုပ်ဆောင်ကြမည်၊ နိုင်ငံတော်အစိုးရမှ မည်သည်တို့ကို ကူညီဆောင်ရွက်ရန်လိုအပ်မည် စသည်တို့ကို ဝိုင်းဝန်းဆွေးနွေး အကြံပြုကြမည်ဖြစ်သည့်အတွက် ယနေ့ကျင်းပသည့် အစည်းအဝေးသည် အကျိုးဖြစ်ထွန်းစေမည့် အစည်းအဝေးဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ အာဆီယံဒေသတွင်း နိုင်ငံများသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံများချမှတ်၍ တစ်နှစ်ထက်တစ်နှစ် ပိုမိုကြိုးပမ်းအားထုတ်နေကြပါကြောင်း။

**အရေးကြီး**

မြန်မာနိုင်ငံသည် ခရီးသွားအရင်းအမြစ်များ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များနှင့် တိုင်းရင်းသားရိုးရာဓလေ့များ များစွာရှိနေပါကြောင်း၊ ၎င်းတို့ကို စနစ်တကျရေရှည် ဖွံ့ဖြိုးတိုးတက်ရန် ဖော်ထုတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးပြီး လူမှုစီးပွားဘဝများတိုးတက်ရေးဆောင်ရွက်ရာတွင် ဆိုးကျိုးအနည်းဆုံးနှင့် အကျိုးအမြတ် အများဆုံးရရှိစေရေးအတွက် ရေရှည်တည်တံ့မည့် အခြေခံသဘောတရားများနှင့် စီမံဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ စတင်ရောက်ရှိသည့်ကာလမှ ပြန်လည်ထွက်ခွာသည့်ကာလအထိ ၎င်းတို့၏ သွားလာရေးနှင့် နေထိုင်စားသောက်ရေး အဆင်ပြေချောမွေ့စေရေးဆောင်ရွက်ကြရမည့်အပြင် လုံခြုံဘေးကင်းစွာလည်ပတ်ကြည့်ရှုနိုင်ရေးကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းပင်မ စီမံကိန်းလည်း ရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းသည် အချိန်ကာလအခြေအနေကို လိုက်၍ လိုအပ်သလို ပြုပြင်ဆောင်ရွက်နိုင်သည့်အတွက် နိုင်ငံတွင်ရှိသည့် အရင်းအမြစ်များပေါ် မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်များကို ဖြည့်စွက်ပြင်ဆင် စီမံဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

**အထောက်အကူပြု**

အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ အကြံပြုလိုသည့်အချက်များနှင့် အကောင် အထည်ဖော်လိုသည့် လုပ်ငန်း များကိုဆွေးနွေးကြရန် ဖိတ်ခေါ်လိုပါကြောင်း၊ အစည်းအဝေး၏ ဆွေးနွေးချက်များ၊ အကြံပြုချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို နိုင်ငံတော်အစိုးရပိုင်းမှကူညီပံ့ပိုးပေးမည်၊ ပုဂ္ဂလိကပိုင်းကလည်း ကြိုးပမ်းဆောင်ရွက်မည်၊ Tourism Industry တွင် ပါဝင်သည့် Stakeholders များကလည်း ဟန်ချက်ညီညီ ပိုမိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြမည်ဆိုလျှင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ အခြားစီးပွားရေးကဏ္ဍများ အလျင်အမြန်တိုးတက်ရေးအတွက် အရေးပါပြီး အထောက်အကူပြုသည့် ကဏ္ဍတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ခရီးသွားလာရေးလုပ်ငန်းစနစ်တကျဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

**ဆွေးနွေး**

ယင်းနောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေ၊ ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင်မြင်ရန် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန တစ်ခုတည်းသာမက ဆက်စပ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကပါ ဝိုင်းဝန်းကူညီလုပ်ဆောင်ကြမှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ ဒေသခံများ အလုပ်အကိုင်နှင့် ဝင်ငွေရရှိပြီး လူနေမှုအဆင့်အတန်း မြင့်တက်လာစေရန် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism) ကို စီမံဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာခရီးသွားလုပ်ငန်းဈေးကွက်တွင် ရပ်တည်နိုင်ရေးအတွက် ပုံရိပ်ကောင်းရရှိရန်နှင့်ရရှိပြီး ပုံရိပ်ကောင်းများကို စဉ်ဆက်မပြတ် ထိန်းသိမ်းထားရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ASEAN Tourism Strategic plan ၏ မျှော်မှန်းချက်အတိုင်း ဖြစ်မြောက်အောင်မြင် အောင် အကောင်အထည်ဖော်ဆောင် ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အဓိက အခန်းကဏ္ဍမှပါဝင်ကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများအနေဖြင့်လည်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်းကူညီဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

**ဗလငါးတန် ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေ ဖတ်ကြစို့**

# ကိုယ်ဝန်ဆောင်အမျိုးသမီးများ ကူညီထောက်ပံ့မှု ရခိုင်ပြည်နယ်ကို ဒုတိယဦးစားပေးမည်




ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်အစိုးရကြား လုပ်ငန်းဆောင်တာများ ဆွေးနွေးစဉ်

**စစ်တွေ ဧပြီ ၂၆**

နိုင်ငံတော်အနေဖြင့် ယခုနှစ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘတ်ဂျက်မှ ကိုယ်ဝန်ဆောင်မိခင်များအား ကူညီထောက်ပံ့စောင့်ရှောက်မှု လုပ်ငန်းများကို ဇွန်လဆန်းပိုင်းမှစတင်ကာ လုပ်ဆောင်သွားမည်ဖြစ်ရာ ရခိုင်ပြည်နယ်ကို ဒုတိယဦးစားပေးအနေဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးနေဝင်းက ပြောသည်။

ဧပြီ ၂၅ ရက် မွန်းလွဲ ၁ နာရီက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသော ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်အစိုးရအကြား ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းမှုရှိစေရေးရှင်းလင်းဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးနေဝင်းက အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"အခုနှစ်ဘတ်ဂျက်မှာ ကိုယ်ဝန်ဆောင် မိခင်တွေကို ကလေးအသက်နှစ်နှစ်အရွယ်ထိ တစ်လကို ငွေကျပ်တစ်သောင်းခွဲနှုန်းနဲ့ ကူညီထောက်ပံ့ပေးသွားဖို့ ရှိပါတယ်။ အဲဒီအစီအစဉ်ကို ချင်းပြည်နယ်ကစပြီး လုပ်ငန်းတွေစတင်ဆောင်ရွက်မှာဖြစ်ပြီး အခု ရခိုင်ပြည်နယ်ကို ဒုတိယဦးစားပေးအဖြစ် လျာထားဆောင်ရွက်သွားမှာပါ။ လာမယ့် ဇွန်လကနေ ကူညီထောက်ပံ့မှုလုပ်ငန်းတွေကို စတင်လုပ်ဆောင်မှာဖြစ်လို့ မေလ တတိယပတ်ဆိုရင် လိုအပ်တဲ့စာရင်း၊ ဇယားတွေ ကောက်ခံသွားပါမယ်။ စာရင်း၊ ဇယားတွေကောက်ခံပြီး ကိုယ်ဝန်ဆောင်မိခင်တွေကို သုံးလတစ်ကြိမ် ဇွန်လကနေပြီး စတင်ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်"ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးနေဝင်းက ပြောသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ယခုနှစ်အတွင်း အခြား ကူညီထောက်ပံ့မှုလုပ်ငန်းများကိုလည်း ယခင်ထက်တိုးမြှင့်လုပ်ဆောင်ပေးသွားမည်ဖြစ်ရာ ယခုကဲ့သို့ ကူညီထောက်ပံ့မှုစီမံကိန်းအသစ်များကိုလည်း ထပ်မံတိုးချဲ့ကူညီထောက်ပံ့ပေးသွားမည်ဖြစ်သည်။ လတ်တလော လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်တွင် ကလေးသူငယ်၊ အမျိုးသမီး၊ မသန်စွမ်း၊ သက်ကြီး၊ မူးယစ်ဆေးဝါး၊ လူမှုကာကွယ်စောင့်ရှောက်ရေးစသည့် လုပ်ငန်းကြီး ၁၀ ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး ကဏ္ဍတွင်ပါသော အသက် ၉၀ အထက် အဘိုး၊ အဘွားများကို လာမည့် ဇွန်လမှစတင်ကာ လစဉ်ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ထိုသို့ထောက်ပံ့ပေးရာ၌ ယခု ၂၀၁၇ ခုနှစ် မတ်လကုန်တွင် အသက် ၉၀ ပြည့်ပြီး အဘိုး၊ အဘွားများ ဖြစ်ရမည်ဖြစ်ရာ တိုင်းဒေသကြီး/ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနရုံး၏ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များအလိုက် အကြောင်းကြားထားပြီဖြစ်ကြောင်း သိရသည်။ အဘိုး၊ အဘွားများသည် ပတ်(စ်)ပို့ဓာတ်ပုံ၊ မှတ်ပုံတင်မူရင်းနှင့် အိမ်ထောင်စုစာရင်း ပုံစံ ၆၆/ဃ ပါရှိရမည်ဖြစ်သည်။ ယင်းအထောက်အထားများ မပါရှိပါက ထောက်ခံမှုအဆင့်ဆင့် ပြုလုပ်ရမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ယုံကြည်လေးစားရသော ရပ်မိ၊ ရပ်ဖနှစ်ဦးက မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းပုံစံ ၆၆(ဃ) မရှိသော အဘိုး၊ အဘွားများကို ထောက်ခံချက်နှင့်အတူ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးကို တင်ပြရမည်ဖြစ်သည်။ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် ထောက်ခံပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံးကို ဆက်လက်တင်ပြရမည်ဖြစ်ကြောင်း သိရသည်။ အဆင့်(၃)အနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံးမှတစ်ဆင့် မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြည်သူ့အင်အားဦးစီးဌာနကိုချိတ်ဆက်ပြီး လူမှုဝန်ထမ်းဦးစီးဌာန နေပြည်တော်ရုံးချုပ်ကိုပေးပို့ရမည်ဖြစ်သည်။ နောက်ဆုံးအဆင့်(၄)အနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှပေးပို့လာသော အသက် ၉၀ ပြည့် အဘိုး၊ အဘွားများ၏ စာရင်းများကို စိစစ်ဆေးအတည်ပြုကာ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ယင်းကူညီထောက်ပံ့မှုလုပ်ငန်းများအတွက် လာမည့် မေ ၈ ရက်နှင့် ၉ ရက်တို့တွင် တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူးရာထူးများကိုခေါ်ယူပြီး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**

# ရန်ကုန်မြို့လမ်းများပေါ်၌ ရေကြီးရေလျှံဖြစ်ပွားမှု လျော့နည်းစေရေးအတွက် ကြိုတင်ပြင်ဆင်

**ရန်ကုန် ဧပြီ ၂၆**

မိုးရာသီတွင် ရန်ကုန်မြို့၏ လမ်းများပေါ်၌ ရေကြီးရေလျှံဖြစ်ပွားမှု လျော့နည်းစေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီစီမံရေးရာဌာန၊ အင်ဂျင်နီယာဌာန (လမ်း/တံတား)နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနတို့ပူးပေါင်း၍ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"တစ်လပိုင်းလောက်ကစပြီး PAE နဲ့ ချောင်းကြီး မြောင်းကြီးတွေကို စက်ယန္တရားတွေနဲ့ လုပ်နေတဲ့ အပိုင်းတစ်ပိုင်းရှိသလိုသက်ဆိုင်ရာ မြို့နယ် ၃၃ မြို့နယ်မှာလည်း သန့်ရှင်းရေးလုပ်သား ၁၀ ဦးစီနဲ့ နေ့စဉ် ဆောင်ရွက်နေတာရှိပါတယ်။ ပြီးခဲ့တဲ့ ၂၄ ရက်ကစပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနက မြို့နယ် တစ်မြို့နယ်ကို ၁၀ ယောက်စီနဲ့ စုစုပေါင်း မြို့နယ် ၃၀ ဆိုတော့ အင်အား ၃၀၀၊ တစ်ခရိုင်ကို ၂၅ ယောက်စီနဲ့ ၁၀၀ ဆိုတော့ စုစုပေါင်း ၄၀၀ ပေါ့။ နောက်ဘက်ဟိုး ၁၀ စီးရယ်၊ အမှိုက်သိမ်းယာဉ် ၁၀ စီးနဲ့ အရှိန်မြှင့်ပြီးပံ့ပိုးကူညီပေးနေပါတယ်"ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဌာနခွဲမှူး ဦးအောင်ထိုက်(အနောက်ပိုင်းခရိုင်မှူး)က ပြောကြားသည်။

ရန်ကုန်မြို့တော်နေ ပြည်သူများ၏ နေ့စဉ် စွန့်ပစ်အမှိုက်တန်ချိန်မှာ တစ်နေ့လျှင် တန်ချိန် ၂၄၀၀ ကျော်ရှိပြီး အုပ်စုလိုက်ရေမြောင်းရှင်းလင်းခြင်းမှ တန် ၁၂၀ ခန့် ထွက်ရှိကြောင်း သိရသည်။

"ပြည်သူတွေအနေနဲ့ သတ်မှတ်တဲ့ အမှိုက်စွန့်ပစ်တဲ့နေရာကိုပစ်ပေးဖို့လိုပါတယ်။ အမှိုက်စွန့်ပစ်ဖို့ သတ်မှတ်ထားတဲ့အိတ်နဲ့ သတ်မှတ်ထားတဲ့ ပုံးမှာ အမျိုးအစားခွဲပြီးပစ်မယ်ဆိုရင် မြောင်းထဲမှာ အမှိုက်တွေရောက်နေတဲ့ ကိစ္စတွေ လျော့နည်းသွားမှာဖြစ်ပါတယ်။ နေထိုင်တဲ့ ပြည်သူတွေချည်းပဲ ပြောလို့လည်း မရပါဘူး။ အဓိကက ချောင်းထဲ မြောင်းထဲမှာ ရောက်နေတဲ့ အမှိုက်သည် စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ လမ်းဘေးဈေးသည်တွေကြောင့် ဖြစ်ပါတယ်။ သူတို့ရဲ့ စည်းကမ်းမဲ့ပစ်မှုကြောင့် ဒီမြောင်းတွေထဲမှာ ဒါတွေရောက်နေတာဖြစ်ပါတယ်။ အမှိုက်တစ်စပဲဖြစ်ဖြစ် အမှိုက်တစ်ဆုပ်ပဲ ဖြစ်ဖြစ် စပစ်ကတည်းကိုက သတ်မှတ်ထားတဲ့ အမှိုက်ကန်၊ အမှိုက်ပုံးနေရာမှာ စနစ်တကျပစ်မယ်ဆိုရင် ချောင်းတွေ မြောင်းတွေပိတ်တဲ့ပြဿနာတွေဟာ လျော့နည်းလာမှာဖြစ်ပါတယ်"ဟု ဌာနခွဲမှူး ဦးအောင်ထိုက်က ဆက်လက်ပြောကြားသည်။ **သတင်း-ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ-ထိန်လင်း**



# မြန်မာနိုင်ငံအတွက် လိုအပ်နေသော တိုက်ရိုက်ရောင်းချခြင်းဆိုင်ရာ ဥပဒေတစ်ရပ်

**မောင်ငွေဦး(စိန်ဂျွန်း)**

ဝယ်ယူသုံးစွဲသူများအား ကုန်ပစ္စည်း၏ အရည်အသွေးနှင့် အာနိသင်တို့ကို တီထွင်ဖန်တီးသူများ၊ ထုတ်လုပ်သူများနှင့် ဖြန့်ဖြူး ရောင်းချသူများတို့မှ နည်းမျိုးစုံသုံး၍ လူအများ သိရှိအောင် ကြော်ငြာခြင်း၊ မက်လုံးအမျိုးမျိုးပေးခြင်းတို့ ပြုလုပ်ပြီး ဖြန့်ဖြူးရောင်းချခဲ့ကြသည့်စနစ်ကို လူသားများ ကျင့်သုံးလာခဲ့ကြသည်မှာ လူ့ယဉ်ကျေးမှု စတင်ထွန်းကား စဉ်ကတည်းက ဖြစ်သည်ဟု ထင်မြင်ယူဆပါသည်။

ယနေ့လူနေမှုစနစ် မြင့်မားတိုးတက်လာသည့် ကမ္ဘာကြီး တွင်မူ ဝယ်ယူသုံးစွဲသူများကို ရောင်းချသူများကိုယ်တိုင် တိုက်ရိုက်တွေ့ဆုံသည့် နည်းလမ်းအမျိုးမျိုးဖြင့် ကုန်ပစ္စည်း နှင့်စပ်လျဉ်းသည့် အသိပညာပေးခြင်း၊ ရှင်းလင်းဖော်ပြခြင်း၊ ဟောပြောဆွေးနွေးခြင်း၊ ဝယ်ယူသူ၏ အခွင့်အရေးကို အာမခံ ချက်ပေးခြင်း၊ ဝန်ဆောင်မှုအမျိုးမျိုးပေးခြင်းတို့ဖြင့် တိုက်ရိုက် ဖြန့်ဖြူးရောင်းချသည့် စနစ်သစ် ထွန်းကားလျက်ရှိပြီ ဖြစ်ပါ သည်။

ပြည်ထောင်စုဝန်ကြီးတစ်ဦးက ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ အပါအဝင်(၁၆) နိုင်ငံခန့်၌သာ ဥပဒေပြဋ္ဌာန်းနိုင်ခြင်းမရှိသေးဘဲ ကျန်နိုင်ငံများတွင် ဝယ်ယူသူထံသို့ တိုက်ရိုက်ရောင်းချခြင်း ဆိုင်ရာ ဥပဒေ (Direct Selling Law) ပြဋ္ဌာန်း၍ ဝယ်ယူသူ များ၏ အခွင့်အရေးကိုကာကွယ်ပေးသည့် ဥပဒေခိုင်ခိုင်မာမာ ပြဋ္ဌာန်းကျင့်သုံးနေပြီဖြစ်ကြောင်း ပြောကြားသည်ကို မှတ်သား မိပါသည်။

**တိုက်ရိုက်ရောင်းချခြင်းဆိုသည်မှာ**

ဝယ်ယူသုံးစွဲသူများထံသို့ ရောင်းချသူများ(သို့မဟုတ်) ထုတ်လုပ်သူများ (သို့မဟုတ်) တီထွင်ဖန်တီးသူများကိုယ်တိုင် အိမ်တိုင်ရာရောက်သွားရောက်တွေ့ဆုံခြင်း၊ ကျေးရွာရပ်ကွက် အလိုက် စုဝေးတွေ့ဆုံခြင်း၊ တယ်လီဖုန်း၊ အင်တာနက်၊ သတင်းမီဒီယာတို့မှတစ်ဆင့် တိုက်ရိုက်ဆက်သွယ်ခြင်း၊ သတင်းစာ၊ ဂျာနယ်၊ လက်ကမ်းစာစောင်များမှ တစ်ဆင့် ကမ်းလှမ်းဆက်သွယ်ခြင်း စသည့်နည်းလမ်းအမျိုးမျိုး ဖြင့် ကုန်ပစ္စည်း၏ အရည်အသွေးအာနိသင်နှင့် ရရှိမည့် အကျိုး ကျေးဇူးများကို အသိပညာပေး ရှင်းလင်းပြောပြ ခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းတို့ ပြုလုပ်ပြီးနောက် ဝယ်ယူသုံးစွဲသူများ၏ အခွင့်အရေးကို အာမခံချက်နှင့် တကွ ဝန်ဆောင်မှုပေး၍ အရောင်းအဝယ်ပြုလုပ် သည့် စနစ်မျိုးကို တိုက်ရိုက်ရောင်းချ ခြင်းဟု ဆိုလိုပါ သည်။

**တိုက်ရိုက်ရောင်းချခြင်းစနစ်၏ ဘေးထွက်ဆိုးကျိုးဖြစ်ပါသော်လည်း နိုင်ငံတကာတွင် ကျင့်သုံးနေကြသကဲ့သို့ ဝယ်ယူသူတို့ထံသို့ တိုက်ရိုက်ရောင်းချခြင်းဆိုင်ရာ ဥပဒေတစ်ရပ် ခိုင်ခိုင်မာမာ ပေါ်ပေါက်လာခဲ့လျှင် စားသုံးသူပြည်သူများ၏ အခွင့်အရေးများကို ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်နိုင်မည် ဖြစ်ပါသောကြောင့် မြန်မာနိုင်ငံတွင် အဆိုပါဥပဒေမျိုး အမြန်ဆုံးပြဋ္ဌာန်းနိုင်ရန် လိုအပ်နေပြီဖြစ်ပါသည်**

**တိုက်ရိုက်ရောင်းချခြင်းသည် ဒီမိုကရေစီစံနှုန်းနှင့် ကိုက်ညီ ပါသလား**

ဒီမိုကရေစီကျင့်သုံးသော နိုင်ငံတိုင်းလက်ခံကျင့်သုံးသော ကူးသန်းရောင်းဝယ်ရေးစနစ်မှာ တိုင်းသူပြည်သားများ သက်သာချောင်ချိစေရန်အတွက် လွတ်လပ်စွာ အပြိုင်အဆိုင် ဝန်ဆောင်မှုပေးနိုင်သည့် ဈေးကွက်စီးပွားရေးစနစ် ဖြစ်ပါ သည်။

ဈေးကွက်စီးပွားရေးစနစ်တွင် နိုင်ငံအတွင်းရှိ တည်ဆဲ ဥပဒေပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်မှုမရှိဘဲ ညီညွတ်နေလျှင် လူတစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ အဖွဲ့အစည်းအနေဖြင့်ဖြစ်စေ၊ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်နိုင်သောကြောင့် မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် အပြိုင်အဆိုင်တီထွင်ဆန်း သစ်ကြခြင်း၊ စားသုံးသူများအပေါ် အပြိုင်အဆိုင်ဝန်ဆောင် မှုပေးခြင်း၊ အခွင့်အရေး ပေးခြင်း၊ အာမခံချက်ပေးခြင်းတို့အပြင် စားသုံးသူပြည်သူများအနေဖြင့်လည်း များပြားသော ရွေးချယ် စရာများအနက် မိမိတို့နှစ်သက်ယုံကြည်ရာကို လွတ်လပ်စွာ ရွေးချယ်ဝယ်ယူခွင့် ရရှိနိုင်ပါသည်။

ထို့ကြောင့်လည်း ဖွံ့ဖြိုးတိုးတက်လာသော ကမ္ဘာကြီးတွင် အပြိုင်အဆိုင်အသိပညာပေးခြင်း၊ အပြိုင်အဆိုင်ဝန်ဆောင်မှု ပေးခြင်း တို့ကို စားသုံးသူများအပေါ် တိုက်ရိုက်ထိတွေ့ဆက်ဆံ၍ ကုန်ပစ္စည်းရောင်းချသည့် တိုက်ရိုက်ရောင်းချခြင်းစနစ်သည် ဈေးကွက် စီးပွားရေးစနစ်၏ နောက်ဆုံးပေါ် ကုန်ပစ္စည်းရောင်း ချသည့် စနစ်တစ်ရပ်ဟုဆိုလျှင် မှားမည်မထင်ပါ။

ထို့ကြောင့်လည်း တိုက်ရိုက်ရောင်းချခြင်းစနစ်သည် ပြည်သူအများက လွတ်လပ်မှန်ကန်စွာ ရွေးချယ်စားသုံးနိုင် မည့်အခွင့်အရေးကို ဆောင်ကြဉ်းပေးနိုင်သည့် ဒီမိုကရေစီ၏ အနှစ်သာရဟု ဆိုနိုင်မည်ဖြစ်ပါသည်။

**ဘေးထွက်ဆိုးကျိုးများ**

မကောင်းသောစနစ်များပင် ဖြစ်ငြားသော်လည်း တရား မျှတမြင့်မြတ်သောသူများကြောင့် ပြည်သူများ သက်သာရာ ရနိုင်သကဲ့သို့ မည်မျှပင်ကောင်းသော စနစ်ပင်ဖြစ်စေကာမူ တရားမဲ့သောလူယုတ်မာများကြောင့်လည်း ပြည်သူများ နစ်နာ ကြရတတ်ပါသည်။

အများပြည်သူအကျိုးဖြစ်ထွန်းစေနိုင်သည့် တိုက်ရိုက် ရောင်းချသော စနစ်မှာလည်း မိမိတို့ကိုယ်ကျိုးသာ တစ်ဖက် သတ် ကြည့်ရှုလုပ်ကိုင်ကြသည့် မသမာသူတို့ကြောင့် စားသုံး သူပြည်သူများ နစ်နာနိုင်ပါသည်။ ဤသည်မှာ တိုက်ရိုက် ရောင်းချခြင်းစနစ်၏ ဘေးထွက်ဆိုးကျိုးဖြစ်ပါသော်လည်း နိုင်ငံတကာတွင် ကျင့်သုံးနေကြသကဲ့သို့ ဝယ်ယူသူတို့ထံသို့ တိုက်ရိုက်ရောင်းချခြင်းဆိုင်ရာ ဥပဒေတစ်ရပ် ခိုင်ခိုင်မာမာ ပေါ်ပေါက်လာခဲ့လျှင် စားသုံးသူပြည်သူများ၏ အခွင့်အရေးများ ကို ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်နိုင်မည် ဖြစ်ပါသော ကြောင့် မြန်မာနိုင်ငံတွင် အဆိုပါဥပဒေမျိုး အမြန်ဆုံးပြဋ္ဌာန်း နိုင်ရန် လိုအပ်နေပြီဖြစ်ပါသည်။

အဆိုပါ ဝယ်ယူသူတို့ထံသို့ တိုက်ရိုက်ရောင်းချခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင့်ဖြင့်-

၁။ တိုက်ရိုက်ရောင်းချမည့်သူများကို တာဝန်ခံတာဝန်ယူမှုမှ ရှောင်လွှဲ၍မရအောင် အချက်အလက်များ မှတ်ပုံတင်ထား နိုင်မည် ဖြစ်ပါသည်။

၂။ ကုန်ပစ္စည်းများ၏ ကောင်းကျိုး ဆိုးကျိုးများအပေါ် ရိုးသားပွင့်လင်းစွာ ပြောကြားရန် တာဝန်သတ်မှတ်နိုင်မည် ဖြစ်သည်။

၃။ ကြွားဝါပြောဆိုခြင်း၊ လိမ်လည်ပြောဆိုခြင်း၊ မမှန်မကန် ပြောဆိုခြင်း၊ ထိမ်ချန်ပြောဆိုခြင်းများ ဖော်ပြခြင်းများကို အတိအလင်းတားမြစ်၍ ဖောက်ဖျက်သည်နှင့် အရေးယူနိုင် မည့် အပြစ်ဒဏ်များ သတ်မှတ်နိုင်မည် ဖြစ်သည်။

၄။ ဝယ်ယူသူမှ ဝယ်ယူထားသောပစ္စည်းကို သတ်မှတ်ကာလ အတွင်း ငြင်းပယ်ခွင့်နှင့် မူလပစ္စည်းအနေအထားအတိုင်း ပြန်ပေးပါက ငွေပြန်ရခွင့်ရှိနိုင်မည် ဖြစ်ပါသည်။

၅။ တိုက်ရိုက်ရောင်းချသူတို့၏ ပြောဆိုဖော်ပြကြေညာမှုအတိုင်း ကုန်ပစ္စည်း၌ အရည်အသွေးမရှိပါက လျော်ကြေးနစ်နာကြေး ရရှိနိုင်မည်ဖြစ်ပါသည်။

၆။ တိုက်ရိုက်ရောင်းချသော ကုန်ပစ္စည်းတိုင်းသည် စားသုံးသူ ကာကွယ်ရေးအဖွဲ့၏ အန္တရာယ်ကင်းရှင်းကြောင်း အတည်ပြု ထားသော ကုန်ပစ္စည်းများသာဖြစ်နိုင်တော့မည်ဖြစ်ပါသည်။

၇။ တိုက်ရိုက်ရောင်းချသော ကုန်ပစ္စည်းတိုင်းသည် နိုင်ငံ အတွင်း တရားဝင်တင်သွင်းပြီး နိုင်ငံတော်သို့ အခွန်ပေးဆောင် ပြီးသော ပစ္စည်းများသာဖြစ်တော့မည် ဖြစ်ပါသည်။

အမှန်တကယ်သာ ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်မည်ဆိုပါက စားသုံးသူပြည်သူများအတွက် တရားဥပဒေ၏ အကာအကွယ် အပြည့်အဝဖြင့် ရောင်းချသူများ၏အပြိုင်အဆိုင် ပေးလာကြ မည့်ဝန်ဆောင်မှုများ၊ သက်သာချောင်ချိမှုများကို ခံစားခွင့် ရရှိနိုင်ကြမည်ဖြစ်ပါသည်။

**နိဂုံး**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၃၅ ပါအတိုင်း နိုင်ငံတော်၏ စီးပွားရေးစနစ်ဖြစ်သည့် ဈေးကွက်စီးပွားရေး စနစ်ကို ပိုမိုပြည့်စုံခိုင်မာစွာ နိုင်ငံတကာစံနှုန်းများအတိုင်း ကျင့်သုံးနိုင်စေရန်အတွက်ဆိုလျှင် ဝယ်ယူသူပြည်သူပြည်သား များ၏ အကျိုးစီးပွားကို ထိရောက်စွာ အကာအကွယ်ပေးနိုင်ပြီး အသိပညာပေး၍ ကုန်ရောင်းကုန်ဝယ်ပြုသည့် တိုက်ရိုက် ရောင်းချခြင်းစနစ်တစ်ရပ် ပီပီပြင်ပြင် ပေါ်ပေါက်လာစေရန် အလို့ငှာ ဥပဒေတစ်ရပ် အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းရန် လိုအပ်ချက် ရှိနေပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# စဉ့်ကိုင်မြို့နယ်အတွင်း ကျေးရွာငါးရွာဆက် ကျောက်ချောလမ်းဖွင့်

**မန္တလေး မေ ၂၆**

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (၂၁)ရာစု ပင်လုံလုပ်ငန်းများကို ကြိုဆို ထောက်ခံသောအားဖြင့် စဉ့်ကိုင်မြို့နယ် ဖလံဗိုလ်-ဟင်းငူ-ရသာ-အုံးတုံ-ကြက်လျှာ ကျေးရွာများအား ဆက်သွယ်သွားလာ နိုင်သည့် ကျေးရွာချင်းဆက် ကျောက်ချော လမ်းသစ်ဖွင့်လှစ်ခြင်း အခမ်းအနားကို မေ ၂၅ ရက်က အဆိုပါလမ်းအနီး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် တက်ရောက်၍ အမှာစကားပြောကြား သည်။

ဆက်လက်၍ မြို့နယ်ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မာစန်းက ကျောက်ချော လမ်းဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက် ခဲ့သည့် လုပ်ငန်းအခြေအနေများကို ပြောကြားပြီး တိုင်းဒေသကြီး ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဟန်က ကျောက်ချောလမ်းပြီးစီးမှု မှတ်တမ်းအား ဒေသခံ ကိုယ်စားလှယ်တစ်ဦးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ကျောက်ချောလမ်းအား တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာ စိုးသန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ကြည်မို့မို့လွင်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးအောင် နိုင်လင်းနှင့် ဦးလှိုင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးကြပြီး လမ်းသစ်မှုခ်ဦးကို ဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌ တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး သည်။

အဆိုပါလမ်းသည် စဉ့်ကိုင်မြို့နယ် နှင့် ကျောက်ဆည်မြို့နယ်ကို ဆက်သွယ် သောလမ်းဖြစ်ပြီး လမ်းအရှည်လေးမိုင် ရှိကာ ကျေးရွာပေါင်း ၁၈ ရွာမှ ဒေသခံ များ ဖြတ်သန်းအသုံးပြုနေရသော လမ်း ဖြစ်ကြောင်း၊ ယခင်က ပွင့်လင်းရာသီများ တွင်သာ ယာဉ်ယဉ်များသွားလာနိုင်သော မြေသားလမ်းဖြစ်ကာ မိုးတွင်းကာလတွင် ခက်ခဲကြောင်း သိရသည်။

“အရင်က ဒီလမ်းမကြီးဟာ မိုးအခါ မှာ သွားလာရေးခက်ခဲတာကြောင့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအခက် အခဲတွေ ကြုံရပါတယ်။ ကျန်းမာရေး အခက်အခဲရှိလာပြီဆိုရင် လူနာကို လှည်း နဲ့ ပို့ဆောင်ရတဲ့အတွက် အချိန်ကြာပါ တယ်။ အခု ကျောက်ချောလမ်းကို ဆောင်ရွက်ပေးလို့ ရာသီမရွေးသွားနိုင် ပါပြီ။ ဒေသခံတွေ စိုးရိမ်ကြောင့်ကြစရာ မလိုဘဲ ပညာရေး၊ စီးပွားရေး၊ လူမှုရေး လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက် နိုင်ပါပြီ”ဟု ဒေသခံဦးတင်မျိုးနိုင်က ပြောသည်။

လမ်းအရှည် လေးမိုင်အနက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု လွှတ်တော်ရန်ပုံငွေဖြင့် ရသာကျေးရွာနှင့် အုံးတုံကျေးရွာကြား လမ်းအရှည် တစ်မိုင်အား ဂဝံကျောက်လမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပြီး ကျေးလက်ဦးစီး ဌာန၏ မွမ်းမံရန်ပုံငွေဖြင့် ဖလံဗိုလ် ကျေးရွာနှင့် ရသာကျေးရွာကြား ၁/၅ မိုင်၊ အုံးတုံကျေးရွာနှင့် ကြက်လျှာ ကျေးရွာကြား ၁/၃ မိုင် စုစုပေါင်း လမ်းအရှည် သုံးမိုင်၊ အကျယ် ၁၂ ပေအား ငွေကျပ် ၁၃၀ ဒသမ ၀၇၆ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။

**တင်မောင်-မန်းကိုယ်ပွား**



# သက်ငယ်မုဒိမ်းမှု လျော့နည်းကင်းစင်ရေးအတွက် အသိပညာပေး

**ရန်ကုန် မေ ၂၆**

သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ရန်ကုန် အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ပုဇွန်တောင်ဈေး (B)ရှေ့ အပေါ်ထပ်၊ စည်ပင်ဝန် ထမ်းသင်တန်းခန်းမဆောင်၌ မေ ၂၂ ရက်က ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်လတ်က အသိပညာပေး ဟောပြောခဲ့ ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ပြီး အသိ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**ကျော်စိုးမိုး**

# အင်းတော်မြို့နယ် မဲဇာချောင်းကူးတံတားဖွင့်မည်

**အင်းတော် မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် တည်ဆောက်လျက်ရှိ သော မဲဇာချောင်းကူးတံတားကြီးသည် လုံးဝပြီးစီးသွားသဖြင့် မေ ၃၀ ရက်နေ့တွင် ဖွင့်ပွဲပြုလုပ်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားသည် အရှည်ပေ ၇၀၀၊ အကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက် လျှင် ၃ ပေတည်ရှိနေပြီး အင်းတော်နှင့် ဝန်းသိုမြို့နယ် သွားကားလမ်းမိုင်တိုင် အမှတ် (၃၄/၃ နှင့် ၄ )ကြားတွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က စတင်တည်ဆောက်ခဲ့ပြီး သံကူကွန်ကရစ်တံတားကြီးဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားကြီးပြီးစီးသွားပါက ရွှေဘို - မြစ်ကြီးနားသွား ခရီးသည်များသည် မြစ်ကြီးနား၊ အင်းတော်၊ ဝန်းသို၊ ကောလင်း၊ ရွှေဘို၊ မန္တလေးခရီးစဉ်များကို အချိန်တို အတွင်းသွားလာနိုင်မည်ဖြစ်ပြီး ဒေသထွက်ကုန်စည်စီးဆင်းမှုလျင်မြန်ပြီး လူမှုစီးပွား အတွက် အထောက်အကူဖြစ်စေမည်ဟု သိရဖြစ်သည်။

“ဒီတံတားကြီးအချိန်မီပြီးစီးနိုင်ရေးအတွက် ကျွန်တော်တို့လမ်းတံတားအဖွဲ့ဝင် တွေဟာ နေ့ညမနားကြိုးစားပြီးလုပ်ဆောင်ခဲ့ကြပါတယ်”ဟု တံတားအင်ဂျင်နီယာ ဦးအောင်ကြည်ထွန်းက ပြောပြသည်။

**လူအောင်(ကသာ)**

# ပြည်ပနိုင်ငံများ၏ ကုန်သွယ်မှုဆိုင်ရာ ဈေးကွက်သတင်းအချက်အလက်များရရှိနိုင်ရေးဆောင်ရွက်လျက်ရှိ

# မြန်မာနိုင်ငံ၏အခြေခံပညာသင်ကာလသည် အာဆီယံနိုင်ငံများ၏ အခြေခံပညာသင်ကာလနှင့်ကိုက်ညီမှုရှိ

နေပြည်တော် မေ ၂၄

**နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**သတင်းစာရှင်းလင်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်၊ ဒေါက်တာ သန်းမြင့်၊ ဒေါက်တာ မျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ဦးဝင်းမော်ထွန်း၊ ပြန်ကြားရေးဝန်ကြီး ဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ တက်ရောက်ကြသည်။**


ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်


ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး


ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က ကမ္ဘာ့ဆန်ဈေးကွက်ရရှိရေးအတွက် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် ကမ္ဘာ့ဆန်စပါးညီလာခံသို့တက်ရောက်ခဲ့ပြီး ထိုညီလာခံမှတစ်ဆင့် အာဖရိကဆန်ဈေးကွက်အပါအဝင် ကမ္ဘာ့ဆန်ဈေးကွက်သို့ ပြန်လည်ချိတ်ဆက်နိုင်ခဲ့ရာ အာဖရိကနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၅၃ နိုင်ငံအထိ ဈေးကွက်များရရှိခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာ - တရုတ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေးများ၊ မြန်မာ- ထိုင်း၊ မြန်မာ-အိန္ဒိယ၊ မြန်မာ- ဘင်္ဂလားဒေ့ရှ် ပူးတွဲကော်မတီအစည်းအဝေးများတွင်လည်း ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတကာနှင့် ဈေးကွက်ချိတ်ဆက်နိုင်ရေးအတွက် အမေရိကန်၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်၊ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ စင်ကာပူ၊ ဟောင်ကောင်နှင့် ထိုင်းနိုင်ငံတို့ရှိ မြန်မာနိုင်ငံသံရုံးများတွင် စီးပွားရေးသံမှူးများကိုထားရှိပြီး ပြည်ပနိုင်ငံများ၏ ကုန်သွယ်မှုဆိုင်ရာ ဈေးကွက်သတင်းအချက်အလက်များ ရရှိနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

## ညှိနှိုင်းဆောင်ရွက်ပေး

မြန်မာပြည်၏ လယ်ယာထွက်ကုန်များကို အီးယူ ၂၈ နိုင်ငံအပါအဝင် ဩစတြေးလျ၊ ဘီလာရု၊ ရုရှား၊ ကနေဒါ၊ ဆွစ်ဇာလန်၊ အိုက်စ်လန်၊ တူရကီ၊ ဂျပန်၊ အမေရိကန်နိုင်ငံတို့မှ ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး GSP ရရှိပြီဖြစ်သည့်အတွက် ထိုနိုင်ငံများသို့ကုန်ပစ္စည်းများ တိုးတက်တင်ပို့နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပို့ကုန်အပိုင်းတွင် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ပို့ကုန်ဈေးကွက်များ ချိတ်ဆက်ရှာဖွေနိုင်မှုများကြောင့် ယခုဘဏ္ဍာနှစ် နှစ်ကုန်ကာလအထိ ပို့ကုန်တင်ပို့မှုအပိုင်းကို သုံးသပ်ကြည့်လျှင် နိုင်ငံပိုင်ကဏ္ဍမှ သဘာဝဓာတ်ငွေ့တင်ပို့မှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံခန့်နှင့် ကျောက်စိမ်းနှင့် သတ္တုတင်ပို့မှု အမေရိကန် ဒေါ်လာသန်း ၂၀၀ လျော့ကျသွားသော်လည်း လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်းနှင့် ရေထွက်ပစ္စည်းတင်ပို့မှု စသည့်ကဏ္ဍများတွင် တိုးတက်လာသည့်အတွက် ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာ သန်း ၄၈၀ ခန့် ပိုမိုရရှိခဲ့ပါကြောင်း။

ယခုဘဏ္ဍာနှစ်တွင် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၉၃၁ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ ၃၁၅ သန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါကြောင်း၊ အထူးသဖြင့် ဆန်တန်ချိန် ၂ ဒသမ ၅ သိန်း၊ ပဲမျိုးစုံ တန်ချိန် ၁ ဒသမ ၈ သိန်း၊ ပြောင်းတန်ချိန် တစ်သိန်း၊ မြေပဲတန်ချိန် ငါးသောင်းကျော်၊ ဖရဲသီးတန်ချိန် ၁ ဒသမ ၃ သိန်းခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါကြောင်း၊ ဆန်ပြည်ပတင်ပို့မှုတွင် ပင်လယ်ရေကြောင်းမှ ယခင်ဘဏ္ဍာနှစ်ထက် တန်ချိန် ၃ ဒသမ ၈ သိန်းခန့် ပိုမိုတင်ပို့နိုင်ခဲ့သလို Re-export စနစ်ဖြင့် သကြားတင်ပို့မှုတွင် တန်ချိန် ၁ ဒသမ ၇ သန်းအထိ တင်ပို့နိုင်ခဲ့ပါကြောင်း။

## ဈေးကွက်ချဲ့ထွင်တင်ပို့

နှမ်းမျိုးစုံတွင် ယခင်က တရုတ်နိုင်ငံကိုသာ အားထားတင်ပို့နေရာမှ ယခု ဘဏ္ဍာနှစ်အတွင်း တရုတ်နိုင်ငံအပြင် ကိုရီးယား၊ စင်ကာပူ၊ ဂျပန်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံသို့ ဈေးကွက်ချဲ့ထွင်နိုင်ခဲ့ပါကြောင်း၊ ပြောင်းတင်ပို့မှုတွင် ယခင်က နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံဈေးကွက်တစ်ခုတည်းကိုသာ တင်ပို့နေရာမှ ယခုဘဏ္ဍာနှစ်တွင် ပင်လယ်ရေကြောင်းမှ မလေးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဟောင်ကောင်၊ စင်ကာပူနှင့် အိန္ဒိယနိုင်ငံတို့သို့ တန်ချိန်ရှစ်သောင်းခန့် ဈေးကွက်ချဲ့ထွင်တင်ပို့နိုင်ခဲ့ပါကြောင်း။

ပို့ကုန်ဈေးကွက် ကျယ်ပြန့်လာသော်လည်း လက်ရှိအခြေအနေတွင် အဓိကအားဖြင့် အိမ်နီးချင်းနိုင်ငံများ၏ ဈေးကွက်ကိုသာ ကျဉ်းမြောင်းစွာမှီခိုနေရပြီး ထိုဈေးကွက်၏ လိုအပ်ချက်အရသာ တင်ပို့နေရပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် တရားမဝင်ကုန်သွယ်မှုများ ရှိနေခြင်းများကြောင့် ပို့ကုန်ဝင်ငွေလျော့နည်းခြင်း၊ အခွန်ဘဏ္ဍာဆုံးရှုံးခြင်း၊ သဘာဝသယံဇာတပြုန်းတီးမှုဖြစ်စေခြင်း၊ စားသုံးကုန်ပစ္စည်းများ တရားမဝင်တင်သွင်းနေသဖြင့် အလားတူထုတ်လုပ်သည့် ပြည်တွင်းအသေးစားအလတ်စား စက်မှုလုပ်ငန်းများကို ကြီးမားစွာထိခိုက်စေခြင်းနှင့် စားသုံးသူများအတွက် ကျန်းမာရေးအန္တရာယ် ဖြစ်ပေါ်နေမှုများကိုလည်း တွေ့ရှိရပါကြောင်း။

မိမိတို့ ဝန်ကြီးဌာနသည် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ်အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းအပြင် နယ်စပ်ဒေသများတွင် စီးပွားရေးဇုန်များ တည်ထောင်နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့တို့တွင်လည်း တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ လွယ်ကူချောမွေ့စေမှု အဆင့်သတ်မှတ်ချက် Ease of Doing Business အဆင့် တိုးတက်ရေးကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

## ကိုက်ညီမှုရှိ

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက အမျိုးသားပညာရေးဥပဒေ၏ အကျိုးရလဒ်တစ်ခုအနေဖြင့် ယခုအခါ မြန်မာနိုင်ငံ၏ အခြေခံပညာသင်ကာလသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အခြေခံပညာသင်ကာလနှင့် အပြည့်အဝ ကိုက်ညီမှုရှိနေပါကြောင်း။

အစိုးရ၏ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု ဦးစားပေးလုပ်ငန်းများအနေဖြင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နိုင်ငံသားတိုင်း အနည်းဆုံး မူလတန်းပညာ သင်ယူပြီးမြောက်ပြီး အလယ်တန်းပညာနှင့် အထက်တန်းပညာကို အဆင့်ဆင့်တိုးမြှင့်သင်ယူခွင့်များရရှိရန် ဆောင်ရွက်မည်ဖြစ်ရာ မူလတန်းအရွယ်ကလေးတိုင်း မူလတန်းပညာရေးကို ပြီးမြောက်အောင်မြင်ခြင်းနှင့် မူလတန်းပညာသင်ယူရန် အခက်အခဲရှိနေသည့်ကာယ၊ ဉာဏစွမ်းရည်အားနည်းသော ကလေးများ၊ ဆင်းရဲနွမ်းပါးသည့်ကလေးများ၊ ဝေးလံခေါင်ဖျားဒေသရှိ ကလေးများစသည့် ကလေးများအတွက် အလေးထားဆောင်ရွက်သည့် ပညာရေးအစီအစဉ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း။

ကွဲပြားခြားနားသည့် ဘာသာစကားပြောသော မူလတန်း တိုင်းရင်းသားကလေးများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တိုင်းရင်းသား ဘာသာစကား သင်ရိုးညွှန်းတမ်းပြုစုရေးဆွဲခြင်းနှင့် သင်ကြားပေးခြင်းအပါအဝင် တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကို ပံ့ပိုးပေးရန်နှင့် မြှင့်တင်ပေးရန် ဆောင်ရွက်ခြင်း။

သင့်လျော်သော ဆရာ၊ ကျောင်းသား အချိုးရရှိရန် ဆောင်ရွက်ပေးခြင်း၊ ကျောင်းအသီးသီးမှ ဆရာများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားပို့ချမှုစွမ်းရည်များ မြင့်မားလာစေရန် ဆောင်ရွက်ပေးခြင်း၊ အခြေခံပညာရေးကို လူတိုင်းပိုမိုလက်လှမ်းမီနိုင်ရန်အတွက် ဖွံ့ဖြိုးမှုအားနည်းသော ဒေသများရှိ ကျောင်းများ၊ အထူးသဖြင့် ကျောင်းအသုံးအဆောင်ပစ္စည်းများ လုံလောက်မှုမရှိသော အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများ၏ လိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်း ဆောင်ရွက်ပေးခြင်း။

## ဦးတည်ဖော်ဆောင်ပေး

ပညာအရည်အချင်းနည်းပါးသူများ၏ နေထိုင်မှုဘဝအရည်အသွေးတိုးတက်ကောင်းမွန်စေရန် အခြေခံပညာအလယ်တန်း၊ အထက်တန်းတန်းညှိအစီအစဉ်များနှင့် သက်မွေးမှုအစီအစဉ်များဖြင့် ဆက်လက်ပညာဆည်းပူးနိုင်သော အခွင့်အလမ်းများဖော်ဆောင်ပေးခြင်း၊ တက္ကသိုလ်များတွင် ကိုယ်ပိုင်သင်ရိုးညွှန်းတမ်း ရေးဆွဲသင်ကြားခွင့်၊ အုပ်ချုပ်ခွင့်နှင့် သုတေသနလုပ်ငန်းများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်သော ကမ္ဘာ့အဆင့်မီအဆင့်မြင့်ပညာရေးစနစ် ဖြစ်ထွန်းလာစေရန် ဦးတည်ဖော်ဆောင်ပေးခြင်း။

နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးပညာရပ်များကို တက္ကသိုလ်များ၏ ပညာရပ်များနှင့် တန်းတူဖွံ့ဖြိုး တိုးတက်စေရန် ဆောင်ရွက်ပေးခြင်း၊ ကျောင်းသားမိဘများနှင့် ရပ်ရွာအသိုက်အဝန်းကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော ထိရောက်သည့် ပညာရေးဝန်ဆောင်မှုဖြစ်စေရန် ဆောင်ရွက်ပေးခြင်း၊ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်တွင်းပြည်ပမှ ရရှိသည့် ပညာရေးဆိုင်ရာ ဘဏ္ဍာငွေများကို အကျိုးရှိထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ပေးခြင်း၊ တိကျမှန်ကန်သည့် သတင်းအချက်အလက်များကိုအခြေခံ၍ ထိရောက်သော ပညာရေးပြုပြင်ပြောင်းလဲမှုစီမံခန့်ခွဲမှုနှင့် လေ့လာကြီးကြပ်မှုလုပ်ငန်း အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါကြောင်း။

ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းများတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၌ သတ်မှတ်ကျောင်းသားဦးရေ ပြည့်မီသော ကျောင်း ၉၃၇ ကျောင်းနှင့် ကျေးလက်ဒေသသွားလာရေး ခက်ခဲသည့် ကျောင်း ၂၃၇၅ ကျောင်း စုစုပေါင်း ၃၃၁၂ ကျောင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

အခြေခံပညာကဏ္ဍ တိုးတက်လာမှုတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၌ စာသင်ကျောင်း ၅၂၂ ကျောင်း ၊ ဆရာ ၁၈၆၉၇ ဦးနှင့် ကျောင်းသား စုစုပေါင်း ၄၂၂၂၆၇ ဦး တိုးတက်လာပါကြောင်း။

ဆရာ၊ ဆရာမများ သင်ကြားမှုပံ့ပိုးကူညီရေး (Teacher Mentoring) အစီအစဉ်များတွင် ဗဟိုအဆင့် နည်းပြသင်တန်း၊ Teacher Mentor သင်တန်းလုပ်ငန်းဆွေးနွေးပွဲ၊ Teacher Mentoring Cluster Support Program ဆိုင်ရာလုပ်ငန်းဆွေးနွေးပွဲ၊ အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

## သင်ကြားပေးနိုင်ခဲ့

တိုင်းရင်းသားဘာသာစကား ၄၉ မျိုးအား သင်ကြားပေးနေသည့် ကျောင်းပေါင်း ၁၀၂၉၉ ကျောင်းတွင် သင်ကြားပေးနေသည့် ဆရာ၊ ဆရာမ ၂၀၆၇၃ ဦးနှင့် သင်ယူနေသည့် ကျောင်းသား၊ ကျောင်းသူ ၅၅၈၆၄၁ ဦး သင်ကြားပေးနိုင်ခဲ့ပါကြောင်း။

ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် စာတတ်မြောက်ရေးလှုပ်ရှားမှုအနေဖြင့် နေပြည်တော်ကောင်စီနှင့် မြို့နယ် ၃၀ တွင် စာသင်ဝိုင်း ၂၀၈၀ ၊ သင်ယူသူ စုစုပေါင်း ၂၀၅၇၂၇ ဦး၊ ကယားပြည်နယ်တွင် မြို့နယ် ခုနစ်မြို့နယ်၊ စာသင်ဝိုင်း ၄၅၅ ခု၊ သင်တန်းနည်းပြ ၄၅၅ ဦး၊ သင်ယူသူစုစုပေါင်း ၅၃၃၅ ဦးနှင့် တောင်ကြီးမြို့တွင် မြို့နယ် ကိုးမြို့နယ်၊ စာသင်ဝိုင်း ၂၅၉၆ ခု၊ သင်တန်းနည်းပြ ၂၆၈၀၊ သင်ယူသူစုစုပေါင်း ၂၆၇၉၄ ဦး ရှိခဲ့ပါကြောင်း။

## ဖွင့်လှစ်ပေး

ပညာရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ညောင်ရွှေသက်မွေးပညာ သင်တန်းကျောင်း (NVTI ) တွင် ဒေသအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးခြင်းအနေဖြင့် ဟိုတယ်ညှော့ကြိုလုပ်ငန်းဆောင်ရွက်မှုအခြေခံသင်တန်း၊ ဧည့်ဆောင်ထိန်းသိမ်းရေးသင်တန်း၊ အစားအစာနှင့်အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ရေးသင်တန်း၊ လယ်ယာသီးနှံနှင့်ဥယျာဉ်ခြံသီးနှံများအား GAP နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းသင်တန်း၊ ငါးဖိန်းသားဖောက်သင်တန်းနှင့် ငါးဆေးထိုးသားဖောက်သင်တန်း၊ တစ်လုံးထိုးအင်ဂျင်ပြုပြင်သင်တန်း၊ အိမ်တွင်းလျှပ်စစ်သင်တန်းနှင့် အခြေခံကွန်ပျူတာပညာရပ်နှင့် ရုံးသုံး စာစီစာရိုက်သင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

Human Development Report 2016 အရ မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် Low Human Development Index Rank တွင် ရှိနေရာမှ ၂၀၁၆ ခုနှစ်တွင် Medium Human Development Index Rank သို့ တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

***စာမျက်နှာ ၈ သို့***

- **ယခုဘဏ္ဍာနှစ်တွင် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၉၃၁ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ယခင် ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ ၃၁၅ သန်း ကျော် ပိုမိုတင်ပို့နိုင်ခဲ့**
- **ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းများတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၌ သတ်မှတ်ကျောင်းသားဦးရေ ပြည့်မီသော ကျောင်း ၉၃၇ ကျောင်းနှင့် ကျေးလက်ဒေသသွားလာရေး ခက်ခဲသည့် ကျောင်း ၂၃၇၅ ကျောင်း စုစုပေါင်း ၃၃၁၂ ကျောင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့**

# အများနှင့်ဆိုင်သည့်လုပ်ငန်းကဏ္ဍများတွင် ပြန်ကြားရေးဆိုသည့်ကဏ္ဍ လိုအပ်

*စာမျက်နှာ ၇ မှ*




နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပစဉ်

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာနက ဘာတွေဆောင်ရွက်သလဲဆိုလျှင် ဒီကနေ့လုပ်နေသည့်အလုပ်သည် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ပါကြောင်း၊ ယခုလို တွေ့ဆုံပွဲများ ကျင်းပပေးခြင်းသည် မိမိတို့၏ အလုပ်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် တစ်နှစ်တာအတွင်း ဤခန်းမ၌ ပြောရေးဆိုခွင့်ပုဂ္ဂိုလ်များနှင့် မီဒီယာများထိတွေ့ရန်၊ ထိတွေ့သည့်အခါ ပိုပြီး ရင်းရင်းနှီးနှီး ဖြစ်စေရန် တွေ့ဆုံပွဲများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

**အခြေကျနေပြီ**

စတုတ္ထမဏ္ဍိုင်နှင့် မဏ္ဍိုင်သုံးရပ် ထိတွေ့သည့်ယဉ်ကျေးမှု ခလေ့ထွန်းကားရန် မိမိတို့ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ယခုတစ်နှစ်တာပြီးမြောက်လာသည့်အချိန်တွင် ဤဓလေ့သည် မိမိတို့ တော်တော်လေး အခြေကျနေပြီလို့ မြင်ပါကြောင်း။

တစ်ဖက်တွင် တာဝန်ရှိပုဂ္ဂိုလ်များက မီဒီယာများ၏ မေးမြန်းချက်ကို ဖြေကြားသလို မီဒီယာများမှတစ်ဆင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များ အများပြည်သူသိရှိအောင် ဖြန့်ချိသည့်အလုပ်ကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်ကြပါဟု အကြံပေးခဲ့ပါကြောင်း၊ ထိုကဲ့သို့ နှစ်ဖက်ကို အကြံပေးသည့် ရည်ရွယ်ချက်မှာ မိမိတို့တိုင်းပြည်တွင် အများပြည်သူ သတင်းအချက်အလက် ပြည့်ဝစွာသိရှိရန်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ မီဒီယာများနှင့် မဏ္ဍိုင်များအကြား ရင်းနှီးမှု၊ ဆက်ဆံရေးချောမွေ့ပြေပြစ်ရန်နှင့် ဆက်ဆံရေးတိုးတက်ရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ ယင်းမှာမိမိတို့ မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါကြောင်း။

ပြန်ကြားရေးက ဘာလုပ်သလဲဆိုသည်နှင့်ပတ်သက်ပြီး ပြည့်ပြည့်ဝဝ နားမလည်နိုင်သေးသည့်အကြောင်းများ ရှိနေသည်ကို သိရပါကြောင်း၊ ပြန်ကြားရေးဟု ပြောလိုက်လျှင် အများက ရုပ်မြင်သံကြား၊ သတင်းစာတို့ကို မြင်လေ့ရှိပါကြောင်း၊ ပြန်ကြားရေးဆိုသည့်ဌာန၏ သဘောသဘာဝနှင့် ဘယ်လိုလုပ်ငန်းတာဝန်တွေရှိသလဲဟု ပြောရမည်ဆိုလျှင် ပြန်ကြားရေးဆိုတာ မေးတာဖြေရုံလောက်နှင့် ပြီးသလားဆိုလျှင် မဟုတ်ပါကြောင်း၊ မေးတာတွေကိုဖြေသလို အများသိသင့်သည်ကိုသိရန်အတွက် ထုတ်ပြန်ရခြင်းများရှိပါကြောင်း၊ အစီရင်ခံသည်ဟုလည်း ပြော၍ရပါကြောင်း၊ အစိုးရပြန်ကြားရေးဝန်ကြီးဌာနသည် ဘာကိုအစီရင်ခံရသလဲ ဆိုလျှင် မိမိတို့သည် အများပြည်သူက ရွေးကောက်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များက ဖွဲ့စည်းခန့်အပ်ထားသည့် အစိုးရဖြစ်သည့်အတွက် မိမိတို့တိုင်းပြည်အတွက်၊ အများပြည်သူအတွက် ဘာတွေ ဆောင်ရွက်သလဲဆိုသည်ကို ပြန်လည်အစီရင်ခံရန်လိုပါကြောင်း၊ ထို့ကြောင့် ပြန်ကြားရေးအဓိပ္ပာယ်ထဲကို အစီရင်ခံသည်ဆိုတာကို ထည့်သွင်းထားခြင်း ဖြစ်ပါကြောင်း။

အများနှင့်ဆိုင်သည့်လုပ်ငန်းကဏ္ဍများတွင် ပြန်ကြားရေးဆိုသည့်ကဏ္ဍ လိုအပ်ပါကြောင်း၊ အစိုးရတစ်ရပ်ကဲ့သို့ အဖွဲ့အစည်းကြီး တစ်တိုင်းပြည်လုံး အတိုင်းအတာနှင့် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ နိုင်ငံတကာစသည်ဖြင့် ကဏ္ဍပေါင်းများစွာကို ဆောင်ရွက်နေသည့် အဖွဲ့အစည်းကြီးတစ်ရပ်တွင် ပြန်ကြားရေးဆိုသည့်ဌာနကို ဝန်ကြီးဌာနအဆင့်ထိ ဖွဲ့စည်းပြီး ဆောင်ရွက်ရန်လိုအပ်သည်ဟု ပြောလိုပါကြောင်း။

**လွတ်လပ်ရေးမရမီကတည်းက**

နိုင်ငံတကာရှိ ပြန်ကြားရေးဆိုင်ရာဝန်ကြီးဌာနများကို လက်လှမ်းမီသလောက် ဖော်ပြရလျှင် Information ဆိုသည့် နာမည်သုံးစွဲပြီးဖွဲ့စည်းထားသည့် ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ကမ္ဘောဒီးယား၊ အီဂျစ်၊ အစ္စရေး၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ် စသည်ဖြင့်ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံတွင် Ministry of Information and Broadcasting ဟု သုံးပါကြောင်း၊ တချို့က Communication ဆိုပြီး သုံးပါကြောင်း၊ မြန်မာနိုင်ငံတွင် ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာပြည်လွတ်လပ်ရေးမရမီကတည်းက ရှိခဲ့ပါကြောင်း။

လက်ရှိတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနတို့ ရှိပါကြောင်း။

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသည် အစောဆုံးဌာနဖြစ်သည်ဟုပြော၍ရပါကြောင်း၊ ဗြိတိသျှအစိုးရလက်ထက်ကတည်းက ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ယခုလုပ်ဆောင်နေသည့် အလုပ်များကို အဲ့ဒီအချိန်ကာလလောက်ကတည်းက လုပ်ခဲ့ပါကြောင်း၊ ဗြိတိသျှလက်ထက်တွင် အင်္ဂလိပ်အစိုးရ၏ ပြန်တမ်းများ၊ စာများ ရိုက်နှိပ်ခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်ရှိ ဗဟိုပုံနှိပ်တိုက် ဆိုလျှင် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိနေပြီ ဖြစ်ပါကြောင်း။

**ထွက်ပေါ်ရေး ဆောင်ရွက်ခဲ့**

Ministry of Information ဟု ခေါ်သည့်အတိုင်း အဓိက ထင်သာမြင်သာသည့် လုပ်ငန်းတာဝန်ကို ပြောရမည်ဆိုလျှင် Information ၊ သတင်းအချက်အလက်ပေးခြင်း ဖြစ်ပါကြောင်း၊ တစ်နည်းပြောရလျှင် အများပြည်သူအပေါ် အစီရင်ခံတင်ပြသည့် အလုပ်ဖြစ်ပါကြောင်း၊ ထိုအလုပ်ကို ရေဒီယိုနှင့် ရုပ်မြင်သံကြား၊ သတင်းစာများက လုပ်နေပါကြောင်း။

အများပြည်သူတွေအသိပညာတိုးပွားရေးနှင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်တဲ့ဌာနမှာ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ဖြစ်ပါကြောင်း၊ တစ်ချိန်က မြန်မာနိုင်ငံတွင် အင်မတန်ထင်ရှားပြီး လူအများတန်ဖိုးထားလေးစားသည့် ဌာနကြီးတစ်ခုရှိပါကြောင်း၊ ယင်းမှာ စာပေဗိမာန်ဖြစ်ပါကြောင်း၊ ထိုဌာနမှ မြန်မာ့စွယ်စုံကျမ်း ထွက်ပေါ်ရေးအတွက် ဆောင်ရွက်ခဲ့ပါကြောင်း။

မိမိတို့အနေဖြင့် စာပေဗိမာန်၏ လုပ်ငန်းကဏ္ဍကိုလည်း တိုးတက်အောင် ဆောင်ရွက်နေပါကြောင်း၊ ယင်းတို့အနက် မြန်မာ့စွယ်စုံကျမ်းကို ပြန်ပြီးခေတ်မီ တိုးတက်သည့် စွယ်စုံကျမ်း ဖြစ်အောင် လုပ်နေခြင်းဖြစ်ပါကြောင်း။

**ကဏ္ဍတစ်ရပ်ဖြစ်**

တစ်နှစ်တာအတွင်း နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ပြုလုပ်ခဲ့ပါကြောင်း၊ ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေ၊ စာတမ်းဖတ်ပွဲကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မကြာမီ ဘာသာပြန်စာပေဆိုင်ရာစာတမ်းဖတ်ပွဲကို ကျင်းပရန် ရှိပါကြောင်း၊ စာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်များသည် ပြန်ကြားရေး၏ လုပ်ငန်းတစ်ရပ်ဖြစ်သည့်အများပြည်သူ အသိပညာဖွံ့ဖြိုးတိုးတက်ရန်နှင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သည့် ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ကလေးစာပေပွဲတော်များကို ကျင်းပခဲ့ပါကြောင်း၊ ကလေးစာပေပွဲတော်များကို ကျင်းပသည့်အခါ ပွဲတော်တိုင်းသည် အလွန်စည်ကားခဲ့ပါကြောင်း၊ အောင်မြင်သည်ဟု ပြောနိုင်ပါကြောင်း၊ ရန်ကုန်မြို့သိမ်ဖြူလမ်း၌ စာအုပ်လမ်းကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

**တိုက်ရိုက်ဖြန့်ဖြူးပေးလျက်ရှိ**

စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က ဆေးဝါးနှင့် ဆေးဝါးကုန်ကြမ်းများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ စံသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်အပူချိန်၊ စိုထိုင်းဆများအတိုင်းထိန်းညှိ၍ Good Storage Practice (GSP) ဖြင့် ထိန်းသိမ်းပါကြောင်း၊ ဆေးဝါးများထုတ်လုပ်ရာတွင် Good Manufacturing Practice (GMP) စနစ်နှင့်အညီ ထုတ်လုပ်၍ အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို တိတိကျကျ ချမှတ်ဆောင်ရွက်၍ ကျန်းမာရေးဝန်ကြီးဌာန အပါအဝင် အခြားသောဝန်ကြီးဌာနများ၏ လိုအပ်ချက်နှင့်အညီ ဆေးရုံများသို့ တိုက်ရိုက်ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

ဈေးကွက်အတွင်းရောက်ရှိနေသော ပြည်သူလူထုအတွက် အန္တရာယ်ရှိသည့် BPI အမှတ်တံဆိပ် ဆေးဝါးအတုများ၊ သက်တမ်းလွန်ဆေးဝါးများကို ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်းက ရှာဖွေ၊ စစ်ဆေး၊ အရေးယူမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော BPI အမှတ်တံဆိပ်ဆေးဝါးများကို အတုအပပြုလုပ်ခြင်းမှကာကွယ်နိုင်ရေးနှင့် ထုပ်ပိုးအရည်အသွေး ပိုမိုကောင်းမွန်စေရေးအတွက် ဆေးပြား ၆၉ မျိုး၊ ဆေးမှုန့်တစ်မျိုးနှင့် ထိုးဆေး ၆၄ မျိုးတို့ကို ထုပ်ပိုးမှု ပုံစံအသစ်ဖြင့် ပြောင်းလဲထုတ်လုပ်ခဲ့ပါကြောင်း။

**မြွေဆိပ်ဖြေဆေး တိုးမြှင့်ထုတ်လုပ်**

ကင်ဆာဝေဒနာရှင်များအတွက် နာကျင်ကိုက်ခဲမှုသက်သာစေသော Morphine Sulfate Syrup နှင့် Morphine Sulfate Tablet တို့ကိုလည်း Stability Test စမ်းသပ်နေပြီး HIV နှင့် Hepatitis 'B' ရောဂါဝေဒနာရှင်များအတွက် ကုသဆေးဖြစ်သည့် Tenofovir (300mg)ဆေးအသစ်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြွေဆိပ်ဖြေဆေး တိုးမြှင့်ထုတ်လုပ်ရေးအဆောက်အအုံကို ၂၀၁၆ ခုနှစ် မေလ ၂၀ ရက်နေ့တွင် ဆေးဝါးစက်ရုံ (အင်းစိန်)တွင် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

**ဈေးကွက်တွင် ရောင်းချနိုင်ခဲ့**

ဆေးရုံသုံး ခုတင်၊ ပရိဘောဂနှင့် ခွဲစိတ်ခန်းသုံးပစ္စည်းများကို Medical Gradeနှင့်အညီ စတီးလ်ပစ္စည်းများဖြင့် ထုတ်လုပ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ဖြန့်ဖြူးပေးလျက်ရှိပြီး Locker တွဲဆက်ထားသည့် ဆေးရုံသုံးခုတင်နှင့် Medicine Cupboardတို့ကို စမ်းသပ်ထုတ်လုပ်လျက်ရှိပါကြောင်း၊ လယ်ယာသုံးစက်နှင့် စက်ကိရိယာပစ္စည်းများကို တောင်သူများ၏ လိုအပ်ချက်နှင့်အညီ တီထွင်ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ဇွဲ လယ်ထွန်စက်များ၏ Hydraulic System နှင့် Clutch ပိုင်းဆိုင်ရာများပြုပြင်ပြောင်းလဲခြင်း၊ ရော(၁) လက်တွန်းထွန်စက်၊ စပါးခြွေလှေ့စက်နှင့် ဆန်စက်ငယ်များအား စွမ်းဆောင်မှုပိုမိုရရှိစေရန် တီထွင်မှုများပြုလုပ်ပြီး ဈေးကွက်တွင် ရောင်းချနိုင်ခဲ့ပါကြောင်း။

နိုင်ငံပိုင်စက်ရုံများအား ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ နည်းပညာနှင့်အရင်းအနှီးများ ထပ်မံထည့်ဝင်စေပြီး ပုဂ္ဂလိက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်မှုဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင် စက်ရုံပေါင်း ၁၁၈ ရုံရှိသည့်အနက် စက်ရုံ ၅၉ ရုံအား ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

SMEများအား ငွေကြေးအရင်းအနှီးရရှိစေရန် ပံ့ပိုးပေးနိုင်ရေးအတွက် နိုင်ငံတော်၏ ချေးငွေဖြင့် လုပ်ငန်းရှင် ၄၅၆ ဦးနှင့် ဂျပန်နိုင်ငံ၏ Two Step Loan ချေးငွေဖြင့် လုပ်ငန်းရှင် ၁၈၉ ဦးတို့အား ချေးငွေထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း၊ ဗဟိုဘဏ်ဥပဒေအရ ချေးငွေကာလမှာ တစ်နှစ်ဖြစ်သော်လည်း နိုင်ငံတော်အထူးချေးငွေ၊ ဂျပန်နိုင်ငံ၏ Two Step Loan ချေးငွေတို့ဖြင့် ငါးနှစ်ကာလအထိ ထုတ်ချေးပေးနိုင်ခဲ့ပြီး လုပ်ငန်းရှင်များ၏ ရင်းနှီးလည်ပတ်မှု အားကောင်းလာစေရန် ပံ့ပိုးပေးနိုင်ခဲ့ပါကြောင်း။

**ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်**

လုပ်ငန်းရှင် ၆၄၈ ဦးကို ချေးငွေရရှိရေးအတွက် ထောက်ခံချက်ပေးပြီးဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် CB ဘဏ်တစ်ခုတည်းသာ CGI စနစ်ကို စတင်ကျင့်သုံးခဲ့သော်လည်း KBZ Bank နှင့် SMIDB ဘဏ်တို့မှ CGIစနစ်အား ကျင့်သုံးလိုသဖြင့် တွေ့ဆုံညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ထိုင်းနိုင်ငံ KASIKORN BANK မှလည်း မြန်မာနိုင်ငံ၏ SMEလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းထောက်များ၏ မေးမြန်းချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြေကြားကြသည်။

**ကျောက်ဖြူ - ထားဝယ်စီးပွားရေးဇုန် နောက်ဆုံး အခြေအနေနှင့် သက်တမ်းကာလ လေးရက်အတွင်း နယ်စပ်ဂိတ်များ ပိတ်ထားခဲ့မှုနှင့် စပ်လျဉ်းသည့် မေးခွန်းများနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် တာဝန်ရှိသူများက ဖြေကြားရာတွင် ကျောက်ဖြူစီမံကိန်းကို တရုတ်နိုင်ငံဘက်မှ ကုမ္ပဏီတစ်ခုက တင်ဒါအောင်မြင်ထားပြီးဖြစ်သည့်အတွက် EIA, SIA ကိစ္စများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မကြာမီရက်ပိုင်းအတွင်းမှာလည်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်ပြီး ကျောက်ဖြူနှင့် စစ်တွေဒေသများသို့ သွားရောက်ရန်ရှိပါကြောင်း၊ နှစ်ဖက်သဘောတူညီချက်အတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သင်္ကြန်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများကို ပိတ်ရက်မရှိ ဆောင်ရွက်နေပါကြောင်း၊ ထားဝယ်စီးပွားရေးဇုန်နှင့် စပ်လျဉ်းပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ထုတ်ပြန်သွားမည်**

ကုန်ဈေးနှုန်းမြင့်တက်နေမှုအတွက် ထိန်းချုပ်နေမှုနှင့် နယ်လိုင်စင်မော်တော်ယာဉ်များ မူဝါဒပြောင်းလဲရန် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် တာဝန်ရှိသူများက ကုန်သွယ်မှုမြှင့်တင်ရေး လျင်မြန်ချောမွေ့စေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေရေးအတွက် UMFCCI အပါအဝင် ညီနောင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကုန်စည်များ တင်ပို့ခြင်း၊ တင်သွင်းခြင်း မြန်ဆန်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ Consignment နှင့် တင်သွင်းထားသည့်မော်တော်ယာဉ်များအား သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်တင်ပို့ရန် ၅၀၀၀ ကျော်ရှိသော်လည်း လုပ်ငန်းရှင်များနှင့် နိုင်ငံသားများ နစ်နာမှုမရှိစေရန် နည်းလမ်းရှာဖွေဆောင်ရွက်လျက်ရှိပါကြောင်း၊ အတည်ပြုချက်ရရှိပါက ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မြန်မာ-အိန္ဒိယနှစ်နိုင်ငံအစိုးရများအကြား ပဲတင်ပို့ရန် အစီအစဉ် ရှိ၊ မရှိ ၊ အိန္ဒိယနိုင်ငံအနေဖြင့် ပဲတင်သွင်းမှုအတွက် အခွန်တိုးကောက်ရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က အိန္ဒိယနိုင်ငံသို့ အစိုးရများအကြား ပဲတင်ပို့ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အများဆုံး ပဲတင်ပို့နိုင်မှုမှာ ၁ ဒသမ ၈ သန်း ခန့်သာရှိပါကြောင်း၊ အိန္ဒိယသို့ တန်ချိန် ၁ သန်း

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ခန့်သာ တင်ပို့နိုင်ပါကြောင်း၊ တန်ချိန် သိန်းဂဏန်းက စတင်ဆောင်ရွက်ပါက ဖြစ်နိုင်မည်ဟု ညှိနှိုင်းထားပါကြောင်း၊ လက်မှတ်ထိုးမည့် MoU မူကြမ်းကို သံရုံးမှ ပြန်လည်ပေးပို့ထားပါကြောင်း၊ နိုင်ငံပိုင်အဖွဲ့အစည်းက ကိုင်တွယ်ဆောင်ရွက်ရန် အိန္ဒိယအနေဖြင့် တောင်းဆိုနေပါကြောင်း၊ ဆောင်ရွက်ပေးနိုင်သည့် အတိုင်းအတာကို အကြောင်းကြားထားသော်လည်း အကြောင်းပြန်ခြင်း မရှိသေးပါကြောင်း၊ ပဲတင်ပို့မှု အခွန်တိုးကောက်ရန်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက ထုတ်လုပ်သည့် သက်သေခံလက်မှတ်ပါပါက အခွန်တိုးကောက်မည်မဟုတ်ပါကြောင်း ဖြေကြားသည်။

**ကားတင်သွင်းမှု**

မြန်မာနိုင်ငံသို့ အမေရိကန်အစိုးရမှ ပေးလိုက်သည့် GSP အခွင့်အရေးနှင့် ပတ်သက်ပြီး ပို့ကုန်တင်သွင်းမှု၌ အသုံးချနေမှုနှင့် တစ်ဦးချင်းကားတင်သွင်းမှုနှင့် စပ်လျဉ်း၍ မူဝါဒပြောင်းလဲခြင်းရှိ၊ မရှိ မေးခွန်းတို့အပေါ် ဖြေကြားရာတွင် အမေရိကန် GSP အခွင့်အရေးကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ပေးခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံအနေ ဖြင့် ကုမ္ပဏီတစ်ခုသာ စတင်လျှောက်ထားသေးပါကြောင်း၊ အမေရိကန် GSP အခွင့်အရေးများနှင့် စပ်လျဉ်း၍ စီးပွားရေးသတင်းဂျာနယ်၌ အသေးစိတ်ဖော်ပြခဲ့ပါကြောင်း၊ GSP အခွင့်အရေးကို အသုံးပြုရန် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ အသိပေးပြီး ဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ်အတွက် ကားတင်သွင်းမှု နှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

**အောင်ရှုံးဆုံးဖြတ်**

**အမျိုးသားပညာရေး နည်းဥပဒေဆောင်ရွက်နေမှုကိစ္စ၊ ဆရာ၊ ဆရာမများအား လိုင်စင်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ လာမည့်နှစ်အတွက် နေ့စားလပေးဆရာ၊ ဆရာမများခန့်ထားမည့် အရေအတွက်၊ တစ်ဘာသာဖြေဆိုရုံဖြင့် စာမေးပွဲအောင်မြင်သည်ဟု ဝေဖန်နေသည့်ကိစ္စများနှင့် ပတ်သက်သည့် မေးခွန်းများနှင့်စပ်လျဉ်း၍** ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် တာဝန်ရှိသူတို့က အမျိုးသားပညာရေး ဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ နည်းဥပဒေနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကျောင်းဥပဒေ ထွက်ရှိလာပါက ဆရာ၊ ဆရာမများအတွက် လိုင်စင် သို့မဟုတ် သတ်မှတ်ချက်တစ်ခုခုဖြစ်ဖြစ်၊ ပညာအရည်အချင်းဖြစ်ဖြစ် တစ်ခုခု ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် နေ့စားလပေးဆရာ၊ ဆရာမများကို ခန့်အပ်ရန်မှာ ဒေသလိုအပ်ချက်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တစ်ဘာသာဖြေဆိုသည် ဆိုသည်မှာ နောက်ဆုံးစာမေးပွဲဖြစ်ပါကြောင်း၊ စာမေးပွဲအောင်တာနှင့် စာတတ်တာ ကွဲပြားဖို့လိုပါကြောင်း၊ စာသင်ချိန် ၁၀ လရှိပြီး စာမေးပွဲဆိုသည်မှာ ၂ နာရီစာသာ မေးခြင်းဖြစ်ပါကြောင်း၊ ဆန်းစစ်မှုများမှာ တစ်လျှောက်လုံး ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ မတတ်သေးလျှင်လည်း တတ်အောင်သင်ကြားပါကြောင်း၊ စာမေးပွဲ ၂ နာရီစာဖြင့် အောင်၊ ရှုံးကို မဆုံးဖြတ်ဘဲ တစ်နှစ်လုံးဆန်းစစ်ချက်များဖြင့် ပေါင်းစပ်ပြီးမှသာ အောင်၊ရှုံး ဆုံးဖြတ်ခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

**အတည်ပြု ရရှိထားပြီးဖြစ်**

တက္ကသိုလ်များ **ဗဟိုအုပ်ချုပ်မှုလျှော့ချပြီး လွတ်လပ်ခွင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ ရန်ကုန်တက္ကသိုလ်သမဂ္ဂပြန်လည်တည်ဆောက်မည့်အစီအစဉ်နှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် တာဝန်ရှိသူများက တက္ကသိုလ်များကို လွတ်လပ်ခွင့် ပေးထားပါကြောင်း၊ ဘဏ္ဍာငွေခွဲဝေရေးကိစ္စကိုသာ ကြီးကြပ်ဆောင်ရွက်ပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးကို ပြည်ထောင်စုဝန်ကြီးကသာ တာဝန်ခံရပါကြောင်း၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂအဆောက်အအုံ တည်ဆောက်ရန် ဘတ်ဂျက်ပါရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်၌ ငွေ ၅ ဒသမ ၂ ဘီလီယံကို အတည်ပြု ရရှိထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

**အစိုးရသစ်တစ်နှစ်ပြည့်တွင် နိုင်ငံပိုင်သတင်းစာများ၌ အင်တာဗျူးများဖော်ပြခဲ့မှု**နှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယခုအစိုးရသစ် တစ်နှစ်ပြည့်ချိန်တွင် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ခြင်း၊ မီဒီယာများနှင့် ထိတွေ့ပြောဆိုခြင်း အစီအစဉ်ကို ဆောင်ရွက်ပါကြောင်း၊ ဝန်ကြီးဌာနအလိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ခြုံငုံသုံးသပ်ခြင်း၊ အများ၏အမြင်များကို ပြောနိုင်ရန် ဆောင်ရွက်ထားခြင်းများရှိပါကြောင်း၊ တစ်ချိန်တည်းတွင် နှစ်သစ်ကူးနှင့်ပတ်သက်၍ နှစ်သစ်ဆုတောင်းများ ပြောဆိုရန်ရှိပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် မူဝါဒနှင့် မသက်ဆိုင်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ အလုပ်ကို ပုံမှန်ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ အစိုးရ၏

> **အမျိုးသားပညာရေး ဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ နည်းဥပဒေနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကျောင်းဥပဒေ ထွက်ရှိလာပါက ဆရာ၊ ဆရာမ များအတွက် လိုင်စင် သို့မဟုတ် သတ်မှတ်ချက်တစ်ခုခုဖြစ်ဖြစ်၊ ပညာအရည်အချင်းဖြစ်ဖြစ် တစ်ခုခု ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊**

တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပြင်ပမှသုံးသပ်ချက်များကို ရယူပါကြောင်း၊ ထင်ထင်ရှားရှားဖြစ်သည့် ပုဂ္ဂိုလ်များကို မေးမြန်း၍ ဖော်ပြခြင်းဖြစ်ပါကြောင်း၊ အစိုးရ တစ်နှစ်ပြည့်မြောက်သည့်အချိန်တွင် လုပ်ခဲ့သည့် အစီအစဉ်များထဲက တစ်ခုသာဖြစ်ပါကြောင်း ဖြေကြားသည်။

**ပုဂ္ဂလိကကုမ္ပဏီငါးခုအား Content Provider များအဖြစ် လုပ်ပိုင်ခွင့်ပေးခြင်းနှင့် စပ်လျဉ်း၍** မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက Content Provider များ ရွေးချယ်ရာတွင် ပွင့်လင်းမြင်သာမှု၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ခိုင်မာမှု၊ တရားဥပဒေလိုက်နာမှု၊ လက်ရှိ ထုတ်ပြန်သည့်မူဝါဒနှင့် နောင် အခါအားလျော်စွာ ထုတ်ပြန်မည့် မူဝါဒများအား လိုက်နာနိုင်မှု ရှိ၊ မရှိ၊ လိုအပ်သည့် ငွေကြေးများ ပေးချေနိုင်ခြင်း၊ ပစ္စည်းများ ဝယ်ယူတပ်ဆင်နိုင်ခြင်း ရှိ၊ မရှိ အသေးစိတ်မေးမြန်းပြီး တကယ်လုပ်နိုင်မည့် ကုမ္ပဏီ ငါးခုကို ရွေးချယ်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ပေးနိုင်သည့် Channel သည် ငါးခုဖြစ်သည့်အတွက် အဆင့်ဆင့် စနစ်တကျ ရွေးချယ်ခဲ့ပါကြောင်း၊ ပုဂ္ဂိုလ်ရေးအရ ချစ်ခြင်း၊ မုန်းခြင်းမရှိဘဲ တရားမျှတစွာဖြင့် မှန်မှန်ကန်ကန် ရွေးချယ်ခဲ့ခြင်း ဖြစ်ပါကြောင်း ဖြေကြားသည်။

**အမျိုးသားစာပေဆု ရွေးချယ်ရေးနှင့် ပတ်သက်၍** ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမျိုးသားစာပေဆု အမျိုးအမည်များစွာရှိပါကြောင်း၊ တစ်ခုစီအတွက် ရွေးချယ်ရေး ဆပ်ကော်မတီများရှိပါကြောင်း၊ ဆုရွေးချယ်ရေးဆောင်ရွက်ရန် စာပေနယ်ပယ်တွင် ထင်ရှားသော၊ အများအသိအမှတ်ပြုသော ပုဂ္ဂိုလ်များကို ဆုရွေးချယ်ရေးအဖွဲ့ထဲတွင် ပါဝင်ရန် ဖိတ်ခေါ်ပါကြောင်း၊ ထင်ရှားသည့် ဆရာကြီးများ ဦးဆောင်ပြီး အမျိုးသား စာပေဆုရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းရန် မိမိတို့က အပ်ပါကြောင်း၊ ရွေးချယ်သည့်အခါတွင်လည်း ယင်းအဖွဲ့အစည်းများက သတ်မှတ်သည့် စည်းမျဉ်းစည်းကမ်းများနှင့် ရွေးချယ်ပေးမည့် ရလဒ်များအတိုင်း ထွက်ပေါ်လာရန်ရှိပါကြောင်း ဖြေကြားသည်။

**အမြဲတမ်းပူးပေါင်းဆောင်ရွက်**

**သတင်းမီဒီယာသမားများ ကျင့်ဝတ်ဆိုင်ရာကိစ္စနှင့်ပတ်သက်၍** ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က သတင်းမီဒီယာသမားများ ကျင့်ဝတ်ကို ထိန်းသိမ်းရန်အတွက်မှာ သတင်းမီဒီယာသမားများကိုယ်တိုင် ဦးဆောင်၍ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ သတင်းမီဒီယာအဖွဲ့အစည်းများက အဓိက ဦးဆောင်၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း မီဒီယာဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန် တာဝန်ရှိသည့်အတွက် မိမိတို့အနေဖြင့်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ မီဒီယာသမားများသည် ယခု ၄ ၊ ၅ နှစ်အတွင်းတွင် ဖွံ့ဖြိုးလာသည့်အတွက် အားနည်းသည့်အပိုင်းများ ရှိသေးပါကြောင်း၊ ကျင့်ဝတ်ကိစ္စများတိုးတက်ရန် သတင်းမီဒီယာသမားများအားလုံး ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ပါ ကြောင်း၊ မိမိတို့အနေဖြင့် အမြဲတမ်းပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိပါကြောင်း ဖြေကြားသည်။

**သတင်းမည်သို့ယူရမည်**

ရခိုင်ပြည်နယ်အရေးကိစ္စသတင်းများ ရယူခွင့်နှင့် ပတ်သက်သည့် မေးခွန်းကို ဖြေကြားရာတွင် ရခိုင်ပြည်နယ် သတင်းများ ရယူနိုင်စေရန် အမြဲကြိုးစားပေးလျက်ရှိပါကြောင်း၊ ယင်းနေရာနှင့်ပတ်သက်သည် သတင်းများစွာ ထွက်ပါကြောင်း၊ သတင်းအများစုသည့် မမှန်သည့်သတင်းများ ဖြစ်ပါကြောင်း၊ International Crisis Group ( ICG ) အစီရင်ခံစာတွင် ရခိုင်မြောက်ပိုင်းနှင့်ပတ်သက်၍ သတင်းပြည့်ပြည့်ဝဝရရှိနိုင်ရန် ဆောင်ရွက်နိုင်ခဲ့ကြောင်းကို ရေးထားပါကြောင်း၊ မေးမြန်းသင့်သည့်နေရာများကို ပြည့်စုံအောင် မေးမြန်းနိုင်ခဲ့ကြောင်း၊ လိုအပ်သည့်အခါတွင် ဒေသစကားနားလည်သည့် စကားပြန်များ အသုံးပြုခဲ့သည်ဟု သိရပါကြောင်း၊ မိမိတို့ ပြည်တွင်း၌ရှိသော သတင်းသမားများသည် ယင်းနေရာမှ သတင်းကိုရရန် ICG ထက် အားမနည်းပါကြောင်း၊ အထူးသဖြင့် ရခိုင်ပြည်နယ်တွင် နေထိုင်သည့် သတင်းသမားများသည် ယင်းအချိန်က သတင်းအမှန်များကို ပိုမိုသိနိုင်မည်ဟု မြင်ပါကြောင်း၊ ယင်းအချိန်က နိုင်ငံတကာက မမှန်မကန်သတင်းများကို ထုတ်လွှင့်နေချိန်တွင် မိမိတို့ မီဒီယာသမားများထဲမှ မောင်တောက အခြေအနေကို စုံစမ်းမေးမြန်းပြီး တွေ့ရှိခဲ့သည့် အခြေအနေမှန်ကို သတင်းထုတ်ပြန်ခြင်းမျိုး မတွေ့ခဲ့ရပါကြောင်း၊ သတင်းရရန် ခက်ခဲသည့်နေရာများ ရှိနိုင်ပါကြောင်း၊ သို့သော် မီဒီယာသမားများ တကယ်အားထုတ်ပါက ရနိုင်ပါကြောင်း ဖြေကြားသည်။

**ဒစ်ဂျစ်တယ်သတင်းစာ**နှင့်စပ်လျဉ်း၍ မေးမြန်းမှုများကို ဖြေကြားရာတွင် ပုံနှိပ်မီဒီယာသည် ကမ္ဘာတွင် မှေးမှိန်လာပါကြောင်း၊ နည်းပညာများ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ကမ္ဘာတစ်ဝန်းတွင် အွန်လိုင်းမီဒီယာလုပ်ငန်းများ ဆောင်ရွက်လာသည့်အတွက် အများနည်းတူ ကြိုးစားဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပြည်သူများထံ သတင်းအချက်အလက်များ မြန်မြန် ဆန်ဆန်အသိပေးနိုင်ရန် ရည်ရွယ်ပါကြောင်း၊ မိမိတို့ တိုင်းပြည်၏ ဆောင်ရွက်နေမှုများကို ပြည်တွင်း၊ ပြည်ပ စာဖတ်ပရိသတ်များနှင့် တစ်ကမ္ဘာလုံးက သိရှိနိုင်ရန်၊ သတင်းအချက်အလက် များကို မြန်မြန်ဆန်ဆန် အချိန်နှင့်တစ်ပြေးညီ အသိပေးလိုသည့် ရည်ရွယ်ချက်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်ခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

**လုံခြုံစိတ်ချရမှုနှင့် အာနိသင်ရှိ**

**BPI ဆေးဝါးစက်ရုံမှ ကင်ဆာဝေဒနာရှင်များအတွက် နာကျင်ကိုက်ခဲမှု သက်သာသည့် ဆေးဝါးထုတ်လုပ်နေမှု အခြေအနေ**နှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က ကင်ဆာဝေဒနာရှင်များအတွက် နာကျင်ကိုက်ခဲမှု သက်သာစေရန် ဆေးဝါးထုတ်လုပ်ရာ၌ မော်ဖင်းနှင့် ကိုဒင်းတို့ ပါဝင်ပါကြောင်း၊ လိုအပ်သည့် မော်ဖင်းအား ပြည်ပမှ ဝယ်ယူတင်သွင်းပါကြောင်း၊ ကိုဒင်းအတွက် လိုအပ်သည့် ဘိန်းစိမ်းကီလို ၆၅၀၀ ဂရမ် ရရှိရန် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး တောင်းခံထားပါကြောင်း၊ ရရှိပါက ဘိန်းစိမ်းမှ ကိုဒင်းဖော့စဖိတ် ထုတ်လုပ်မည်ဖြစ်ပါကြောင်း၊ မော်ဖင်းမှ မော်ဖင်းဆေးတောင့် ထုတ်ယူမည်ဖြစ်ပါကြောင်း၊ အဆိုပါဆေးဝါးများကို ဆေးဝါးဖော်စပ်ပုံ နည်းပညာအသစ်ဖြင့် သုတေသနပြု ထုတ်လုပ်ထားခြင်းဖြစ်ပြီး ပြည်တွင်း၌ ဈေးနှုန်းသက်သာစွာဖြင့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ခုခံအားကျဆင်းမှုရောဂါနှင့် Hepatitis B ရောဂါများအတွက် ကုသဆေးဖြစ်သည့် Tenofovir (300 mg) အတွက် ဆေးဝါးထုတ်လုပ်မှုနည်းပညာကို အိန္ဒိယနိုင်ငံမှဝယ်ယူ၍ ဆေးဝါးစက်ရုံ (ရန်ကုန်)၌ စမ်းသပ်ထုတ်လုပ်နေပါကြောင်း၊ FDA လိုင်စင်ရရှိရန် ဆောင်ရွက်နေပြီး ဈေးကွက်အတွင်း ဆက်လက်ရောင်းချနိုင်ရန် စီစဉ်နေပါကြောင်း၊ BPI ဆေးဝါးများထုတ်လုပ်ရာတွင် အရည်အသွေးကောင်းမွန်မှု၊ လုံခြုံစိတ်ချရမှုနှင့် အာနိသင်ရှိရမည်ဟူသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

**ထုတ်လုပ်ရောင်းချသွားမည်**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒီဇိုင်းရေးဆွဲပေးသည့် မြန်မာမှုလက်ရာ ယွန်း၊ ကနုတ်၊ ပန်းပုတို့ဖြင့် ပေါင်းစပ်ထားသည့် မှန်စားပွဲထုတ်လုပ်နေမှု**နှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် မှန်အခြေပြု၍ ယွန်း၊ ကနုတ်ဖြင့် မှန်စားပွဲကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒီဇိုင်းရေးဆွဲပြီး အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းရှိ မှန်စက်ရုံ(ကျောက်ဆည်)က ထုတ်လုပ်ခြင်း ဖြစ်ပါကြောင်း၊ မြန်မာ့လက်မှုပညာကို ဈေးကွက်ရရှိရေး၊ အဆင့်မြင့်မှန်များကို အသုံးချရေးနှင့် ရောင်းချနိုင်ရေး စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေပါကြောင်း၊ အဆိုပါ ရည်ရွယ်ချက်များဖြင့် စမ်းသပ်ထုတ်လုပ်ရောင်းချနေရာတွင် ခြောက်လအတွင်း စားပွဲခုံ ၂၀ ရောင်းချခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါ မှန်စားပွဲများကို ဒီဇိုင်းပေါ်မူတည်၍ ငွေကျပ် တစ်သိန်းမှ နှစ်သိန်းဝန်းကျင်အထိရှိပြီး ဝယ်လိုအားလိုအပ်ချက်ပေါ် မူတည်၍ ဆက်လက် ထုတ်လုပ်ရောင်းချသွားမည်ဖြစ်ပါကြောင်း ဖြေကြားကြသည်။

**(သတင်းအဖွဲ့)**



ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်ဇော်နှင့် အဖွဲ့သည် မေ ၂၅ ရက်က ပေါက်ခေါင်းမြို့နယ် လေသာတောင်ကြီးကျေးရွာအုပ်စု စမ်းမကြီးကျေးရွာ မူလတန်းကျောင်း၌ မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှု ကျဆင်းရေး၊ လောင်းကစားမှုပပျောက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောစဉ် (မြို့နယ် ပြန် / ဆက်)

## စစ်ကိုင်းတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနသို့ အဆင့်မြင့်မီးငြိမ်းသတ်ယာဉ်များရောက်ရှိ

**မုံရွာ မေ ၂၆**

အထပ်မြင့်အဆောက်အအုံများ မီးငြိမ်းသတ်ရန်နှင့် အထပ်မြင့်အဆောက်အအုံများတွင် ကယ်ဆယ်ရေးဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ပေ ၁၀၀ အမြင့် အထပ်မြင့် ကူညီကယ်ဆယ်ရေးမီးငြိမ်းသတ်ယာဉ်ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သုံးစီးမြောက်အဖြစ် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနသို့ရောက်ရှိလာရာ လေ့ကျင့်ပြင်ဆင်ရေးများ ဆောင်ရွက်နေကြောင်း တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးမင်းစမ်းအေးထံမှသိရသည်။

"အထပ်မြင့်အဆောက်အအုံတွေအတွက် အများကြီး အထောက်အကူဖြစ်စေပါတယ်။ အထပ်မြင့်အဆောက်အအုံမှာ အကယ်၍ မီးလောင်ရင် ငြိမ်းသတ်လို့ရသလို၊ အထပ်မြင့်မှာရှိတဲ့ သက်ကြီးရွယ်အိုတွေ၊ လူနာတွေ၊ ကလေးတွေနဲ့ မီးလောင်လို့ ပိတ်မိနေတဲ့သူတွေကို ကယ်တင်ရာမှာ အများကြီးထိရောက်မှုရှိပါတယ်။ ပေ ၁၀၀ အမြင့်အထိ တက်ရောက်ကူညီမီးငြိမ်းသတ်နိုင်အောင် အဆင့်မီအချိန်ကုန်သက်သာစေတဲ့ နည်းပညာတွေ ပါဝင်ပေါင်းစပ်ထားတဲ့ယာဉ်ပါ။ ပြီးခဲ့တဲ့နှစ်က မုံရွာအတွက် တစ်စီး၊ ရွှေဘိုအတွက်တစ်စီး ရောက်ရှိအသုံးပြုနေပြီ ဖြစ်ပါတယ်။ အခု ဒီရက်ပိုင်းမှာပဲ တိုင်းဒေသကြီးအတွက် တစ်စီးထပ်ရောက်လာတဲ့အတွက် အထပ်မြင့်မီးသတ်ကယ်ဆယ်ရေးယာဉ် သုံးစီးရှိနေပါပြီ" ဟု ဦးစီးမှူးက ရှင်းပြသည်။

တိုင်းဒေသကြီးအတွင်း စက်သုံးဆီဆိုင်ကြီးများရှိရာ ခရိုင်နှင့် မြို့နယ်များစွာရှိသလို စက်သုံးဆီအတင်အချ အများဆုံးပြုလုပ်သော ရေဝတီမြစ်ဆိပ်ကမ်းနှင့် ချင်းတွင်းမြစ် ဆိပ်ကမ်းမြို့များအတွက် ဆီမီးငြိမ်းသတ်ယာဉ် ၁၂ စီးလည်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနသို့ ရောက်ရှိနေပြီဖြစ်ရာ မကြာခင် တိုင်းဒေသကြီးရှိ ခရိုင်မြို့များနှင့် ဆိပ်ကမ်းမြို့များသို့ လွှဲပြောင်းပေးပို့ကာ မီးဘေးကြိုတင်ကာကွယ်ရေးနှင့်အတူ ဆီကြောင့်မီးလောင်လျှင် အချိန်နှင့်တစ်ပြေးညီ ငြိမ်းသတ်နိုင်ရန် ကြိုတင်စီစဉ်ထားကြောင်း သိရသည်။

ဆီမီးငြိမ်းသတ်ယာဉ်တွင် ရိုးရိုးမီးသတ်ယာဉ်ကဲ့သို့ ရေသီးသန့်သိုလှောင်ကန်အပြင် FOAM TANDER အမြှုပ်ကန်ကိုကန့်ကာပါရှိပြီး ဆီကြောင့် မီးလောင်ပါက လောင်သည့်ပမာဏကို တွက်ချက်ကာ ရေနှင့်အမြှုပ်ကို အဆဖြင့်ရောနှောကာ ပက်ရသော FOAM TENDER FIRE TRUCK ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# တူရကီတိုက်လေယာဉ်များ ကာ့ဒ်လက်နက်ကိုင်တပ်ဖွဲ့အား တိုက်ခိုက်၊ ၇၀ ခန့် သေဆုံး

**အန်ကာရာ ဧပြီ ၂၆**

တူရကီနိုင်ငံမှ တိုက်လေယာဉ်များသည် အီရတ်နိုင်ငံနှင့် ဆီးရီးယားနိုင်ငံ နယ်နိမိတ်အတွင်းရှိ ကာ့ဒ်လက်နက်ကိုင်တပ်ဖွဲ့ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ ၇၀ ခန့် သေဆုံးခဲ့ကြောင်း တူရကီစစ်ဘက်က ယမန်နေ့က သတင်းထုတ်ပြန်ခဲ့သည်။

တူရကီတိုက်လေယာဉ်များသည် အီရတ်နိုင်ငံမြောက်ပိုင်း ဆင်ဂျာတောင်တန်းဒေသနှင့် ဆီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်း ကရာချော့တောင်တန်းဒေသရှိ အကြမ်းဖက်တပ်ဖွဲ့များကို ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၂ နာရီအချိန်ခန့်တွင် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ လေကြောင်းတိုက်ခိုက်မှုသည် ကာ့ဒ်တပ်ဖွဲ့နှင့် ၎င်း၏ မဟာမိတ်တပ်ဖွဲ့အား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ တူရကီတိုက်လေယာဉ်များ၏ တိုက်ခိုက်မှုကြောင့် ကာ့ဒ်တပ်ဖွဲ့၏ အခြေစိုက်စခန်း၊ လက်နက်သိုလှောင်ရုံနှင့် ဆက်သွယ်ရေးစခန်းတို့ ပျက်စီးခဲ့ကြောင်း သိရသည်။

ကာ့ဒ်အလုပ်သမားပါတီကို ၁၉၇၉ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ တည်ထောင်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကာ့ဒ်လူမျိုးများကို စုစည်းပြီး သီးခြားနိုင်ငံတစ်နိုင်ငံ တည်ထောင်ရန်အတွက်ဖြစ်သည်။ ကာ့ဒ်တပ်ဖွဲ့သည် အီရတ်နိုင်ငံနှင့် ဆီးရီးယားနိုင်ငံမြောက်ပိုင်းတို့တွင် စုဝေးနေပြီး မကြာခဏဆိုသလို တူရကီနိုင်ငံနယ်နိမိတ်အတွင်းသို့ ဝင်ရောက်ပြီး တိုက်ခိုက်မှုများဆောင်ရွက်လေ့ရှိသည်။

ကာ့ဒ်တပ်ဖွဲ့အား တူရကီနိုင်ငံ ၊ အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့က အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခဲ့သည်။ **(ဆင်ဟွာ)**



တူရကီလေတပ် တပ်ဖွဲ့မှ
တိုက်လေယာဉ်များကို တွေ့ရစဉ်

# အာဏာသိမ်းရန်ကြံစည်မှုတွင် ပါဝင်ပတ်သက်ခဲ့သည့် တိတ်တဆိတ်ဝင်ရောက်လာသူအမြောက်အမြားကို ဖမ်းဆီးထား



**အန်ကာရာ ဧပြီ ၂၆**

ပြီးခဲ့သည့်နှစ် ဇူလိုင်လအတွင်းက မအောင်မမြင်ဖြစ်ခဲ့သည့် အာဏာသိမ်းရန် ကြိုးပမ်းမှုကို စီစဉ်ခဲ့သည်ဟုဆိုကာ တူရကီအစိုးရက စွပ်စွဲထားသည့် ဘုန်းတော်ကြီးနှင့် ပတ်သက်နေပြီး တစ်နိုင်ငံလုံးရှိ ရဲတပ်ဖွဲ့အင်အားစုများအတွင်း တိတ်တဆိတ်ဝင်ရောက်လာခဲ့သူ ၁၀၀၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း တူရကီအာဏာပိုင်များက ပြောကြားခဲ့သည်။

တူရကီသမ္မတ တေရစ်အာဒိုဂန်၏ မဟာမိတ်ဟောင်းတစ်ဦးဖြစ်သူ ဘုန်းတော်ကြီး ဖက်တူလာဂူလန်ကို ထောက်ခံသည်ဟု သံသယရှိသူများအား လအနည်းငယ်အတွင်းက အကြီးဆုံးစစ်ဆင်ရေးတစ်ခု လုပ်ဆောင်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖယ်ရှားရှင်းလင်းမှုများ ဆောင်ရွက်ခဲ့သည်။ ဘုန်းတော်ကြီး ဖက်တူလာဂူလန်သည် သမ္မတ အာဒိုဂန်အား ဖြုတ်ချရန် အင်အားသုံးကြံစည်သူအဖြစ် စွပ်စွဲခံထားရသည်။

ပြည်ထဲရေးဝန်ကြီး ဆူလီမန်ဆွိုင်လူက တစ်ညတာလုံးပြုလုပ်ခဲ့သည့် အရေးယူဆောင်ရွက်မှုကို ရဲတပ်ဖွဲ့အင်အားစုများအတွင်းသို့ လျှို့ဝှက်စွာဝင်ရောက်လာသည့် ဂူလန်နှင့် ချိတ်ဆက်နေသောအဖွဲ့များအား ပစ်မှတ်ထားကာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိတ်တဆိတ်ခိုးဝင်လာသူ ဘာသာရေးခေါင်းဆောင် ၁၀၀၉ ဦးကို မကြာသေးမီကပင် နိုင်ငံအတွင်းရှိ ပြည်နယ် ၇၂ ခုတို့မှ ဖမ်းဆီးခဲ့ပြီး ဖမ်းဆီးစစ်ဆေးမှု ဆက်လက်ဆောင်ရွက်နေဆဲပင်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးက အန်ကာရာ၌ သတင်းထောက်တစ်ဦးသို့ ပြောကြားခဲ့သည်။

တူရကီနိုင်ငံတွင် ပြီးခဲ့သည့်နှစ်ကဖြစ်ပွားခဲ့သည့် အာဏာသိမ်းရန် ကြိုးပမ်းမှုအပြီးတွင် အာဏာပိုင်များသည် လူပေါင်းလေးသောင်းကို ဖမ်းဆီးခဲ့ပြီး အကြမ်းဖက်အုပ်စုများနှင့် ပတ်သက်နေသည်ဟု စွပ်စွဲခံထားရသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းဆရာများနှင့် ပြည်သူ့ဝန်ထမ်းများ အပါအဝင် ဝန်ထမ်းပေါင်း ၁၂၀၀၀၀ ကို အလုပ်တာဝန်များမှ ရပ်စဲခဲ့သည်။ **(ရိုက်တာ)**

# တက်ဒ်ဒုံးကျည်ကာကွယ်ရေးစနစ် တပ်ဆင်မှုကြောင့် ဆန္ဒပြမှုများဖြစ်ပွား

**ဆိုးလ် ဧပြီ ၂၆**

တက်ဒ်ဒုံးကျည်ကာကွယ်ရေးစနစ် အစိတ်အပိုင်းအချို့ကို တောင်ကိုရီးယားနိုင်ငံ ဂျွန်ဆန်ပြည်နယ် ဆောင်ဂျူဒေသတွင် တပ်ဆင်ခဲ့ပြီးဖြစ်ကြောင်း ဧပြီ ၂၆ ရက်က တောင်ကိုရီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာခဲ့ရာ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကြား ထိပ်တိုက်ရင်ဆိုင်မှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားစစ်ဘက်က တက်ဒ်စနစ်ကို ယခုနှစ်တွင် အပြီးတပ်ဆင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ တောင်ကိုရီးယားအခြေစိုက် အမေရိကန်တပ်ဖွဲ့သည် ဧပြီ ၂၆ ရက် နံနက် ၄ နာရီခွဲတွင် တက်ဒ်စနစ် တပ်ဆင်ရာ၌ အရေးကြီးအစိတ်အပိုင်းများဖြစ်သော ဒုံးကျည်ပစ်လွှတ်သည့်ကိရိယာ၊ ရေဒါနှင့် မီးစက်စသည်တို့ကို တက်ဒ်စနစ်တပ်ဆင်မည့် နေရာသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

တက်ဒ်စနစ်တပ်ဆင်သည့်နေ့တွင် တက်ဒ်စနစ်ဆန့်ကျင်သော ငြိမ်းချမ်းရေးလိုလားသူများနှင့် ရဲတပ်ဖွဲ့တို့ ထိပ်တိုက်ရင်ဆိုင်မှုဖြစ်ပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**



# အကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခဲ့သူ ၁၀ ဦးကို ဖမ်းဆီး

**ပါရီ၊ဘရပ်ဆဲလ် ဧပြီ ၂၆**

၂၀၁၅ ခုနှစ်က ပါရီ၌ ဖြစ်ပွားခဲ့သည့် ချာလီဟက်ဒိုအကြမ်းဖက်တိုက်ခိုက်မှုနှင့် ကိုရှာစူပါမားကက်တွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုတို့တွင် ပါဝင်ပတ်သက်နေသည့် သံသယရှိသူ ၁၀ ဦးကို တနင်္လာနေ့မှ ဗုဒ္ဓဟူးနေ့အထိ ပြင်သစ်နှင့်ဘယ်လ်ဂျီယံတို့တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၉ ရက်က ပါရီရှိ ဈေးဝယ်ကုန်တိုက်တစ်ခုတွင် အကြမ်းဖက်သမား အမီဒီကူလီဘလီက တိုက်ခိုက်ခဲ့မှုကြောင့် လူလေးဦး သေဆုံးသွားခဲ့သည်။ နောက်ထပ် ၁၂ ဦးမှာ ချာလီဟက်ဒိုသတင်းစာတိုက်ကို သေနတ်ပစ်ခတ်တိုက်ခိုက်မှု မဖြစ်ပွားမီ နှစ်ရက်အလိုတွင် သေဆုံးသွားခဲ့သည်။ ယခု ဖမ်းဆီးထိန်းသိမ်းထားသူများသည် အမီဒီကူလီဘလီအား ကူညီပေးခဲ့သူများဖြစ်ကြောင်း သိရသည်။ ၎င်းတို့ အသုံးပြုသည်ဟုယူဆရသည့် လက်နက်များကိုလည်း အမှုစစ်ဆေးရန်အတွက် သိမ်းဆည်းထားကြောင်း ဘယ်လ်ဂျီယံပြည်သူ့ရုပ်သံ RTBF က ပြောကြားခဲ့သည်။

အကြမ်းဖက်တိုက်ခိုက်ရာတွင် ကူလီဘလီ အသုံးပြုခဲ့သည့် လက်နက်သည် ဆလိုဗက်ကီးယားမှ ဝင်လာသည့်လက်နက်ဖြစ်ပြီး ဘယ်လ်ဂျီယံရှိ ကြားခံလူတစ်ဦးက ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# တက္ကဆက်ပြည်နယ်တွင် လေယာဉ်တစ်စင်းပျက်ကျ ၊ လေယာဉ်မှူးသေဆုံး

**ဟူစတန် ဧပြီ ၂၆**

အမေရိကန်နိုင်ငံ တက္ကဆက် ပြည်နယ်အရှေ့ပိုင်း ဟန့်စ်ဗီလီမြို့တွင် လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်မှူး သေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

လေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် သစ်ပင်ကို ဝင်တိုက်မိကာ မီးလောင်ပြီး ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဟူစတန်ဒေသတွင်း လေဆိပ်တစ်ခုမှ ထွက်ခွာလာသော စက်စ်နာ ၄၂၁ လေယာဉ်သည် ဟန့်စ်ဗီလီမြို့အနီးရှိ ရေအိုင်တစ်ခုတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေယာဉ်သည် ရေအိုင်အတွင်းသို့ ဇောက်ထိုးပြုတ်ကျခဲ့ပြီး သေဆုံးသူ လေယာဉ်မှူးအား လေယာဉ်ပျက်ကျခဲ့သည့်နေရာတွင် ရေငုပ်သမားများက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

လေယာဉ်ပျက်ကျမှုကို အမေရိကန်နိုင်ငံ ဖယ်ဒရယ်လေကြောင်းလိုင်းဦးစီးဌာန အက်ဖ်အေအေက အတည်ပြုခဲ့သည်။ လေယာဉ်မီးလောင်မပျက်ကျခင်တွင် လောင်စာဆီနှင့်ပတ်သက်၍ အခက်အခဲဖြစ်နေကြောင်း လေယာဉ်မှူးက ပြောကြားခဲ့သည်ဟု ယင်းဌာနက ဆက်လက်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**



# မေတ္တာစိတ်ထားမှသာလျှင် ထာဝရတည်တံ့ခိုင်မာသည့် ငြိမ်းချမ်းရေးကိုဖော်ဆောင်ပေးနိုင်လိမ့်မည်ဖြစ်

**ရန်ကုန် မေ ၂၆**

မေတ္တာတရားကို လက်ကိုင်ထားရန် လိုအပ်ပြီး မေတ္တာစိတ်ထားမှသာလျှင် လောဘ၊ ဒေါသ၊ မောဟတရားများကို လျော့ပါးစေပြီး ထာဝရတည်တံ့ခိုင်မာသည့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးနိုင်လိမ့်မည်ဖြစ်ပါကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ယနေ့ ပြောကြားသည်။

ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေး စင်တာ(IBC)၌ ယနေ့ကျင်းပသည့် ငြိမ်းချမ်းရေးနီးနှောဖလှယ်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

ပါဝင်ပတ်သက်နေသည့် သက်ဆိုင်သူများအားလုံးက ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို ရယူတည်ဆောက်နိုင်မည်ကို တိုင်းရင်းသားအားလုံးက ယုံကြည်ထားကြပါကြောင်း၊ နိုင်ငံသူနိုင်ငံသား၊ တိုင်းရင်းသားများအပေါ် ဘာသာတရားများ၏ လွှမ်းမိုးသက်ရောက်မှုရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဘာသာတရားအားလုံးကိုပြန်ကြည့်ပါက မေတ္တာတရားကို အခြေခံပြီး သွန်သင်ဆုံးမနေကြပါကြောင်း၊ မေတ္တာတရား သွန်သင်ဆုံးမချက်များကို ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်းခေါင်းဆောင်များ၊ နိုင်ငံသူနိုင်ငံသားများ၏ နှလုံးသားတွင် ထာဝရကိန်းအောင်းဖြစ်တည်အောင် ထိန်းသိမ်းလုပ်ဆောင်ကြရန် လိုအပ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် မေတ္တာတရားသည် ထာဝရဒွန်တွဲနေသည့် အကြောင်းတရားများဖြစ်သောကြောင့် မေတ္တာတရားမပါဘဲ ထာဝရခိုင်မာသည့် ငြိမ်းချမ်းမှုကို မရနိုင်ပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးကို မိမိတို့အားလုံးနှလုံးသားကပြောရန်လိုအပ်ပါကြောင်း၊ နှလုံးသားက ပြောကြားမှုသာ မေတ္တာတရား၏ စေစားချက်၊ ငြိမ်းချမ်းမှုကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

အဆိုပါ အခမ်းအနားကို ငြိမ်းချမ်းရေးတေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးနှင့် ဘာသာအသီးသီးမှ ခေါင်းဆောင်များက ငြိမ်းချမ်းရေးပင်မ အလင်းတိုင်ကို မီးထွန်းညှိပေးကြသည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးက "ဒီနေ့ပွဲရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ **ငြိမ်းချမ်းရေးသည် ဖြစ်နိုင်ပါသည်။ ငြိမ်းချမ်းရေးသာလျှင် လမ်းခရီးဖြစ်သည်**ဆိုတဲ့ ဆောင်ပုဒ်က အင်မတန်မွန်မြတ်ပါတယ်။ တစ်ပြည်လုံး အတိုင်းအတာနဲ့ ငြိမ်းချမ်းရေးရဖို့ ပြင်းပြတဲ့ ဆန္ဒရှိနေကြပါတယ်။ ကမ္ဘာမှာလည်း မြန်မာနိုင်ငံငြိမ်းချမ်းဖို့အတွက် မေတ္တာကရုဏာစိတ်ထားတွေနဲ့ ဝိုင်းဝန်းပြီး အားတက်သရောဖြစ်ချင်နေတဲ့ ဆန္ဒတွေကို ပြောကြားနေကြတာ ကြားသိနေရပါတယ်။ ငြိမ်းချမ်းရေးရစေဖို့အတွက် တစ်တိုင်းပြည်လုံးအတိုင်းအတာနဲ့ငြိမ်းချမ်းရေးဆုတောင်းပွဲတွေ၊ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ လှုပ်ရှားမှုတွေကို အားလုံး လုပ်ကိုင်နေကြတာ အသိပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ရှေ့ကို အောင်မြင်အောင်ဆောင်ရွက်သွားမယ့် ကိစ္စက ပြည်သူပြည်သားတစ်ရပ်လုံးရဲ့ ဆန္ဒပါ။ မြန်မာတစ်ပြည်လုံးအေးချမ်းငြိမ်းချမ်းသာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ထူထောင်နိုင်ကြပါစေလို့ ဆုတောင်းပါတယ်"ဟု အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

ငြိမ်းချမ်းရေး နီးနှောဖလှယ်ပွဲကို နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ဘာသာရေးခေါင်းဆောင်များ၏ ဟောပြောပို့ချချက်များ၊ စကားဝိုင်းဆွေးနွေးပွဲများ ပါဝင်မည်ဖြစ်သည်။ အဆိုပါ နီးနှောဖလှယ်ပွဲတွင် ဘာသာရေးနယ်ပယ် အသီးသီးမှ ထွက်ရှိလာသည့် ဆွေးနွေးချက်များကို လူထုအတွင်းပြန်လည်ချပြပြီး ပြည့်စုံသည့်အကြံပြုချက်၊ အဆိုပြုချက်များကို မကြာမီကျင်းပမည့် (၂၁) ရာစု ပင်လုံညီလာခံတွင် တင်သွင်းနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး ငြိမ်းချမ်းရေးမီးရောင်စုံထွန်းညှိစဉ်

ငြိမ်းချမ်းရေး နီးနှောဖလှယ်ပွဲနှင့် ပတ်သက်၍ စိန့်ဂျွန်းကက်သလစ် ဘုရားရှိခိုးကျောင်း ဘုန်းတော်ကြီး ဂျိုးဇက် ဦးမောင်ဝင်းက "ငြိမ်းချမ်းရေးကို ဖော်ဆောင်ဖို့ လုပ်ဆောင်ရာမှာ ပထမ အချက်အနေနဲ့ ဘာသာတရားအသီးသီးက ကိုယ့်ဘာသာကိုလည်း သိရမယ်၊ သူတစ်ပါးဘာသာရဲ့ လေးနက်မှုတွေကိုလည်းသိရမယ်။ ဒုတိယအချက်အနေနဲ့ လူသားတွေရဲ့ဖွံ့ဖြိုးတိုးတက်မှုက အရေးကြီးပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုမရှိရင် လူတွေငြိမ်းချမ်းသာယာစွာ နေနိုင်မှာ မဟုတ်ပါဘူး။ တတိယအချက်အနေနဲ့ ကိုယ်ချင်းစာတရားရှေ့ထားဖို့နဲ့ ပဋိပက္ခ စစ်ပွဲတွေဟာအတ္တဆန်မှုတွေ၊ အသိတရားနည်းပါးမှုတွေကြောင့် ဖြစ်နေရတာဖြစ်တယ်။ တစ်ဘာသာနဲ့တစ်ဘာသာ တစ်ဦးနဲ့တစ်ဦး နားလည်မှုအပြည့်အဝ ရှိလာရင် ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်လို့ ကျွန်တော်တို့ ခံယူပါတယ်။ ဘာသာပေါင်းစုံဘက်ပေါင်းစုံအခြေအနေပေါင်းစုံက ဆွေးနွေးတိုင်ပင်ကြမှာဖြစ်လို့ ဒီနီးနှောဖလှယ်ပွဲက တကယ်အကျိုးရှိလိမ့်မယ်လို့ ခံယူပါတယ်"ဟု ဆိုသည်။

ငြိမ်းချမ်းရေး နီးနှောဖလှယ်ပွဲသို့ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာနှင့် အစ္စလာမ်ဘာသာတို့မှ ဘာသာရေးခေါင်းဆောင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

**သတင်း - ဝင်းနန္ဒာ**
**ဓာတ်ပုံ - လှမိုး**

# ဘင်း(မ်)စတက်၏ (၉) ကြိမ်မြောက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ခွဲ စည်းဝေး

**ရန်ကုန် မေ ၂၆**

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း နိုင်ငံများ နည်းပညာနှင့် စီးပွားရေးကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (BIMSTEC)၏(၉)ကြိမ်မြောက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို မေ ၂၆ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Novotel Hotel၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်စိုး၊ရန်ကုန် တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဘင်း(မ်)စတက် အတွင်းရေးမှူးချုပ် Ambassador Sumith Nakandala နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘူတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံ၊ နီပေါနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။




ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ဘင်း(မ်)စတက်အတွင်းရေးမှူးချုပ် Ambassador Sumith Nakandalaတို့က တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများအကြား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးကဏ္ဍများ ပိုမိုတိုးတက်ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုဖြစ်ပေါ်လာစေရေးအတွက် ဆောင်ရွက်ဆဲလုပ်ငန်းလိုအပ်ချက်များကို ဖော်ထုတ်သုံးသပ်ခြင်း၊ BIMSTEC ၏ ကြိုးပမ်းဆောင်ရွက်မှုဖြစ်သည့် ငွေရေးကြေးရေးကဏ္ဍနှင့်သက်ဆိုင်သည့် Cyber ခြိမ်းခြောက်မှုများ၊ တရားမဝင်ငွေကြေးစီးဆင်းမှုများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့် ဒေသတွင်း အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပတ်သက်သည့်ကိစ္စရပ်များနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ခိုင်မာသော ဥပဒေမူဘောင် လုပ်ထုံးလုပ်နည်းများတိုးတက်စေရေး ရှေ့လုပ်ငန်းစဉ်များချမှတ်ရန် ဆွေးနွေးခြင်းတို့အား မေ ၂၇ ရက်အထိ ကျင်းပဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သတင်းအချက်အလက်ဖလှယ်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ရန်ကုန် မေ ၂၆**

မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ကမ္ဘောဒီးယားနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့အကြား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အခြားဆက်စပ်မှုခင်းများနှင့် ပတ်သက်၍ သတင်းအချက်အလက်ဖလှယ်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးမှု အခမ်းအနားကို မေ ၂၆ ရက် ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Hotel ၌ ကျင်းပခဲ့သည်။

နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းကို မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ခေါင်းဆောင် ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ဝင်းသိန်းနှင့် ကမ္ဘောဒီးယားနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ခေါင်းဆောင် အတွင်းရေးမှူးချုပ် H .E. Ms. Say Sam Ath တို့က လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူး၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်၊ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ် မြဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အနေဖြင့် ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ရုရှားပြည်ထောင်စုနိုင်ငံ၊ နီပေါနိုင်ငံ၊ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံတို့မှ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့များနှင့်လည်း သတင်းဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာများ၊ သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



သတင်းအချက်အလက်ဖလှယ်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးစဉ်

# ဘက်စုံပညာထူးချွန်လူငယ်များ ပုဂံနှင့်အင်းလေးအပန်းဖြေစခန်းသို့ သွားရောက်ရန် မန္တလေးမြို့သို့ စတင်ရောက်ရှိ

**မန္တလေး ဧပြီ ၂၆**

၂၀၁၆- ၂၀၁၇ ပညာသင်နှစ်အတွက် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းတို့မှ ဘက်စုံပညာ ထူးချွန်လူငယ်များအား စိစစ်ရွေးချယ်ပြီး ပုဂံ၊ အင်းလေးနှင့် ငွေဆောင်အပန်းဖြေစခန်းများ ဖွင့်လှစ်၍ လေ့လာရေးခရီးစဉ်အဖြစ် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ရာ အင်းလေးနှင့် ပုဂံအပန်းဖြေစခန်းများသို့ သွားရောက်ကြမည့် ဘက်စုံပညာထူးချွန်လူငယ်များ မန္တလေးမြို့သို့ ဧပြီ၂၆ ရက် ညနေတွင် စတင်ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ ဘက်စုံထူးချွန်လူငယ်များအတွက် အဋ္ဌမတန်းဘက်စုံပညာထူးချွန်လူငယ်များကို ပုဂံအပန်းဖြေစခန်းသို့ လည်းကောင်း၊ နဝမတန်း ဘက်စုံပညာထူးချွန်လူငယ်များကို အင်းလေးအပန်းဖြေစခန်းသို့ လည်းကောင်း၊ ဒသမတန်း ဘက်စုံပညာ ထူးချွန်လူငယ်များကို ငွေဆောင်အပန်းဖြေစခန်းသို့ လည်းကောင်း လေ့လာရေးခရီးစဉ်အဖြစ် စခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်ရာ ပုဂံနှင့်အင်းလေးအပန်းဖြေစခန်းသို့သွားရောက်ကြမည့် တစ်နိုင်ငံလုံးမှ ဘက်စုံပညာထူးချွန်လူငယ်များ မန္တလေးမြို့ စုရပ်သို့ ဧပြီ၂၆ ရက် ညနေပိုင်းတွင် စတင် ရောက်ရှိနေပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက ပြောကြားသည်။

"ပုဂံနဲ့ အင်းလေးကို သွားကြမယ့် အထက်မြန်မာပြည်က ဘက်စုံထူးချွန်လူငယ်တွေ ဧပြီ ၂၆ ရက်မှာ မန္တလေးစုရပ်ကို စတင်ရောက်ရှိလာပြီး အောက်မြန်မာပြည်က လာကြမယ့်သူတွေကတော့ ရန်ကုန်ကနေ ဧပြီ၂၇ ရက် ညမှာ ဒီစုရပ်ကို ကားနဲ့ထွက်ခွာလာကြမှာဖြစ်တဲ့အတွက် ဧပြီ ၂၈ ရက်မှာတော့ အားလုံးစုံညီစွာ ရောက်ရှိနေမှာဖြစ်ပါတယ်။ အထက်မြန်မာပြည်က ဒသမတန်း ဘက်စုံပညာ ထူးချွန်လူငယ်တွေကတော့ ငွေဆောင်ကိုသွားဖို့ ရန်ကုန်စုရပ်ကို ဧပြီ ၂၇ ရက် ညမှာ မန္တလေးကနေ ကားနဲ့ထွက်ခွာသွားကြမှာ ဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

ပုဂံနှင့် အင်းလေးအပန်းဖြေစခန်းများသို့သွားရောက်ကြမည့်ဘက်စုံပညာ ထူးချွန်လူငယ်များအား မန္တလေးမြို့ စုရပ်၌ အဋ္ဌမတန်းအတွက် အထက (၁၄) နှင့် အထက (၂၂) တို့တွင် လည်းကောင်း၊ နဝမတန်းအတွက် အထက(၁)နှင့် အထက(၄)တို့တွင် လည်းကောင်း တည်းခိုနေထိုင်ရန်စီစဉ်ပေးထားပြီး ဧပြီ ၂၉ ရက် နံနက် ၇ နာရီတွင် စုရပ်အသီးသီးမှ စတင်ထွက်ခွာ၍ မန္တလေးမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်နှင့် မဟာမုနိဘုရားသို့ဝင်ရောက်ဖူးမြော်ကာ သတ်မှတ်စခန်း အသီးသီးသို့ ဆက်လက် ထွက်ခွာသွားမည်ဖြစ်သည်။

အဆိုပါဘက်စုံပညာထူးချွန်လူငယ်များအား တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် တစ်တန်းလျှင် ၁၇၆ ဦးစီဖြင့် ရွေးချယ်ကာ လေ့လာရေးခရီးစဉ်အဖြစ် စီစဉ်ပေးခြင်းဖြစ်ပြီး အဆိုပါအပန်းဖြေစခန်းများကို မေ ၁ ရက်တွင် ဖွင့်ပွဲအခမ်းအနားများ တစ်ပြိုင်နက်တည်းကျင်းပကာ မေ ၄ ရက်တွင် စခန်းသိမ်းပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ၂၀၁၆- ၂၀၁၇ပညာသင်နှစ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် စတုတ္ထတန်းနှင့် အဋ္ဌမတန်းပြီးမြောက်ခြင်း အောင်ချက်ရာခိုင်နှုန်းများ

နေပြည်တော် ဧပြီ ၂၆

**၂၀၁၆-၂၀၁၇ပညာသင်နှစ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အခြေခံပညာမူလတန်းအဆင့်(စတုတ္ထတန်း)နှင့် အလယ်တန်းအဆင့်(အဋ္ဌမတန်း)ပြီးမြောက်ခြင်း အောင်ချက်ရာခိုင်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**မူလတန်းအဆင့်(စတုတ္ထတန်း)**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စာရင်းရှိဦးရေ | ဖြေဆိုဦးရေ | အောင်မြင်ဦးရေ | ကျရှုံးဦးရေ | အောင်% (ဖြေဆိုအရ) |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၃၅၀၀၅ | ၃၄၅၅၃ | ၃၄၅၄၆ | ၇ | ၉၉.၉၈% |
| ၂ | ကယား | ၆၃၂၉ | ၆၃၀၆ | ၆၃၀၆ | ၀ | ၁၀၀.၀၀% |
| ၃ | ကရင် | ၃၁၇၈၈ | ၃၁၁၁၆ | ၃၁၀၇၄ | ၄၂ | ၉၉.၈၇% |
| ၄ | ချင်း | ၁၂၆၁၃ | ၁၁၂၂၃ | ၁၀၃၇၇ | ၈၄၆ | ၉၂.၄၆% |
| ၅ | စစ်ကိုင်း | ၁၀၃၃၉၃ | ၁၀၂၂၁၁ | ၁၀၂၂၁၀ | ၁ | ၉၉.၉၉% |
| ၆ | တနင်္သာရီ | ၃၃၄၂၀ | ၃၂၁၃၈ | ၃၁၃၈၆ | ၇၅၂ | ၉၇.၆၆% |
| ၇ | ပဲခူး(အရှေ့) | ၆၂၃၁၅ | ၆၁၁၄၀ | ၆၁၁၄၀ | ၀ | ၁၀၀.၀၀% |
| ၈ | ပဲခူး(အနောက်) | ၃၀၄၁၄ | ၂၉၈၉၂ | ၂၉၈၉၁ | ၁ | ၉၉.၉၉% |
| ၉ | မကွေး | ၇၆၀၉၅ | ၇၅၂၈၆ | ၇၄၅၄၈ | ၇၃၈ | ၉၉.၀၂% |
| ၁၀ | မန္တလေး | ၁၃၂၀၀၉ | ၁၃၀၄၉၁ | ၁၃၀၄၉၀ | ၁ | ၉၉.၉၉% |
| ၁၁ | မွန် | ၃၉၀၇၄ | ၃၈၂၇၄ | ၃၈၂၆၉ | ၅ | ၉၉.၉၉% |
| ၁၂ | ရခိုင် | ၆၀၇၁၇ | ၅၃၈၅၈ | ၅၃၆၄၈ | ၂၁၀ | ၉၉.၆၁% |
| ၁၃ | ရန်ကုန် | ၁၀၇၉၇၃ | ၁၀၅၇၁၄ | ၁၀၅၆၆၃ | ၅၁ | ၉၉.၉၅% |
| ၁၄ | ရှမ်း(တောင်) | ၄၂၂၂၅ | ၄၁၇၅၃ | ၄၁၇၅၀ | ၃ | ၉၉.၉၉% |
| ၁၅ | ရှမ်း(မြောက်) | ၂၉၁၂၅ | ၂၈၀၅၀ | ၂၇၉၈၉ | ၆၁ | ၉၉.၇၈% |
| ၁၆ | ရှမ်း(ရှေ့) | ၈၆၉၃ | ၈၄၁၂ | ၈၄၁၁ | ၁ | ၉၉.၉၉% |
| ၁၇ | ဧရာဝတီ | ၁၁၄၁၇၆ | ၁၁၁၅၇၂ | ၁၁၁၅၆၇ | ၅ | ၉၉.၉၉% |
| ၁၈ | နေပြည်တော် | ၂၃၃၃၃ | ၂၃၀၂၅ | ၂၃၀၂၅ | ၀ | ၁၀၀.၀၀% |
| | ပြည်ထောင်စုအချုပ် | ၉၄၈၆၉၇ | ၉၂၅၀၁၄ | ၉၂၂၂၉၀ | ၂၇၂၄ | ၉၉.၇၁% |

**အလယ်တန်းအဆင့်(အဋ္ဌမတန်း)**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စာရင်းရှိဦးရေ | ဖြေဆိုဦးရေ | အောင်မြင်ဦးရေ | ကျရှုံးဦးရေ | အောင်% (ဖြေဆိုအရ) |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၂၇၉၀၀ | ၂၇၀၄၄ | ၂၆၉၆၃ | ၈၁ | ၉၉.၇၀% |
| ၂ | ကယား | ၄၇၂၆ | ၄၇၀၈ | ၄၇၀၈ | ၀ | ၁၀၀.၀၀% |
| ၃ | ကရင် | ၁၇၂၈၁ | ၁၆၇၉၄ | ၁၆၅၇၉ | ၂၁၅ | ၉၈.၇၂% |
| ၄ | ချင်း | ၇၈၇၃ | ၇၈၇၃ | ၇၈၇၃ | ၀ | ၁၀၀.၀၀% |
| ၅ | စစ်ကိုင်း | ၇၆၃၆၀ | ၇၅၁၆၀ | ၇၅၁၅၆ | ၄ | ၉၉.၉၉% |
| ၆ | တနင်္သာရီ | ၁၈၆၇၄ | ၁၇၇၁၈ | ၁၇၀၉၁ | ၆၂၇ | ၉၆.၄၆% |
| ၇ | ပဲခူး(အရှေ့) | ၃၉၆၀၂ | ၃၈၈၂၀ | ၃၈၈၁၄ | ၆ | ၉၉.၉၈% |
| ၈ | ပဲခူး(အနောက်) | ၂၂၁၅၈ | ၂၁၇၈၇ | ၂၁၇၈၃ | ၄ | ၉၉.၉၈% |
| ၉ | မကွေး | ၅၈၂၈၈ | ၅၇၃၈၄ | ၅၇၃၈၂ | ၂ | ၉၉.၉၉% |
| ၁၀ | မန္တလေး | ၈၂၇၈၉ | ၈၁၅၈၇ | ၈၁၃၈၃ | ၂၀၄ | ၉၉.၇၅% |
| ၁၁ | မွန် | ၂၄၆၅၂ | ၂၄၀၃၀ | ၂၄၀၂၈ | ၂ | ၉၉.၉၉% |
| ၁၂ | ရခိုင် | ၃၂၆၆၉ | ၃၀၈၉၅ | ၃၀၆၆၄ | ၂၃၁ | ၉၉.၂၅% |
| ၁၃ | ရန်ကုန် | ၉၁၈၃၃ | ၈၉၇၀၄ | ၈၉၅၄၂ | ၁၆၂ | ၉၉.၈၂% |
| ၁၄ | ရှမ်း(တောင်) | ၂၅၈၁၉ | ၂၅၄၇၇ | ၂၅၄၇၀ | ၇ | ၉၉.၉၇% |
| ၁၅ | ရှမ်း(မြောက်) | ၁၅၉၀၀ | ၁၅၄၁၉ | ၁၅၁၁၆ | ၃၀၃ | ၉၈.၀၃% |
| ၁၆ | ရှမ်း(ရှေ့) | ၄၅၅၁ | ၄၄၄၂ | ၄၄၄၂ | ၀ | ၁၀၀.၀၀% |
| ၁၇ | ဧရာဝတီ | ၇၃၉၃၃ | ၇၂၃၂၁ | ၇၂၁၀၀ | ၂၁ | ၉၉.၉၇% |
| ၁၈ | နေပြည်တော် | ၁၆၉၁၆ | ၁၆၆၃၉ | ၁၆၆၃၉ | ၀ | ၁၀၀.၀၀% |
| | ပြည်ထောင်စုအချုပ် | ၆၄၁၉၂၄ | ၆၂၇၆၁၂ | ၆၂၅၇၄၃ | ၁၈၆၉ | ၉၉.၇၀% |

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၂၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၉၂ စီး၊ သွင်းကုန် ၄၇၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၂ စီး၊ သွင်းကုန် ၁၀၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁ ဒသမ ၉ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၇ ဒသမ ၈၈၇ သန်းခန့် စုစုပေါင်း တားဆီးမှု ကိုးမှု ခန့်မှန်း တန်ဖိုးငွေကျပ် ၃၉ ဒသမ ၇၈၇ သန်းခန့် ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၂၄ ရက်တွင် မန္တလေးမှ မူဆယ်သို့သွားရောက်မည့် Caldina Van ယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီး၍ စစ်ဆေးခဲ့ရာ ယာဉ်၏ Dashboard နှင့်ဆီတိုင်ကီအတွင်း၌ သိဝှက်သယ်ဆောင်လာသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်များ ၂၁၄ ကီလိုဂရမ်ခန့်နှင့် သယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ ဒသမ ၇ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



သိုဝှက်သယ်ဆောင်လာသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်များ

# သံဖြူဇရပ်မြို့လယ် လမ်းဆုံအဝိုင်းကို ၁၂ ဘီးယာဉ်ဝင်တိုက်၍ ဟင်္သာရုပ်တုပျက်စီး



**သံဖြူဇရပ် ဧပြီ ၂၆**

သံဖြူဇရပ်မြို့လယ်ရှိ ကျိုက္ခမီလမ်းနှင့် ရေး-ထားဝယ်သွားကားလမ်းခွဲလမ်းဆုံ ဟင်္သာရုပ်တုအဝိုင်းပတ်ကို ဧပြီ ၂၆ ရက် မွန်းလွဲ ၂ နာရီက မော်လမြိုင်မှ ရေးမြို့သို့ ယာဉ်မောင်း မြင့်ဦး(၃၆ နှစ်) မောင်းနှင်ပြီး ယာဉ်အကူ မျိုးဇော်လတ်(၃၉ နှစ်) လိုက်ပါသည့် ဘိလပ်မြေအိတ် ၃၅၀ ခန့် တင်ဆောင်လာသော နီဆန်း ၁၂ ဘီး ယာဉ် 1B/---- သည် အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိရာ မော်တော်ယာဉ်မှာ အဝိုင်းအလယ်သို့ တက်သွားပြီး ကာရံထားသည့် ကွန်ကရစ်အုတ်နံရံနှင့် စတီးလ်အကာများအပြင် အဝိုင်း၏ဗဟိုရှိ ဟင်္သာရုပ်တုကို တိုက်ကာ မော်တော်ယာဉ်မှာ ရပ်တန့်သွားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ပတ်ဝန်းကျင်၌ သွားလာနေသည့် လူနှင့် အခြားယာဉ်များ ထိခိုက်မှုမရှိဘဲ ယခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်က ဖွင့်လှစ်ခဲ့သည့် ဟင်္သာရုပ်တုမှာ လုံးဝပျက်စီးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း မြင့်ဦး ရေးမြို့နယ်နေသူအား သံဖြူဇရပ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# လုယက်သူနှစ်ဦးကို အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်စီ အမိန့်ချ

**မန္တလေး ဧပြီ ၂၆**

ပြည်ကြီးတံခွန်မြို့နယ် ဗန္ဓုလလမ်း(စ)ရပ်ကွက်နေ ပြစ်မှုကျူးလွန်သူ တင်နိုင်ဦးနှင့် ချမ်းမြသာစည်မြို့နယ် ချမ်း/တောင်ရပ်ကွက် မြို့ဟောင်းဘူတာ အကွက်(၈၃) နေ ပြစ်မှုကျူးလွန်သူ ရဲရင့်(ခ)ဝဏ္ဏ(ခ)ဝဏ္ဏကျော်တို့သည် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက် နံနက် ၄ နာရီခွဲက မဟာအောင်မြေမြို့နယ် သိပ္ပံလမ်း(မြောက်ဘက်) ၆၉ လမ်းနှင့် ၇၃ လမ်းကြား၊ သိပ္ပံလမ်းအတိုင်းအရှေ့မှ အနောက်သို့ အမျိုးသမီးတစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ရှေ့ခြင်းအတွင်း ထည့်ထားသော လက်ဆွဲအိတ်တစ်လုံးနှင့် ဆလင်းဘက်အိတ်အတွင်းမှ SAMSUNG Galaxy Tab S2 တစ်လုံး၊ ငွေကျပ် ၂၃၀၀၀ တို့ ထည့်ထားသောအိတ်ကို လုယူခဲ့ကြောင်း ပြစ်မှုထင်ရှားသဖြင့် မဟာအောင်မြေမြို့နယ်တရားရုံး တွဲဖက်မြို့နယ်တရားသူကြီး(၁)က ဧပြီ ၂၅ ရက်တွင် ပြစ်မှုကျူးလွန်သူများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၉၂ အရ အလုပ် နှင့် ထောင်ဒဏ် ခုနစ်နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# မော်တော်ယာဉ်တစ်စီး ပေ ၇၀ ကျော်ခန့်ရှိ ချောက်ထဲထိုးကျ

**တာချီလိတ် ဧပြီ ၂၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု စန်းလုရွာနှင့် ယန်းခေါင်ရွာကြား တောင်ပေါ်ကားလမ်းမပေါ်တွင် မော်တော်ယာဉ်တစ်စီး ပေ ၇၀ ကျော်ခန့်ရှိ ချောက်ထဲသို့ ထိုးကျကာ အမျိုးသားတစ်ဦး သေဆုံး၊ ကလေးငယ်တစ်ဦးဒဏ်ရာရရှိသည့်ဖြစ်စဉ် ဧပြီ ၂၅ ရက် ည ၇ နာရီခန့်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆက်လက်စစ်ဆေးရာ ဧပြီ ၂၅ ရက် ညနေ ၄ နာရီခန့်က တာချီလိတ် မြို့မှ ၁၀ မိုင်ခန့်အကွာ လွယ်တော်ခမ်းကျေးရွာအုပ်စု စန်းလုကျေးရွာအုပ်စု စန်းလုရွာနှင့် ယန်းခေါင်ရွာကြား တောင်ပေါ်ကားလမ်းမပေါ်တွင် စန်းလုရွာဘက်မှ ယန်းခေါင်ရွာဘက်သို့ အားဝူ မောင်းနှင်ပြီး ရှေ့ခေါင်းခန်းတွင် တူဖြစ်သူ မောင်အားမူ လိုက်ပါလာသည့် VIGO မော်တော်ယာဉ်သည် တောင်ပေါ်လမ်းအကွေ့အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက် ပေ ၇၀ ကျော်ခန့်ရှိ ချောက်ထဲသို့ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။ ယာဉ်တိမ်းမှောက်မှုကြောင့် အားဝူး(၃၃ နှစ်) ဂျော့ပရွာ လွယ်တော်ခမ်းကျေးရွာအုပ်စု တာချီလိတ်မြို့နယ်နေသူ သေဆုံးနေပြီး မောင်အားမူ (၇ နှစ်)သည် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာရှိ ဘာသာရေးအဆောက်အအုံအတွင်း မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဧပြီ ၂၆**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာရှိ ဘာသာရေးအဆောက်အအုံတစ်ခုအတွင်း ယမန်နေ့ည ၁၀ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စေတီပြင်ကျေးရွာ လုံခြုံရေးကင်းတာဝန်ချထားသော အာဖော့တူလာမှ ယမန်နေ့ ည ၁၀ နာရီခန့်တွင် ဘာသာရေးအဆောက်အအုံအတွင်း မီးရောင်မြင်ကြောင်း ရာအိမ်မှူးထံ သတင်းပို့ရာမှ အဆောက်အအုံအတွင်း မီးလောင်ကျွမ်းနေသည်ကို တွေ့ရှိရပြီး ဝိုင်းဝန်းငြိမ်းသတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မီးလောင်မှုကြောင့် ဘာသာရေးစာအုပ်များနှင့် ကော်ဇောလိပ်(၄)ချပ် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀ ခန့် ဆုံးရှုံးပြီး မီးလောင်မှုနှင့်ပတ်သက်၍ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရသေ့တောင်မြို့နယ်တွင် ဓားထိုးမှုဖြစ်ပွား

**နေပြည်တော် ဧပြီ ၂၆**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အုတ်ဖိုကျေးရွာ၌ အမျိုးသမီးတစ်ဦး ဓားထိုးခံရမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၅ ရက် နံနက်ပိုင်းက ရသေ့တောင်မြို့နယ် အုတ်ဖိုကျေးရွာရှိ နေအိမ်ခြံဝင်းအတွင်း၌ မဖြူမကြီး (၂၈ နှစ်)နှင့် သမီးဖြစ်သူ မမေဖြူသန့် (၁၁ နှစ်) တို့ကို အမည်မသိ(စိစစ်ဆဲ)လူတစ်ဦးက ဓားဖြင့်ထိုးခဲ့ရာ မဖြူမကြီးသည် လည်ပင်း၊ လည်ကုပ် ပြတ်ရှဒဏ်ရာ၊ မေးစေ့အောက်ထိုးသွင်းဒဏ်ရာများနှင့် မမေဖြူသန့်တွင် ပွန်းပဲ့ဒဏ်ရာတို့ ရရှိခဲ့ပြီး ၎င်းတို့နှစ်ဦးအား ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လွတ်မြောက်နေသည့် ပြစ်မှုကျူးလွန်သူအား အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကော့သောင်း - ရနောင်းခရီးသည်တင်လှေနစ်မြုပ်မှုမှ ပျောက်ဆုံးခရီးသည်အမျိုးသား သေဆုံးလျက်ပြန်လည်တွေ့ရှိ

**ကော့သောင်း ဧပြီ ၂၆**

ထိုင်း-မြန်မာနယ်စပ် ကော့သောင်းမြို့ ဓမ္မာရုံကူးတို့ဆိပ်အရှေ့ပါချန်မြစ်အတွင်း ဧပြီ ၂၅ ရက်က ခရီးသည်တင်ကူးတို့နစ်မြုပ်ခဲ့ရာမှ ပျောက်ဆုံးနေသည့် ခရီးသည်အမျိုးသားတစ်ဦး၏ အလောင်းကို ဧပြီ ၂၆ ရက် ညနေပိုင်းက လှေနစ်မြုပ်ရာနှင့် မနီးမဝေး ကျောက်ဆောင်များအနီးမှ ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကော့သောင်း - ရနောင်း ခရီးသည်တင်ကူးတို့ ပဲ့ချိတ်လှေနစ်မြုပ်မှုဖြစ်စဉ်တွင် ခရီးသည် ၁၅ ဦးမှ ၁၄ ဦး အသက်ရှင်လျက် ပြန်လည်ကယ်ဆယ်ရရှိခဲ့ပြီး ပျောက်ဆုံးနေသည့် ခရီးသည် အမျိုးသား ဘီလူးကျွန်းချောင်းဆုံမြို့နယ်နေ အောင်ထိန်လင်း(၃၄ နှစ်)၏ အလောင်းကို ယနေ့ ညနေပိုင်းတွင် ရနောင်းမှ ကော့သောင်းသို့ပြန်လာသည့် ပဲ့ချိတ်လှေတစ်စင်းမှ တွေ့ရှိဆယ်ယူရရှိခဲ့ပြီး မြို့မဆိပ်ကမ်းတံတားမှတစ်ဆင့် ကော့သောင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးထားကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများက မိဘဆွေမျိုးများထံ အကြောင်းကြားပေးမှုနှင့် လိုအပ်သည့်စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**


## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးသန်းဦး၏သား မောင်သူရအောင် ၁၂/ဒဂမ(နိုင်) ၀၂၆၈၅၅နှင့် မောင်ညဏ်လင်းထက်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ညောင်လေးပင်မြို့နယ်၊ ကြာအင်းကြီးကျေးရွာ၊အလက(ခွဲ)၊ န၀မတန်းမှ မောင်ဆန်းမင်း၏ အမည်မှန်မှာ ဆလိုင်းဆန်းမင်းအောင် ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၃၆၂ခုနှစ် ဖြစ်ပါကြောင်း။

**ဆလိုင်းဆန်းမင်းအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9J/1290 Mitsubishi Pajero H77w S/W ယာဉ်လက်ဝယ်ရှိသူ ကရင်အမျိုးသားအစည်းအရုံးက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး၊(ဘားအံမြို့)**

## အမည်ပြောင်း

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း၊ ရန်ကြီးအောင်ရပ်ကွက်နေ ဦးဇော်မျိုးအောင်-ဒေါ်အေးအေးသင်းတို့၏သား ပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်းမှ အဋ္ဌမတန်းအောင်မြင်ထားသူ မောင်အောင်ထွန်းမော်အား ယနေ့မှစ၍ မောင်ဘုန်းမင်းမော်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဘုန်းမင်းမော်**

ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူးရုံး၊ မုံရွာမြို့

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း မူလတန်းဆင့်သင်ကျောင်းသား ကျောင်းသူအားလုံးအတွက် လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ထောက်ပံ့ပေးရန် လိုအပ်သော လေ့ကျင့်ခန်းစာအုပ်များအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်သွင်းရမည့်လေ့ကျင့်ခန်းစာအုပ်ဒါဇင်

| | | |
|---|---|---|
| (က) | ၂၂၀၈၁၄ ဒါဇင် | |
| (ခ) | တင်ဒါပိတ်မည့်ရက်၊ အချိန် | - ၁၀-၅-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ၁၆း၀၀နာရီ |
| (ဂ) | တင်ဒါဖွင့်မည့်ရက်၊ အချိန် | - ၁၁-၅-၂၀၁၇ရက် (ကြာသပတေးနေ့) ၁၀း၀၀နာရီ |
| (ဃ) | နေရာ | - တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ |

၃။ တင်ဒါပုံစံများကို ၂၇-၄-၂၀၁၇ ရက်မှစ၍ ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူးရုံး၊ မုံရွာမြို့**
**ဖုန်း-၀၇၁-၂၂၆၄၈၊ ၂၂၉၉၈၊ ၀၉-၄၀၀၄၆၅၅၃၂၊ ၀၉-၄၂၀၂၅၅၀၇၃၊ ၃၃၁၀၀၅၆၇**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်ခရိုင်၊ ဇန်းမော်မြို့၊ (၃)မိုင် ရွှေပြည်သာကွက်သစ် အကွက်အမှတ်(က-၇၇)၊ အလျားပေ(၁၀၀)၊ အနံပေ (၁၀၀)ရှိ ဦးကျော်သန်းဌေး ၁/ဗမန(နိုင်)၀၀၇၄၄၃ အမည်ပေါက်မြေကို ဒေါ်ဝါဝါတင် ၁/ဗမန(နိုင်)၀၀၇၄၆၆က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး ဖြစ်၍ ဒေါ်ဝါဝါတင် အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**ဒေါ်ဝါဝါတင် ၁/ဗမန(နိုင်)၀၀၇၄၆၆**
**ဇန်းမော်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်မြို့နယ်၊ (၁၇)ရပ်ကွက်၊ (၁၁)လမ်း၊ အမှတ် ၄၉၃နေ ဦးအောင်ခိုင် ၅/မလန(နိုင်)၀၂၉၈၀၃၏သား မောင်ဇော်မျိုးခိုင် ၅/မလန(နိုင်)၀၃၃၃၃၉သည် မိဘနှစ်ပါးအား ကံသုံးပါးဖြင့် ကိုယ်ထိလက်ရောက်စော်ကားခြင်း၊ ကြိမ်းမောင်းခြိမ်းခြောက်ခြင်းများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် အမွေခံသားအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့်၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်ခိုင်**

## တင်ဒါဖွင့်ရက်ပြင်ဆင်သတ်မှတ်ခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)မှ သင်တန်းသား (၅၀)ဆံ့ နှစ်ထပ်အိပ်ဆောင်(ပေ၂၀၀×ပေ၅၀) ဆောက်လုပ်ခြင်းလုပ်ငန်း၊ (ရေ၊ မီး၊ မိလ္လာနှင့် Ground Tank၊ ရေစင်နှင့်စားရိပ်သာ၊ စားချက်ဆောင်၊ အိပ်ဆောင်ကြွေပြားခင်းခြင်း၊ သံပန်းတပ်ဆင်ခြင်း လုပ်ငန်းများအပါအဝင်)နှင့် ၄" အဝီစိတွင်း(၁)တွင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်ရှိသဖြင့် မြန်မာ့အလင်းတွင် ၆-၄-၂၀၁၇ ရက်၌ ပထမအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူပြီး ဖြစ်ပါသည်။

၂။ အဆိုပါ တင်ဒါခေါ်ယူခြင်းအား ယခု ဒုတိယအကြိမ်အဖြစ် ထပ်မံတင်ဒါခေါ်ယူပါကြောင်းနှင့် တင်ဒါပုံစံရောင်းချခြင်းအား ၂၅-၄-၂၀၁၇ ရက်အထိ ရောင်းချမည့်အစား ၅-၅-၂၀၁၇ ရက်အထိ ရောင်းချပေးပြီး အိတ်ဖွင့်တင်ဒါလက်ခံခြင်း၊ ဖွင့်ဖောက်ရွေးချယ်ခြင်းအား ၂၇-၄-၂၀၁၇ ရက်အစား ၈-၅-၂၀၁၇ ရက်သို့ ပြင်ဆင်ပြောင်းလဲသတ်မှတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါကော်မတီ**
**ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)**
**ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**

## အမည်မှန်

အင်းစိန်မြို့နယ်၊ အထက-၁၊ အလက(ပြ) ဆရာမဒေါ်တင်တင်အုန်း(ခ) ဒေါ်တင်တင်အုံး ၁၂/အစန(နိုင်)၀၇၇၁၀၆ ၏ အမည်မှန်မှာ ဒေါ်တင်တင်အုန်း ဖြစ်ပါသည်။

**ဒေါ်တင်တင်အုန်း**

## အမည်ပြောင်း

ဦးတင်ဦး၏သမီး အထက(၂)၊ ဗဟန်းမှ မယုမီစံအား မမြတ်သရဖီကိုဟု ပြောင်းလဲခေါ်ပါရန်။

**မမြတ်သရဖီကို**

## မိဘအမည်မှန်

တနိုင်းမြို့နယ်၊ လမုန်ကျေးရွာ အလက(လမုန်)၊ အဋ္ဌမတန်း(B)မှ မောင်ကျော်ဆီးဆီနှင့် မယောထွေးတို့၏ မိဘအမည်များမှာ ဦးခီးရုံဟူးနှင့် ဒေါ်နှာလီယက်တို့ ဖြစ်ပါကြောင်း။

**ဦးခီးရုံဟူး(၁/တနန(နိုင်)၀၀၄၃၃၄)**
**ဒေါ်နှာလီယက်(၁/တနန(နိုင်)၀၀၀၃၄၉)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သဲကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ ဦးအေးလွင်-ဒေါ်သန်းဌေးတို့၏သား မောင်ထင်လင်း ၇/သကန(နိုင်)၁၀၁၇၆၈ သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း။

**ဦးအေးလွင်-ဒေါ်သန်းဌေး**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ဈေးလမ်း၊ တိုက်(၅၃)၊ (၅-လွှာ)၊ (ခြေရင်း/B) တွင် နေထိုင်သူ ဦးဖြိုးဝေမျိုးဝင်း(၁၂/အစန(နိုင်)၁၈၁၄၇၀) ကိုင်ဆောင်သူက အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

၃၃၃၀/၂၀၁၇ ၃၃၃၁/၂၀၁၇

အထက်တွင် ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်များဖြင့် ကျားဝတ်၊ မဝတ်၊ ကလေးဝတ်၊ အင်္ကျီ ဘောင်းဘီ၊ ဦးထုပ်၊ ပုဝါ၊ ခြေအိတ်၊ လက်အိတ်၊ ခါးပတ်၊ အဝတ်အထည်ပုံစံအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါတံဆိပ်အမည်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲခြင်းမပြုရန်နှင့် တုပပြုလုပ်ဆောင်ရွက်သည်ကိုတွေ့မြင်ကြားသိရပါက တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကြည်ပြာလှိုင် (LL.B., D.B.L., D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၃၂၇)
အမှတ်- ၉၃၊ မြေညီ၊ အရိုးကုန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊
တာမွေမြို့နယ်၊ရန်ကုန်မြို့။

# ဗားကရာဆိပ်ကမ်း၌ သင်္ဘောတစ်စင်း ဝန်အားမမျှသဖြင့် တိမ်းစောင်းနစ်မြုပ်



**ရန်ကုန် ဧပြီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက် ဗားကရာဆိပ်ကမ်း ဆိပ်ခံတံတားအမှတ်(၁)တွင်ဆိုက်ကပ်၍ ကုန်ပစ္စည်းများတင်ဆောင်ထားရှိသော စစ်တွေမြို့နေ ဦးရွှေမောင်ပိုင်ဆိုင်သည့် ကမ်းရိုးတန်းသွား MV ရွှေလက်ဝါးသင်္ဘောသည် ဧပြီ ၂၆ ရက် ညနေ ၄နာရီကကုန်ပစ္စည်းများတင်ဆောင်စဉ် အလေးချိန်မညီမျှသဖြင့် သင်္ဘောကုန်းပတ်နှင့် ဇောတံတားတို့ ချိတ်မိပြီး တိမ်းစောင်းမှုဖြစ်ပွားခဲ့သည်။(ဓာတ်ပုံ)

မြို့နယ်လုံခြုံရေးတပ်ဖွဲ့ဝင် ဦးထွန်းထွန်းလင်းက “သင်္ဘောမှာ ဆီထည့်ထားတဲ့ စည်ပိုင်းတွေအများကြီး တင်ဆောင်ထားတာတွေ့ရတယ်။ မော်တော်ယာဉ်နှစ်စီးနှင့် အခြားကုန်စည်တွေအများကြီးတင်ဆောင်ထားတာကို တွေ့ရပါတယ်။ တန်ချိန်အပိုတင်ဆောင်မှုကြောင့် နစ်မြုပ်ရတဲ့အနေအထားပါ”ဟု ဆိုသည်။

အဆိုပါသင်္ဘောကို ရေယာဉ်မှူး ဦးမင်းကိုကို (၃၀နှစ်)မောင်းနှင်ကာ သင်္ဘောပေါ်၌ သင်္ဘောသားရှစ်ဦးပါဝင်ကြောင်း သိရသည်။

သင်္ဘောတိမ်းစောင်းမှုဖြစ်ပွားရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဆိပ်ကမ်းအာဏာပိုင်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက သင်္ဘောပြန်လည်တည့်မတ်ရေး ဆောင်ရွက်နေစဉ် သင်္ဘောမှာနစ်မြုပ်သွားခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၌ (၄၅) ကြိမ်မြောက် သြဝါဒခံယူပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၂၆**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့၏ နိုင်ငံတော်သံဃနာယကဆရာတော်ကြီးများ၊ စေတီတော်သြဝါဒါစရိယဆရာတော်ကြီးများထံမှ (၄၅) ကြိမ်မြောက် သြဝါဒခံယူပွဲကို ဧပြီ ၂၈ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် စေတီတော်ဂေါပကအဖွဲ့ရုံးခန်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။
**ကိုချစ်**

# ကျွန်းလှမြို့နယ်တွင် လေပြင်းတိုက်ခတ်၍ စေတီတစ်ဆူစိန်ဖူးတော်မြေခ

**ကျွန်းလှ ဧပြီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် အင်တိုင်းကျေးရွာအရှေ့ဘက် တစ်မိုင်ခန့်အကွာ တောရရွှေကျင်ကျောင်းတိုက်၌ ဧပြီ ၂၅ရက် ည ၇ နာရီ ၄၅ မိနစ်က လေပြင်းတိုက်ခတ်၍ စေတီတစ်ဆူမှ စိန်ဖူးတော်မြေခသွားကြောင်း သိရသည်။

အဆိုပါမြေခသွားသော စိန်ဖူးတော်အား ကျေးရွာတာဝန်ရှိသူများနှင့် ရွာသူရွာသားများပူးပေါင်းကာ ပြန်လည်ပြုပြင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# မြန်မာနိုင်ငံသားအထင်ဖြင့် ထိုင်းနိုင်ငံမှလွှဲပြောင်းပေးအပ်သူတစ်ဦးအား မြန်မာဘက်ကလက်မခံ

**တာချီလိတ် ဧပြီ ၂၆**

ဧပြီ ၂၆ ရက် မွန်းလွဲပိုင်းက ထိုင်းနိုင်ငံအတွင်း၌ တရားမဝင်နေထိုင်အလုပ်လုပ်ကိုင်နေကြသူများအား ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာနမှ ဖမ်းဆီးပြီး မြန်မာ-ထိုင်းနယ်စပ်အမှတ်(၂) ချစ်ကြည်ရေးတံတားတွင် အပတ်စဉ် ပုံမှန်လွှဲပြောင်း/လက်ခံမှုများ ပြုလုပ်ခဲ့ သည်။

ထိုသို့လွှဲပြောင်း/လက်ခံစဉ် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးအဖွဲ့နှင့် လူ/ကုန်တားအဖွဲ့များမှ မိမိမြန်မာနိုင်ငံသား ဟုတ် မဟုတ် မေးမြန်း စိစစ်ရာ အဆိုပါ လွှဲပြောင်းပေးသူများအနက် မြန်မာနိုင်ငံသားမဟုတ်သည့် အဘူရှိမိုဟာမက် (၅၂ နှစ်) အား “မြန်မာနိုင်ငံသား”အထင်ဖြင့် ထိုင်းနိုင်ငံမှ လွှဲပြောင်းခြင်းအားစိစစ်တွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံမှ လက်ခံရန် ငြင်းဆိုခဲ့ပြီး ထိုင်းနိုင်ငံတာဝန်ရှိသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# မာန်အောင်၌ သင်္ကြန်ရိုးရာ ရေစစ်ပွဲတော် ကျင်းပမည်

**မာန်အောင် ဧပြီ ၂၆**

မာန်အောင်မြို့ပေါ် သင်္ကြန်ရိုးရာရေစစ်ပွဲတော်ကို ဧပြီ ၂၈ ရက် မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေစစ်ပွဲတော်မှာ ဧပြီ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဟု လျာထားခဲ့သော်လည်း ဧပြီ ၂၈ ရက်မှ ၃၀ ရက်တွင် ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း၊ သင်္ကြန်ရေကစားပွဲနှင့်မတူဘဲ တစ်မူထူးခြားသည်ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။ မကြာသေးမီက ကျင်းပခဲ့သည့် ကမားရေစစ်ပွဲတော်နှင့် နေ့ရက်နီးကပ်နေသဖြင့် ယခုကဲ့သို့ နေ့ရက်ပြောင်း၍ ကျင်းပဖြစ်ကြောင်း ၎င်းကဆိုသည်။
**(မြို့နယ် ပြန်/ဆက်)**

# လေပြင်းတိုက်၍ မူလတန်းကျောင်း အမိုးလန်ပျက်စီး

**မင်းပြား ဧပြီ ၂၆**

ရခိုင်ပြည်နယ်၌ တိုက်ခတ်ခဲ့သော မာရသာမုန်တိုင်းအရှိန်ကြောင့် ရံဖန်ရံခါ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းများရှိရာ ဧပြီ ၂၅ ရက်က မင်းပြားမြို့နယ်၌ မိုးသက်လေပြင်းတိုက်ခတ်ခဲ့ရာ သံရှင်ကျေးရွာအုပ်စု နားဒင်ရွာဟောင်းကျေးရွာရှိ အမှတ်(၁၂၄) အခြေခံပညာမူလတန်းကျောင်း၊ အလျား ပေ ၆၀၊ အနံ ပေ ၃၀ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းကျောင်းဆောင်မိုးမှာ သွပ်အချပ် ၇၀ အမိုးလန်သွားကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးမိုးထွန်းနှင့် ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် အဆိုပါသတင်းရလျှင်ရချင်း ယင်းကျေးရွာသို့ သွားရောက်ပြီး လိုအပ်သည်များကို မှာကြားကာ သွပ်များလှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/9089 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/1449 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၄၀၂၆၈ Honda C90 Custom ,M/C ယာဉ်လက်ဝယ်ရှိသူ ဦးတူး ၉/မနမ(နိုင်)၀၂၆၆၂၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8C/2459 Top Star L/T ,P/U ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းရီ (ခ)ခင်ဝင်းရီ ၁၂/ကမတ(နိုင်)၀၄၀၃၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဒေါ်မိုးမိုးအောင်(အဖ-ဦးမြင့်လွင်) ၁၂/မဂဒ(နိုင်)၀၁၈၃၆၇နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့နေ စိတ်ကျန်းမာရေးပါရဂူဒေါက်တာ ဦးစောဝေဖြိုး (အဖ-ဦးစောရွှေ) ၅/မရန(နိုင်)၁၃၆၂၆၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

၁။ ကျွန်ုပ်၏မိတ်ဆွေနှင့်လူကြီးမင်း ဒေါ်မိုးမိုးအောင်တို့သည် ၂၈-၆-၂၀၀၈ရက်မှစ၍ မြန်မာဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်း၍အတူတကွနေထိုင်လာခဲ့ရာ ယနေ့တိုင်ဖြစ်သော်လည်း သားသမီးရတနာ ထွန်းကားခဲ့ခြင်းမရှိဟု သိရပါသည်။

၂။ ၂၀၁၇ခုနှစ်၊ မတ်လထဲတွင် ကျွန်ုပ်၏မိတ်ဆွေသည် ဒူဘိုင်းမြို့(ယူအေအီး)သို့ ဆေးပညာအစည်းအဝေးတက်ရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ သည့်အချိန်မှစ၍ ဇနီးဖြစ်သူ ဒေါ်မိုးမိုးအောင်နှင့်အိမ်ထောင်ရေး ကတောက်ကဆဖြစ်ခဲ့ရာ ယနေ့ထိဖြစ်ပါသည်။

၃။ သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေနှင့်ဇနီးဖြစ်သူ ဒေါ်မိုးမိုးအောင်တို့အကြား အိမ်ထောင်ရေးမသင့်မတင့်ဖြစ်နေသည့် ကာလအတွင်း လင်မယားနှစ်ဦးပိုင် လက်ထပ်ပွားပစ္စည်းများအနက် မရွှေ့မပြောင်းနိုင်သော ပစ္စည်းဖြစ်သည့် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)တိုးချဲ့ရပ်ကွက်၊ စိန်ရတီလမ်း၊ အမှတ် ၁၂၄၊ (ရတနာကျွန်းရိပ်သာ)ဟု လိပ်စာအမည်တွင်သော မြောက်ဥက္ကလာပမြို့နယ်၊ (၄)တိုးချဲ့ရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ်(-)၊ မြေအကျယ်အလျား×အနံ ပေ(၆၀×၈၀)ရှိ ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံတွင် မြေပိုင်ရှင်အဖြစ် ဇနီးဖြစ်သူဒေါ်မိုးမိုးအောင် အမည်ပေါက်လျက်ရှိနေသောကြောင့် သူမသည်ယင်း ဂရန်မြေအမည်ပေါက်မှ အမည်သစ်သို့ပြောင်းလဲခြင်း အပါအဝင်တစ်နည်းမဟုတ် တစ်နည်းဖြင့် လွှဲပြောင်းမှုတစ်ခုခု ပြုလုပ်ရန်ကြံစည်လုပ်ဆောင်နေကြောင်း ခိုင်ခိုင်လုံလုံ ကြားသိနေရပါသည်။

၄။ အထက်စာပိုဒ်-၃တွင်ဖော်ပြပါ လင်မယားနှစ်ဦးပိုင် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ၊ သို့တည်းမဟုတ် သဘောမတူဘဲ ဇနီးဖြစ်သူဒေါ်မိုးမိုးအောင်သည် သူမအမည်ပေါက်ပိုင်ဆိုင်သည်ဆိုရုံမျှဖြင့် သူမ၏ဆန္ဒတစ်ခုတည်းဖြင့် တစ်နည်းမဟုတ်တစ်နည်း လွှဲပြောင်းမှုတစ်ရပ်ရပ်ကို တစ်ဖက်သတ်ကြံစည်ပြုလုပ်မည်ဆိုလျှင် ကျွန်ုပ်၏မိတ်ဆွေမှ ခွင့်မပြုပါကြောင်းနှင့် ထိုသို့တားမြစ်ထားပါလျက် ဖွတ်အတင်းဆက်လက်ကြံစည်ပြုလုပ်မည်ဆိုပါက ကျွန်ုပ်မိတ်ဆွေသို့ ပေးအပ်ထားသော ဥပဒေပါအခွင့်အရေးအရပ်ရပ်ကို အသုံးပြုတားဆီးကာကွယ်သွားရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါက်တာစောဝေဖြိုး**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးမြင့်**
**B.Sc(Geol);H.G.P.;R.L.;D.B.L.;**
**D.M.L.;D.I.L.;D.A.Psy.;**
**WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၉၉)**
**(ရုံး) အမှတ်-၇၇(ပထမထပ်)၊**
**၃၈လမ်း(အောက်)၊ (၆)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၂၉၅၈၂၄၊ ၀၉-၅၀၇၉၄၈၆၊**
**၀၉-၄၉၇၄၄၃၃၂**

တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ နိုင်ငံခြားသွားလိုသူများနှင့် အလုပ်ကောင်းရလိုသူများအတွက်
ဆရာအာသာ SUCCESS Language Academy
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954

BASIC ENGLISH SPEAKING
1 - 2:30 (Mon ~ Thurs) 24 Apr
3:30 - 5 (Mon ~ Thurs) 2 May
1 - 4:00 (Sat + Sun) 7 May
9 - 12:00 (Sat + Sun) 13 May

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon ~ Thurs) 2 May
3:30 - 5 (Mon ~ Thurs) 2 May
1 - 4:00 (Sat + Sun) 6 May
7:30 - 9 (Mon ~ Thurs) 15 May
10-11:30 (Mon~Thurs) 15,22 May
9 - 12:00 (Sat + Sun) 20 May

BASIC WRITING
1 - 2:30 (Mon ~ Thurs) 24 Apr
1 - 4:00 (Sat + Sun) 13 May

PRE-INTERMEDIATE (4-SKILL ENGLISH)
3:30 - 5 (Mon ~ Thurs) 24 Apr
9 - 12:00 (Sat + Sun) 6 May
9:30-12:30 (Sat + Sun) 20 May

INTERMEDIATE (ACADEMIC ENGLISH)
1 - 2:30 (Mon ~ Thurs) 24 Apr
9:30-12:30 (Sat + Sun) 7 May

VOCAB ENRICHMENT
9 - 12:00 (Sat + Sun) 6 May
10-11:30 (Mon ~ Thurs) 22 May

BASIC GRAMMAR
1 - 2:30 (Mon ~ Thurs) 2 May

IELTS (Preparation)
7:30-9:30 (Mon ~ Thurs) 24 Apr
1 - 4:30 (Sat + Sun) 6 May

IELTS (Grammar + Vocab)
10-11:30 (Mon ~ Thurs) 29 May

BASIC ENGLISH SPEAKING
3:30 - 5 (Mon~Thurs) 24 Apr
7:30 - 9 (Mon~Thurs) 8 May
1 - 2:30 (Mon~Thurs) 15 May
12 - 3:00 (Sat + Sun) 21 May

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon~Thurs) 2 May
3:30 - 5 (Mon~Thurs) 2 May
7:30 - 9 (Mon~Thurs) 9 May
7:30-10:30 (Sat + Sun) 13 May
10-11:30 (Mon~Thurs) 15 May

IELTS (Speaking + Vocab)
10-11:30 (Mon~Thurs) 8 May

IELTS (Reading + Vocab)
1 - 3:00 (Mon~Thurs) 15 May

IELTS (Writing+Grammar)
7:30 - 9 (Mon~Thurs) 29 May


BASIC GRAMMAR
7:30-10:30 (Sat+Sun) 22 Apr
1 - 4:00 (Sat+Sun) 20 May

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30 - 9 (Mon~Thurs) 24 Apr
6 - 7:30 (Mon~Thurs) 24 Apr
9 - 12:00 (Sat + Sun) 6 May
10-11:30 (Mon~Thurs) 22 May

INTERMEDIATE (ACADEMIC ENGLISH)
6 - 7:30 (Mon~Thurs) 24 Apr
4:30-7:30 (Sat + Sun) 29 Apr
7:30 - 9 (Mon~Thurs) 29 May

IELTS (Preparation)
4:30-7:30 (Sat + Sun) 22 Apr

IELTS (Writing+Grammar)
12:30-3:30 (Sat+Sun) 20 May




ကင်ဆာရောဂါသည် နေ့စဉ်စားသောက်နေသော အစားအစာများနှင့် တိုက်ရိုက်ပတ်သက်နေသည့်အတွက် ကင်ဆာရောဂါဖြစ်စေသော အစားအသောက်များကို အတတ်နိုင်ဆုံး မစားမိအောင် ရှောင်ကြဉ်နိုင်စေရန်
ဒေါက်တာခင်မောင်လွင် (FAME)
ရေးသားထားသည့်
ကင်ဆာရောဂါဖြစ်စေနိုင်သော
အစားအစာများ
(တတိယအကြိမ်)
Ph: 09 965 559 860, 01 682 199, 685 083, 685 609

# သင်းမြေနံ့တကြိုင်ကြိုင်၊ စကားရွှေဝါနှင့် ညောင်သီတာရေတော်သွန်းချိန်မို့

တက္ကသိုလ်ပွင့်သူအောင်၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



ရှေးစာဆိုတော်ကြီး ဦးကြင်ဥက လကဆုန်ကို "သင်းမြေနံ့မြိုင် မြစ်ဆုံယမုန်ခပါတဲ့ ပြည်အမရမဏ္ဍိုင်" ခရိုင်နယ်တစ်ဝိုက်သို့ ချိန်ဆီရင့်ကျူးစာပန်းချီခြယ်သရေးဖွဲ့ခဲ့သည်။ ထို့အပြင် ရှေးစာဆိုရှင်ကြီး မဟာအတုလမင်းကြီးကလည်း "မြူခြေငယ်ဝှန်းပါလို့၊ နေဝန်းငယ်စက်ရှိန်၊ တောက်လောင် ငယ်ထိန်သည်၊ ဖန်သူရိန်တေဇာကြောင့် ပူမျှားပါကဲတဲ့လကိုလေး" ဟု ကဆုန်လကို စာဖွဲ့ခဲ့သည်။

ကဆုန်လသည် မြန်မာပြက္ခဒိန်လများတွင် ဒုတိယမြောက်လပင်ဖြစ်သည်။ ကဆုန်လသည် နွေဥတုကာလ၌ ကျရောက်နေပြီး နွေရာသီ၏အလယ်ဗဟိုကျသောလဖြစ်သောကြောင့် နေ့တာရှည်သည်။ နေ့ ၃၂ နာရီ၊ ည ၂၈ နာရီဖြစ်ကာ မွန်းတည့်ဖဝါးမှာ နှစ်ဖဝါးဖြစ်သည်။ ကဆုန်လတွင် ရာသီဥတုပူပြင်းလွန်းသဖြင့် "ကဆုန်နယုန်ဆွေ့ဆွေ့ခုန်၊ တန်ခူးရေကုန်၊ ကဆုန်ရေခန်း" စသည်ဖြင့် ခေါ်ဆိုခံရသောလလည်းဖြစ်သည်။ ကဆုန်လသည် ဝိသာခါနက္ခတ်နှင့်စန်းယှဉ်ပြီး မွန်းတည့်တာရာများသည်ပင်လျှင် စွမ်းအားများပြားပြည့်စုံသည့် နွားလားဥသဖပုံဖြစ်ပေါ်နေ၍ ဗြိသာရာသီဟုခေါ်ဝေါ်ကြသည်။ တာရာမှာ တံငါတာရာဖြစ်ပြီး ရာသီပန်းမှာ စကားဝါပန်းဖြစ်သည်။ စကားဝါပန်းသည် လိမ္မော်ရောင်၊ အဝါဖျော့ရောင်၊ အဖြူရောင် စသည်ဖြင့်ရှိပြီး အလွန်မွှေးကြိုင်သော ရနံ့ရှိသည်။ တိုင်းရင်းဆေးပညာရှင်တို့၏ အဆိုအရ စကားဝါပွင့်များကို အခြောက်လှန်းကာ ထိုပွင့်ခြောက်များကို ညက်အောင်ကြိတ်ပြီး ရရှိလာသော စကားဝါပန်းအမှုန့်များကို ရေအေးအေးနှင့်ဖျော်၍ ရေနွေးကြမ်းသောက် ပန်းကန်ဖြင့် တစ်နေ့သုံးကြိမ်သောက်ပေးရပါမည်။ ယင်းသို့ သောက်သုံးလျှင် ဆီးရောဂါများဖြစ်သော ဆီးအောင့်ခြင်း၊ ကျောက်ကပ်အားနည်းခြင်းအစရှိသည့် ရောဂါများပျောက်ကင်းစေသည်။ ဆီးကိုလည်း ရွှင်စေသည်။ ထို့အပြင် စကားဝါပွင့်များကို ရေနွေးဖြင့်ပြုတ်၍ ယင်းစကားဝါပွင့်ပြုတ်ရည်များကို ရေနွေးကြမ်းသောက်ပန်းကန်ဖြင့် တစ်နေ့သုံးကြိမ်သောက်ပေးပါက ဝမ်းဗိုက် နှင့် ပတ်သက်သော အစာအိမ်ရောဂါ၊ လေနာရောဂါများ၊ ကျောက်ကပ်ရောဂါ၊ ညောင်းကျရောဂါများအစရှိသဖြင့် သက်သာပျောက်ကင်းစေသည်။ ထို့အပြင် စကားဝါပွင့်များကို ကျောက်ချဉ်ဖြင့် ခုနစ်ရက်ခန့်စိမ်ပြီး ထိုကဲ့သို့ စိမ်ထားခြင်းမှရရှိသောအရည်သည် အဆုတ်ရောဂါကို ပျောက်ကင်းစေသည်။

ကဆုန်လ၏ ရာသီပွဲတော်မှာ ညောင်ရေသွန်းပွဲဖြစ်သည်။ အလွန်ရှေးကျသော ပုဂံခေတ်ကပင် မြန်မာနိုင်ငံတွင် ညောင်ရေသွန်းပွဲတော် ကျင်းပခဲ့သည်။ အထောက်အထားများအဖြစ် သက္ကရာဇ် ၅၆၃ ခုနှစ်ထိုးသင်ကြီး ညောင်အုပ်ကျောက်စာ (ကျော ၂-၃)တွင် "က(ခိ)န်ပယ်ကူလေပြီအော်၊ ညောင်မိဖုန်" ဟူ၍ လည်းကောင်း၊ သက္ကရာဇ် ၆၅၃ ခုနှစ် စွဲပုဂံမြို့စောလှဝန်းဘုရားကျောက်စာ(ကျော ၂၂-၂၃)၌ "မိဖုန်၊ သကြံန်၊ စာရိယ်၊ ညောင်ရေသွန်း၊ မပြတ်စိတ်လျှင်တည်၏" ဟူ၍ လည်းကောင်း အသီးသီးတွေ့ရှိခဲ့ရာ ပုဂံခေတ်ကာလမှာပင် မဟာဗောဓိညောင်ပင်များရှိနေသည်ကို သိရှိရသည်။ ရှေးမြန်မာမင်းတို့သည် ညောင်ရေသွန်းပွဲတော်ကို ပုဂံခေတ်၊ ပင်းယခေတ်တို့မှစ၍ ကျင်းပခဲ့ကြသည်။ နေပြည်တော်တွင် ဘုရင်မင်းမြတ်ကိုယ်တိုင် ကြီးမှူးကျင်းပသည့် ပွဲတော်ကြီးဖြစ်၍ အလွန်ကြီးကျယ်ခမ်းနားစည်ကားခဲ့သည်။ မဟာအတုလမင်းကြီး၏ ကဆုန်လတွဲ့တွင် "ရာသီငယ်ပြိုသ၊ မဟေသီလည်း၊ ရွှေညီခလို့၊ ပန်းမြစကားဝါ၊ ဝိသာခါနှင့်၊ ကာရံခြံရံ၊ စန်းနွှေယှုန်ဖန်သည့်နှယ်၊ ဆဒ္ဒန်ပိုင်ဗွေဘုံမှာ၊ လကဆုန်ညောင်ရေပွဲချိန်မို့၊ သည်းလှတယ်လေး" ဟု ဖွဲ့ဆိုခဲ့သည်။

ရှေးရှေးဘုရားရှင်များဖြစ်တော်မူသော ဝေဿဘူ၊ ကကုသန်၊ ကဿပဘုရားရှင်တို့သည် အင်ကြင်းပင်၊ ကုက္ကိုပင်၊ ရေသဖန်းပင်နှင့် ပညောင်ပင်တို့၌ ပွင့်တော်မူခဲ့ကြသည်။ ဂေါတမဘုရားရှင်သည် ညောင်ဗုဒ္ဓဟေခေါ် ညောင်နီပင်ရင်း၌ ပွင့်တော်မူခဲ့သည်။ ဗောဓိပင်သည် စေတီသုံးမျိုးအနက် ပရိဘောဂစေတီပင်ဖြစ်သည်။ ထို့ကြောင့် ဤပရိဘောဂစေတီမည်သော ဗောဓိ(ညောင်)ပင်၌ ညောင်ရေသွန်းလောင်းကြခြင်းဖြစ်သည်။ ဗောဓိပင်သည် ဘုရားရှင်တို့၏ သစ္စာတရားလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင်သိမြင်တော်မူရာ သစ်ပင်ထူးသစ်ပင်မြတ်လည်းဖြစ်သည်။ "ဗောဓိ" ဟူသော ပါဠိသည် "သိမြင်တော်မူခြင်း၊ သိတော်မူရာ" ဟုအဓိပ္ပာယ်ထွက်ရှိသည်။ ယင်းအဓိပ္ပာယ်အရ ပါဠိစာပေ၌ ဗောဓိသည် အရိယာမဂ်၊ သဗ္ဗညုတဉာဏ်နှင့် ဗောဓိပင်ဟူသည့် အဓိပ္ပာယ်သုံးမျိုးကိုဟောထားသည်။ အထူးသဖြင့် သိသင့်သမျှဉေယျတရားတို့ကို သိမြင်နိုင်သောကြောင့် သဗ္ဗညုတရွှေဉာဏ်တော်သည် ဗောဓိမည်ခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်တို့ပွင့်တော်မူရာ သစ်ပင်တို့ကို သစ္စာလေးပါး ဉေယျတရားတို့ကို ပိုင်းခြားထင်ရှားစွာ သိမြင်ခြင်းကြောင့် ဗောဓိဟု ခေါ်ဝေါ်ခြင်းပင်ဖြစ်သည်။

ကဆုန်လပြည့်နေ့သည် ထူးခြားသော ဝိသေသများနှင့် ပြည့်စုံတော်မူသည့်နေ့ဖြစ်သည်။ တစ်နည်းဆိုရသော် နေ့ထူးနေ့မြတ်လည်းဖြစ် သည်။ အဘယ်ကြောင့်ဟူမူ ဗုဒ္ဓဘုရားရှင်၏ ထူးခြားချက်ကြီးလေးခုဖြစ်ပေါ်ခဲ့သောနေ့ဖြစ်ခြင်းကြောင့်ပင်ဖြစ်သည်။ မြတ်ဗုဒ္ဓဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် သုမေဓာရှင်ရသေ့ဘဝ၌ ဒီပင်္ကရာမြတ်စွာဘုရားထံတော်မှ ဘုရားစင်စစ်ဧကန်ဖြစ်မည်ဟု နိယတဗျာဒိတ်တော်ရရှိသည့်နေ့ဖြစ်ခြင်း၊ မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့်နေ့၌ ကပိလဝတ်နှင့် ဒေဝဒဟပြည်အကြားရှိ လုမ္ဗနီသာမောအင်ကြင်းတောတွင် သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားကြီး သီရိမဟာမာယာဒေဝီ၏ ဝမ်းကြာတိုက်မှ ဘုရားလောင်း သိဒ္ဓတ္ထကို မီးရှူးသန့်စင်ဖွားမြင်တော်မူခဲ့ခြင်း၊ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့၌ သစ္စာလေးပါးသိမြင်၍ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ခြင်း၊ ကဆုန်လပြည့်နေ့တွင်ပင် ဖွားဖက်တော်များဖြစ်ကြသော ကာဠုဒါယီအမတ်၊ ယသော်ဓရာ၊ အာနန္ဒာမင်းသား၊ ဆန္ဒအမတ်၊ ကဏ္ဍကစီးတော် မြင်း၊ ရွှေအိုးကြီးလေးလုံး၊ မဟာဗောဓိပင်တို့သည် တစ်နေ့ တစ်ချိန်တည်း၌ မွေးဖွားပေါက်ရောက်ခဲ့ခြင်းနှင့် မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဝါတော် ၄၅ ဝါ၊ သက်တော် ၈၀ တွင် မြတ်စွာဘုရားသည် နယ်မလ္လတိုင်း ကုသိနာရုံရှိ အင်ကြင်းတောရိပ်သာ၌ ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့ခြင်းကြောင့် ဖြစ်သည်။ ယင်းကဲ့သို့ ဗုဒ္ဓဘုရားရှင်၏ ထူးခြားချက် ကြီးလေးခုကို "ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း" ဟု ခေါ်ဝေါ်ခဲ့သည်။ ထို့ကြောင့် ကဆုန်လပြည့်နေ့ကို "ဗုဒ္ဓနေ့"အဖြစ် သတ်မှတ်ခဲ့ပြီး ဘုရားဖြစ်တော်မူစကျူးရင့်တော်မူသည့် ဥဒါန်းဂါထာတော်များနှင့် ပဋိစ္စသမုပ္ပါဒ်ပါဠိတော်ဒေသနာ တော်များကို ရွတ်ဖတ်၍ အခါတော်နေ့အဖြစ် ခမ်းနားစွာ ကျင်းပခဲ့သည်။

ဗုဒ္ဓဘာသာဝင်တို့အတွက် ယင်းကဲ့သို့ ထူးမြတ်လှသည့် ဗုဒ္ဓမြတ်စွာဘုရားရှင်ပွင့်တော်မူသော ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားနှင့် ဖွားဖက်တော်လည်းဖြစ်ပြီး ဘုရားရှင်ပွင့်စဉ်တည်မှီရာ ဌာနလည်းဖြစ်သည်။ ဗောဓိပင်အား ရေသွန်းလောင်းကုသိုလ်ပြုခြင်းသည် အလွန်မွန်မြတ်သော ကုသိုလ်ပင်ဖြစ်သည်။ ပူပြင်းခြောက်သွေ့သော ကဆုန်လရာသီတွင် ဗုဒ္ဓမြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ခွင့်ပြုပေးခဲ့သည့် ပရိဘောဂစေတီထိုက်သော ဗောဓိပင်ကို ကောင်းမွန်စွာ ရှင်သန်စေရေးအတွက် ရေသွန်းလောင်းခြင်းဖြစ်သကဲ့သို့ ဘာသာရေးအရလည်းကောင်း၊ ယဉ်ကျေးမှုအရလည်းကောင်း၊ အလွန်မွန်မြတ်လေးနက်သောဓလေ့ တစ်ခုလည်းဖြစ်သည်။ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကပင် ဘုရားရှင်တို့ အသုံးပြုတော်မူသော ဗောဓိပင်မြတ်သည် စေတီတော်မည်၏-ဟု ဘုရားရှင်က အရှင်အာနန္ဒာအား မိန့်ကြားတော်မူခဲ့သည်။ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်၊ တစ်နေ့သောအခါ သာဝတ္ထိပြည်သူပြည်သားများသည် ဘုရားရှင်အားပူဇော်ရန် ရောက်ရှိလာကြရာ မြတ်စွာဘုရားရှင်မှာ ဒေသစာရီခရီးကြွချီတော်မူစဉ်နှင့်ကြုံကြိုက်ခဲ့၍ ဘုရားရှင်အား ဖူးမြော်ခွင့်မရရှိခဲ့ကြပေ။ ထိုအခါ ရှင်အာနန္ဒာမထေရ်က ဘုရားရှင်အား အလားတူ ဘုရားရှင်အရပ်တစ်ပါးသို့ ဒေသစာရီကြွချီတော်မူနေစဉ် ဇေတဝန်ကျောင်းတော်၌ မရှိစဉ် လူအများပူဇော်နိုင်ရန် မဟာဗောဓိပင်မှအစေ့ကို စိုက်ပျိုးလိုကြောင်း လျှောက်ထားခဲ့သည်။ ရှင်အာနန္ဒာမထေရ်၏ လျှောက်ထားချက်ကို ဘုရားရှင်က ခွင့်ပြုတော်မူခဲ့ရာ ရှင်အာနန္ဒာမထေရ်သည် ရှင်မောဂ္ဂလန်၏ အကူအညီကို ရယူ၍ ဗုဒ္ဓဘုရားရှင်ပွင့်တော်မူရာ မဟာဗောဓိပင်မှ သဘာဝအရ ရင့်မှည့်ပြီး ကြွေကျသော ဗောဓိညောင်သီးမှည့်ကို မြေမကျမီခံယူကာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် တံခါးဝ၌ စိုက်ပျိုးပူဇော်ခဲ့ရာ အာနန္ဒဗောဓိဟုခေါ်သော ဗောဓိညောင်ပင်ကို ယနေ့မျက်မှောက်ကာလအထိ ဗုဒ္ဓဘာသာဝင်တို့ ပူဇော်ခွင့်ရရှိနေခြင်းပင်ဖြစ်သည်။ ထိုကဲ့သို့ အစေ့မှ စိုက်ပျိုးသည့် အာနန္ဒာဗောဓိနည်းတူ ထင်ရှားသော ဗောဓိပင်တစ်ဆူမှာ သာသနာတော်တွင် ယနေ့မျက်မှောက်ကာလအထိ ထင်ရှားလျက်ရှိသည့် သီဟိုဠ်ခေါ် သီရိလင်္ကာနိုင်ငံရှိ ဒက္ခိဏသာခါမဟာဗောဓိပင်ဖြစ်သည်။ ယင်းမဟာဗောဓိပင်မှာ မဇ္ဈိမဒေသရှိ ဘုရားရှင် ပွင့်တော်မူရာ မူလမဟာဗောဓိပင်ကြီး၏ တောင်ကိုင်းမှပေါက် လာသော မဟာဗောဓိပင်ဖြစ်သည်။

ကဆုန်လတွင် ကျင်းပသော ကဆုန်ညောင်ရေသွန်းပွဲတော်မှာဂေါတမ မြတ်စွာဘုရားပွင့်တော်မူခဲ့ရာ ဗောဓိညောင်ပင်၏ ဆင့်ပွားဗောဓိညောင်ပင်များကို သန့်စင်အေးမြသောရေ၊ အမွှေးနံ့သာရည်တို့ဖြင့် သွန်းလောင်းပူဇော်ခြင်းပင် ဖြစ်သည်။ ညောင်ရေသွန်းပွဲတော်များကို နံနက်မိုးသောက် အလင်းရောက်သည်နှင့် ဗောဓိညောင်ပင်ရင်းတို့၌ ဗုဒ္ဓဘုရားရှင်အား အာရုံပြုလျက် ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ကပ်လှူပူဇော်ပြီးနောက် တစ်နေကုန်မိုးလင်းမှ မိုးချုပ်ညောင်ရေသွန်းကြသည်။ ညောင်ရေသွန်းလောင်း ပူဇော်ရာတွင် တစ်ဦးချင်းဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ၊ အသင်းအဖွဲ့အလိုက်ဖြစ်စေ လာရောက်သွန်းလောင်း ပူဇော်လေ့ရှိကြသည်။ ညောင်ရေသွန်းလောင်း ပူဇော်ရာတွင် "ဇယောဟိ ဗုဒ္ဓဿသီရိမတောအယံ" စသော ဂါထာတော်ကို ရွတ်ဆိုကြ၍ သွန်းလောင်းပူဇော်လေ့ရှိပါသည်။ ဂါထာတော်၏ အနက်မှာ "ဤပွဲတော်သည် ဗုဒ္ဓဘုရားရှင်တော်မြတ်၏ အောင်ပွဲသဘင်တော်လည်း ဖြစ်၏။ ယုတ်မာမိုက်ကန်းသော မာန်နတ်၏ ရှုံးပွဲပေတည်း။ ဤသို့မာန်နတ်သားကို အောင်ပွဲခံရသည့် ဤကဆုန်လပြည့်နေ့တွင် နတ်၊ နဂါး၊ ဂဠုန်၊ ဗြဟ္မာ အပေါင်းတို့သည် မာန်နတ်အား ရှုံးသွားပြီ၊ ဘုရားလောင်းတော်နိုင်သွားပြီ၊ အောင်ပွဲပူဇော်မှုကို ငါတို့ပြုကြပေမည်"ဟုအနက်အဓိပ္ပာယ်ဆောင်ခြင်းဖြစ်သည်။ ထိုနေ့သည် ကဆုန်လပြည့်နေ့လည်းဖြစ်သည်။

ကဆုန်ညောင်ရေသွန်းပွဲတော်ကို မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ရွာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ရန်ကုန်မြို့တော်တွင် ရွှေတိဂုံစေတီတော်ရင်ပြင် အင်္ဂါထောင့်ရှိ ပရိဘောဂစေတီ မဟာဗောဓိညောင်ပင်တွင် ညောင်ရေသွန်းပွဲတော်ကို ကျင်းပသည်။ ထို့အတူ နေပြည်တော်တွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးပရိဝုဏ်အတွင်းရှိ မဟာဗောဓိ ညောင်ပင်များအား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်းမင်္ဂလာအခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့သည်။ ထို့အပြင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်မဟာနွယ်စဉ် ရပ်ကွက်ဗောဓိကုန်းရပ်၌ တည်ရှိသည့် ဗောဓိပင်ဘုရားသည် မဇ္ဈိမဒေသ ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်ပုံစံအတိုင်း တည်ထားကိုးကွယ်ခဲ့သည့် ဗောဓိပင်ဘုရားဖြစ်သည်။ ယင်းဗောဓိပင်သည် ဗုဒ္ဓဂယာမြတ်စွာဘုရား ပွင့်တော်မူရာ အရပ်မှ မဟာဗောဓိညောင်ပင်ကြီး၏ မျိုးဆက်အစစ်ဖြစ်ပြီး ထိုမဟာဗောဓိညောင်ပင်ကို မင်းတုန်းမင်းတရားကြီးကိုယ်တိုင် စိုက်ပျိုးလှူဒါန်းခဲ့သည်ကို ယင်းဘုရား ကျောင်းဝင်းအတွင်းရှိ ဆီးဗန်းနီဆရာတော်ရေးထိုးခဲ့သော ကျောက်စာ၌ ရေးသားထားပါသည်။

ထိုကဲ့သို့ မြင့်မြတ်ထူးခြားချက်ကြီးများ ပြည့်စုံနေသည့် နေ့ထူးနေ့မြတ်ကြီးတွင် ပရိဘောဂစေတီထိုက်သော မဟာဗောဓိပင်မြတ်ကြီးအား ရှေးအစဉ်အလာမပျက် ညောင်ရေသွန်းလောင်းကြရင်း ဗုဒ္ဓဘာသာဝင်အပေါင်းတို့က "ဇယောဟိဗုဒ္ဓဿသီရိမတောဇယံ" ဂါထာတော်ကို ရွတ်ဆိုကြသည်မှာ ကြားရသူအပေါင်းကို ကုသိုလ်အထူးရရှိစေပါကြောင်း ရေးသား လိုက်ရပါသည်။

# ဓာတ်တော်၊ မွေတော်များနှင့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်တို့အား ပူဇော်ပွဲကျင်းပ

**သံတွဲ မေ ၂၆**
ကမ္ဘာ့သာသနာပြု အလိုတော်ပြည့် ဆရာတော်ကြီး ကြီးမှူးကျင်းပသည့် သီရိလင်္ကာနိုင်ငံ (သီဟိုဠ်)မြတ်စွယ်တော်ပွား ဘုရားရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်၊ မွေတော်များနှင့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ် တို့အား ပူဇော်ပွဲအခမ်းအနားကို မေ ၂၄ ရက်က ငပလီမြို့ဂျိတ္တောရပ်ကွက် အလိုတော်ပြည့် တောရကျောင်း၌ ကျင်းပသည်။

အခမ်းအနားကို ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လူမှုရေး ဝန်ကြီး ဒေါက်တာချမ်းသာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ အလိုတော်ပြည့် ဆရာတော်ကြီးအမှူးပြုသည့် သံဃာတော်အရှင်သူမြတ်များနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် သံတွဲမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တရေဝတအမှူးပြုသည့် ဆရာတော် သံဃာတော်အရှင်သူမြတ်များက ဗုဒ္ဓမြတ်စွယ်တော်ပွားနှင့် ဘုရားရဟန္တာ အရှင်မြတ်တို့၏ ဓာတ်တော်၊ မွေတော် များနှင့် ရှေးဟောင်းဗုဒ္ဓရုပ်ပွား တော်မြတ်တို့အား ဗုဒ္ဓါဘိသေကအနေက ဇာတင်တော်မူကြသည်။ ဆက်လက်၍ ဆရာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သန့်ဇင်( ပြန်/ဆက် )**

# ရွှေကူမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆွေးနွေးပွဲကျင်းပ



**ရွှေကူ မေ ၂၆**
ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း သုံးသပ်ဆွေးနွေးပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၄ ရက်နံနက် ၁၀ နာရီက မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ် တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းလင်း က ၂၀၁၄-၂၀၁၅ မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ မြစိမ်းရောင်စီမံကိန်းကျေးရွာ များ၏ စီမံကိန်းဖော်ဆောင်နိုင်မှု အခြေအနေတို့ကို ရှင်းလင်းဆွေးနွေးပြီး စံပြကျေးရွာ ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။
**(သတင်းစဉ်)**

# မယ်စဲ့မြို့နယ်၌ သောက်သုံးရေရှားပါးသည့်ကျေးရွာသို့ ရေများသွားရောက်လှူဒါန်း

**မယ်စဲ့ မေ ၂၆**
ကယားပြည်နယ် မယ်စဲ့မြို့နယ်အတွင်း သောက်သုံးရေရှားပါးသည့် ကျေးရွာတစ်ရွာ ဖြစ်သည့် မယ်ဆည်နမ်ကျေးရွာအုပ်စု ကျောက်စုကျေးရွာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မေ ၂၅ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ရွာမှာ ကယန်းလူမျိုးတွေ နေထိုင်ကြပြီး အခုလို ပူပြင်းခြောက်သွေ့တဲ့ နွေရာသီရောက်ပြီဆိုရင် သောက်သုံးရေ အခက်အခဲဖြစ်တဲ့အတွက် ရွာနဲ့နှစ်မိုင် လောက်ဝေးတဲ့ ပန်မခေချောင်းကို သွားရောက်သယ်ယူအသုံးပြုရပါတယ်။ အခုလို ကျေးလက်ဦးစီးဌာနက ရေရှားပါးတဲ့ ဒေသခံတိုင်းရင်းသား ပြည်သူတွေဆီကို လာရောက်လှူဒါန်း ပေးတဲ့အတွက် ကျေးဇူးတင်ဝမ်းသာပါတယ်"ဟု ကျောက်စုကျေးရွာ အုပ်ချုပ်ရေးမှူး ဦးရီတာက ပြောသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)၏ ခွင့်ပြုငွေဖြင့် မယ်စဲ့ မြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသည့် ကျောက်စုကျေးရွာရှိ အိမ်ခြေ ၁၀၅ အိမ်၊ လူဦးရေ ၅၀၀ ကျော်ကို ရေဂါလန် ၃၆၀၀ လှူဒါန်းခဲ့ပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မေလပထမပတ်တွင် ဆက်လက်လှူဒါန်းသွား မည်ဖြစ်ကြောင်း သိရသည်။
**ဝတ်ရည်(ပြန်/ဆက်)**

# ရမည်းသင်းမြို့နယ် လျှပ်စစ်အိမ်သုံးမီတာများ ရှောင်တခင်ကွင်းဆင်းစစ်ဆေး

**ရမည်းသင်း မေ ၂၆**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့ပေါ်ရပ်ကွက်ကြီး (၅)ရပ်ကွက် အတွင်းရှိ အိမ်သုံးလျှပ်စစ် မီတာများကို ခရိုင်လျှပ်စစ်မန်နေဂျာ၏ ညွှန်ကြားမှုဖြင့် မေ ၂၂ ရက် နံနက် ၈ နာရီမှစ၍ မြို့နယ်လျှပ်စစ် မန်နေဂျာရုံး မီတာကြီးကြပ်ရေးမှူးအဖွဲ့က ရှောင်တခင် ကွင်းဆင်းစစ်ဆေးကြသည်။ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှု လျှော့နည်းရေး၊ သုံးစွဲယူနစ်များ တစ်လချင်း မှန်ကန်မှုရှိ/မရှိ တို့ကို အဓိကထား စစ်ဆေးပြီး ရပ်/ပျက်၊ နှေး၊ အိမ်သုံးမီတာများ အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။
**တင်ဦး (ရမည်းသင်း)**



# ပရဟိတဂေဟာနှင့် ဘိုးဘွားရိပ်သာများသို့လူမှုဝန်ထမ်းတိုးမြှင့်ထောက်ပံ့

**ရန်ကုန် မေ ၂၆**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက စေတနာ့ ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ ပေးလျက်ရှိသော ထောက်ပံ့ကြေးများကို ယခုဘဏ္ဍာနှစ်မှစတင်ကာ တိုးမြှင့် ထောက်ပံ့ပေးနေပြီ ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးဌာနညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က ပြောသည်။

"ကျွန်တော်တို့ ရန်ကုန်တိုင်း ဒေသကြီးအတွင်းမှာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ၅၅ ခု၊ မသန်စွမ်း ကျောင်းလေးခု၊ အမျိုးသမီးကျောင်း တစ်ခုနဲ့ ဘိုးဘွားရိပ်သာ ၁၂ ခုစုစုပေါင်း ၇၂ ခုရှိပါတယ်။ ဒီထဲမှာ ဗိမ္မာန်ရွှေကျောင်း ဘိုးဘွားရိပ်သာကတော့ ထောက်ပံ့ကြေး မယူပါဘူး။ ကျန်တဲ့ ၇၁ ခုကိုတော့ လူမှုဝန်ထမ်းဦးစီးဌာနက ထောက်ပံ့ကြေး ပေးအပ်လျက်ရှိပါတယ်။ ဒီလို ထောက်ပံ့ ပေးအပ်တဲ့နေရာမှာ ယခင်က လူတစ်ဦး တစ်နေ့ကိုစားစရိတ် ၄၃၂ ကျပ် ၁၀ ပြားနဲ့ ထောက်ပံ့ပေးရာ မေ ၁ ရက်ကစပြီး လူတစ်ဦး ငွေကျပ် ၁၀၀၀ နှုန်းနဲ့စတင် တိုးမြှင့်ထောက်ပံ့ပေးအပ်နေပြီ ဖြစ်ပါ တယ်။ ဒါကလည်း နိုင်ငံတော်ရဲ့ စေတနာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အလားတူ အဆိုပါစေတနာ့ဝန်ထမ်း အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင် နေသည့်စေတနာ့ဝန်ထမ်း ပထမအဆင့် ယခင်က တစ်ဦးကိုတစ်နှစ်လျှင်ဆန် ထောက်ပံ့ကြေး ငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပေးရာမှ ယခုမေ ၁ ရက် မှစပြီး တစ်နှစ်လျှင် ဆန်ထောက်ပံ့ကြေး ငွေကျပ် ၅၄၀၀၀ တိုးမြှင့်ထောက်ပံ့ ပေးနေပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယအဆင့် တစ်ဦးလျှင် ယခင်ကတစ်နှစ်စားစရိတ် ငွေကျပ် ၁၃၀၀၀ မှ ယခုငွေကျပ် ၇၃၀၀၀၊ ဝတ်စရိတ်အတွက် ယခင်ငွေကျပ် ၁၃၀၀၀ မှ ယခုငွေကျပ် ၂၀၀၀၀ တိုးမြှင့် ထောက်ပံ့ပေးနေပြီ ဖြစ်ကြောင်း၊ သို့ရာတွင် တတိယအဆင့်ဂေဟာမှူးတစ် ဦးကိုတစ်နှစ်လျှင် လစာငွေကျပ် ၃၆၀၀၀၀ မှာ ပြောင်းလဲမှုမရှိကြောင်း သိရသည်။

ယင်းကဲ့သို့ လူတစ်ဦးအတွက် နေ့စဉ်စားစရိတ်တိုးမြှင့်ထောက်ပံ့ပေး နိုင်ခဲ့သဖြင့်ကလေးငယ်များ အာဟာရ ပြည့်ဝစွာစားသုံးနိုင်ကာ ဉာဏ်ရည်ဖွံ့ ဖြိုးလာမည် ဖြစ်ကြောင်း၊ သို့ရာတွင် နိုင်ငံတော်က တိုးမြှင့်ထောက်ပံ့ပေးသည့် ထောက်ပံ့ငွေကြေးများကို အလဟဿမ ဖြစ်စေဘဲ စနစ်တကျသုံးစွဲရန်လိုအပ် ကြောင်း၊ ပွင့်လင်းမြင်သာမှုရှိရန်နှင့် ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်သွား ရန်လိုအပ်ကြောင်း ညွှန်ကြားရေးမှူးက ပြောသည်။

အဆိုပါ စေတနာ့ဝန်ထမ်းအဖွဲ့ အစည်းများသို့ အလှူရှင်များကလည်း တိုးမြှင့်ထောက်ပံ့လျက်ရှိသကဲ့သို့ လူမှုဝန် ထမ်းဦးစီးဌာနကလည်း အာဟာရ ပြည့်ဝစွာစားသုံးနိုင်ရေး တိုးမြှင့် ထောက်ပံ့ပေးနိုင်ပြီ ဖြစ်သည်။

**မြင့်မောင်စိုး**

# သာသနဓဇဓမ္မာစရိယဘွဲ့တံဆိပ်တော်ရဆရာလေးအား ဂုဏ်ပြုပူဇော်ပွဲကျင်းပ

**တောင်ငူ မေ ၂၆**
နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပခဲ့သည့် ၂၀၁၆ ခုနှစ် ဓမ္မာစရိယ စာမေးပွဲတွင် သာသနဓဇဓမ္မာစရိယဘွဲ့ကို အောင်မြင်ရရှိတော်မူသော ပဲခူးတိုင်း ဒေသကြီး တောင်ငူမြို့ ဓမ္မာရုံသီလရှင်စာသင်တိုက်မှ ဆရာလေး မခေမာ သိင်္ဂီအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို မေ ၂၅ ရက်က ဓမ္မာရုံသီလရှင် စာသင်တိုက်၌ ကျင်းပရာ သီလရှင် ဆရာလေးများနှင့် ဒါယကာ၊ ဒါယိကာမ ၅၀၀ ကျော်တက်ရောက်ကြသည်။

ယင်းပူဇော်ပွဲအခမ်းအနားတွင် သာသနဓဇဓမ္မာစရိယဘွဲ့ရဆရာလေး မခေမာသိင်္ဂီ၏ အတ္ထုပ္ပတ္တိအကျဉ်းကို ဖတ်ကြားတင်ပြခြင်း၊ ဒါယကာ၊ ဒါယိကာမများမှ ဂုဏ်ပြုလှူဒါန်းခြင်းနှင့် အကျွေးအမွေးများဖြင့် ကုသိုလ်ပြုကြပြီး သီလရှင်စာသင်တိုက် တိုက်အုပ်ဆရာကြီး ဒေါ်သုစန္ဒာ (ဂန္ထဝါစကပဏ္ဍိတ)က နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားတော်မူကာဂုဏ်ပြုပွဲကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။



**(ဝ၄၈)**



# မူခင်းပညာပေးလုပ်ငန်းများဆောင်ရွက်

**မော်လမြိုင် မေ ၂၆**
မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ စီစဉ်ညွှန်ကြားချက်အရ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်စိုးနှင့် ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှူးကျော်သန်းတို့က အနီးကပ်လိုက်ပါဆောင်ရွက်၍ ပြည်သူများအား မူခင်းကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများ၌ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ဗဟုသုတများတိုးပွားစေရေးအတွက် မေ ၂၄ ရက်က မူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့်ပြသခဲ့သည်။

ထို့နောက် ကျိုက်မရောမြို့နယ် ကဒါကျေးရွာအုပ်စု ကနာလိုကျေးရွာလမ်းဆုံ၌ ပြည်သူများအား မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး နှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက် သည့်အကြောင်းအရာများကို မူခင်းကျဆင်းရေးအတွက် ပညာပေးဟောပြောခဲ့ကြောင်း လာရောက်ကြသည့်ပြည်သူများကို မူခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**တင်ထွန်း (မော်လမြိုင်)**



ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်စိုးနှင့် သာယာဝတီ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေတို့ ဦးဆောင်မှုဖြင့် သာယာဝတီမြို့မ ရဲစခန်းမှူးဒုတိယရဲမှူး လှသိန်းနှင့် တပ်ဖွဲ့ဝင်များစုပေါင်း၍ ဖြိုးလဒုတိယပတ်က သာယာဝတီမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စုသို့ သောက်ရေသန့်ဘူးကြီး ၁၀၀ နှင့် တစ်လီတာ သောက်ရေသန့် ဘူးသေးအလုံး ၃၀၀ တို့ကို သွားရောက်လှူဒါန်းစဉ် (မြန်မာ့အလင်း)

## မှုခင်းသတင်းတိုများ

### စားသောက်ဆိုင်ခန်းအတွင်းမူးယစ်ဆေးဝါးလာရောက်သုံးစွဲသူအားဖမ်းဆီးရမိ

မွန်ပြည်နယ် သထုံမြို့ ဘင်လိုင်ရပ်ကွက်ရှိ စားသောက်ဆိုင်အခန်းတစ်ခုတွင် လာရောက်စားသောက်နေသူတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆက်စပ် ပစ္စည်းများကို မေ ၂၃ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ သထုံခရိုင်မှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်အောင်သူ ဦးဆောင်သော တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ ဘင်လိုင်ရပ်ကွက်ရှိ အောင်သစ္စာစားသောက်ဆိုင်ကို ဝင်ရောက်ရှာဖွေရာ စားသောက်ဆိုင်၏ အခန်းတစ်ခုအတွင်း လာရောက်စားသောက်သူ ကျော်ကျော်(၄၂ နှစ်)ထံမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၅၃ ပြားနှင့် မူးယစ် ဆေးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ဖမ်းမိခဲ့ခြင်းဖြစ်ပြီး ဖြစ်စဉ် နှင့်ပတ်သက်၍ စိတ်ကြွရူးသွပ်မူးယစ်ဆေးပြားများ လက်ဝယ်တွေ့ရှိသုံးစွဲသူ ကျော်ကျော်အား သထုံမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သက်ဦး(သထုံ)**

### ရန်ဖြစ်နေသည်ကို သွားရောက်ဖြန်ဖြေသည့်ဆယ်အိမ်မှူး ဓားခုတ်ခံရ

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပိန်းမြောင်ကြီးကျေးရွာ၌ ရန်ဖြစ်နေသော ညီအစ်ကိုဝမ်းကွဲနှစ်ဦးအား သွားရောက်ဖြန်ဖြေသည့် ဆယ်အိမ်မှူး ဓားခုတ်ခံရမှု မေ ၂၃ ရက်က ဖြစ်ပွားခဲ့သည်။ အဆိုပါကျေးရွာနေ ဇော်မြင့်၏နေအိမ်၌ ဇော်မြင့်နှင့် ဝင်းအေးတို့ ညီအစ်ကိုဝမ်းကွဲနှစ်ဦး ရန်ဖြစ်နေကြ၍ ဆယ်အိမ်စုမှူး ဦးမြင့်ဦးက သွားရောက်ဖြန်ဖြေစဉ် ရန်ဖြစ်နေသူများက ဆဲဆိုသဖြင့် ဆယ်အိမ်မှူးက နေအိမ်သို့ပြန်ကာ ဓားမကိုယူ၍ထွက်သွားပြီး ဇော်မြင့်၏နေအိမ်ရှေ့သို့မရောက်မီ ကိုင်သွားသောဓားမကို လမ်းပေါ်တွင်ပစ်ချထားခဲ့သော်လည်း ဇော်မြင့်၏အိမ်ရှေ့အရောက်တွင် ဇော်မြင့်က ၎င်း၏ဘေးတွင်အသင့်ရှိသောဓားမဖြင့် ဦးမြင့်ဦးအား နှစ်ချက်ဆင့်ခုတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဓားခုတ်ခံရသူဦးမြင့်ဦးအား ဇနီးနှင့် ပတ်ဝန်းကျင်မှလူများက ကျောင်းကုန်းဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီးနောက် ဦးမြင့်ဦးက ဇော်မြင့်အား ဥပဒေအရ အရေးယူပေးရန် ဒေါင့်ကြီးနယ်မြေရဲစခန်း၌ တိုင်တန်းခဲ့သဖြင့် မေ ၂၄ ရက်တွင် ဇော်မြင့်အား ဖမ်းဆီးပြီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းကြိုင်(မြန်/ဆက်)**

### အရက်ဝိုင်းတွင် စကားများရာမှ လူသတ်မှုဖြစ်

နွားထိုးကြီးမြို့နယ် ညောင်ကုန်းကျေးရွာတွင် မေ ၂၃ ရက်က အရက်အတူသောက်နေစဉ် စကားများရာမှ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာနေ မောင်ကြိုင်း(၃၅ နှစ်)နှင့် ကြည်စိုး(၃၇ နှစ်)တို့သည် အရက်သောက်နေစဉ် စကားများရာမှ ကြည်စိုးက သံတုတ်ဖြင့်ရိုက်၍ မောင်ကြိုင်းက ကြည်စိုးအား လည်ပင်းကိုဓားဖြင့်လှီး၍ သတ်ခဲ့ခြင်းဖြစ်ကြောင်း မြို့မရဲစခန်းမှ သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မောင်ကြိုင်းအား နွားထိုးကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး လူသတ်သူ မောင်ကြိုင်းမှာလည်း သေသူကြည်စိုးက သံတုတ်နှင့်ရိုက်ခဲ့ခြင်းကြောင့် စိုးရိမ်ရ ဒဏ်ရာလေးချက်ရရှိခဲ့ကာ မန္တလေးဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေရကြောင်း သိရသည်။

(၀၁၇)

### သုံးယောက်စီးလာသည့်ဆိုင်ကယ်က ၂၂ ဘီးကားကိုဝင်တိုက်

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ဘားအံ-မြဝတီလမ်းပေါ်၌ သုံးယောက်စီးလာသောဆိုင်ကယ်က လမ်းချိုးကွေ့စဉ် အရှိန်မထိန်းနိုင်သဖြင့် တစ်ဖက်ယာဉ်ကြောတွင် မောင်းလာသည့် ၂၂ ဘီးကားကို ဝင်တိုက်မိမှု မေ ၂၃ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အိန္ဒုနယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ် ကြည်လင်းစိုး၏ သွားရောက်စစ်ဆေးချက်အရ စောချန်ဝင်း(၁၈ နှစ်) မောင်းနှင်ပြီး နောက်မှ မအငယ်လေးနှင့် မမေသဇင်ဖူးတို့ လိုက်ပါလာသည့် ဆိုင်ကယ်သည် အိန္ဒုကျေးရွာလမ်းဆုံ၌ ချိုးကွေ့စဉ် အရှိန်မထိန်းနိုင်သဖြင့် တစ်ဖက်ယာဉ်ကြောအတွင်း ရောက်ရှိသွားကာ လမ်းမှန်အတိုင်း ယာဉ်မောင်း ကျော်မင်းလွင်(ခ)ဝတုတ် မောင်းနှင်လာသည့် ၂၂ ဘီးကား၏ ဝဲဘက်ခြမ်းကို ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းသူ စောချန်ဝင်းတွင် မစိုးရိမ်ရဒဏ်ရာများရရှိပြီး နောက်မှလိုက်လာသူ မိန်းကလေးနှစ်ဦးတွင် စိုးရိမ်ရဒဏ်ရာများ ရရှိ၍ ဘားအံဆေးရုံကြီးသို့ ရဲဆေးစာဖြင့် ပို့ဆောင်ပေးကာ ဆိုင်ကယ်ကို မဆင်မခြင်မောင်းနှင်သူ စောချန်ဝင်းအား အိန္ဒုနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

### ဘိန်းစိမ်းများသယ်ဆောင်လာသူနှစ်ဦးကိုဖမ်းဆီးရမိ

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ စေတုတ္တရာမြို့နယ်ဘက်မှ ငဖဲမြို့နယ်ဘက်သို့ မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းချနေကြောင်း သတင်းအရ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲအုပ်မျိုးနိုင်နှင့်အဖွဲ့က ပဒါန်းရဲကင်းစခန်းမှူး ရဲအုပ်လွင်ကိုကိုဦး ဦးဆောင်သည့်အဖွဲ့နှင့် ပူးပေါင်း၍ မေ ၂၃ ရက်က ပုသိမ်-မုံရွာလမ်းပေါ်၌ စောင့်ဆိုင်းကာ စေတုတ္တရာမြို့နယ် ကြီးဝရွာနေ အုပ်သိန်း(၃၇ နှစ်) မောင်းနှင်လာသည့်ဆိုင်ကယ်နှင့် ငဖဲမြို့နယ် ငရန့်ချောင်းရွာနေ မောင်သောင်း(၂၇ နှစ်)တို့ မောင်းနှင်လာသည့် ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးရာ အုပ်သိန်းထံမှ ဘိန်းစိမ်းဟုယူဆရသော အညိုရောင်အစေးအခဲ အလေးချိန် ၁၁၄၆ ဒသမ ၁ ဂရမ်ကို တွေ့ရှိသဖြင့် အုပ်သိန်းနှင့် မောင်သောင်းတို့အား ငဖဲမြို့နယ် မြို့မရဲစခန်း၌ အမှုဖွင့် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အုပ်သိန်း၏ ဖော်ထုတ်ချက်အရ စေတုတ္တရာမြို့နယ် ကြီးဝရွာရှိ ၎င်း၏ နေအိမ်သို့ သွားရောက်ရှာဖွေရာ ဘိန်းစိမ်းဟုယူဆရသည့် အညိုရောင် အစေးအခဲ အလေးချိန် ၂၄၄ ဒသမ ၉၅ ဂရမ်ကို ထပ်မံဖမ်းဆီးရမိခဲ့၍ စေတုတ္တရာ မြို့နယ် မြို့မရဲစခန်း၌လည်း ထပ်မံအမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

## မကွေးမြို့၌ လေကြောင်းလူငယ်အခြေခံသင်တန်း ပထမဆုံးအကြိမ်ဖွင့်လှစ်



**မကွေး မေ ၂၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)နှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ မကွေးမြို့၌ ပထမဆုံးအကြိမ်ဖွင့်လှစ်သည့် လေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၇)ဖွင့်ပွဲကို မကွေး မြို့တော်ခန်းမ၌ မေ ၂၄ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် မကွေးလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်မြင့်စန်းတို့က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုဖွင့်လှစ်သည့် သင်တန်းကို မြန်မာနိုင်ငံတစ်ဝန်း လေတပ်စခန်းရှိသည့် နေရာများတွင် တစ်ပြိုင်တည်း ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း၊ လေကြောင်းပညာကို စိတ်ပါဝင်စားသည့် မျိုးဆက်သစ်များ အနေဖြင့် နောင်တစ်ချိန် ခေါင်းဆောင်ကောင်းများဖြစ်လာစေရန် ကြိုးပမ်းသွားကြစေလိုကြောင်း အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

မကွေးလေတပ်စခန်းဌာနချုပ်မှူးကလည်း လေကြောင်းပညာသမိုင်းကို လေ့လာခြင်းဖြင့် လေကြောင်းနှင့် အာကာသသိပ္ပံဆိုင်ရာ ပညာရပ်များကို စိတ်ဝင်စားမှု တိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့်သက်ဆိုင်သော ပညာရပ်များကို တတ်သိနားလည်ကာ နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ လေကြောင်းလူငယ် အခြေခံသင်တန်းတွင် စစ်ရေးပြဘာသာရပ်၊ လေကြောင်းသမိုင်း ဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံဘာသာရပ် (R/C လေယာဉ်နှင့် Simulator မောင်းနှင်ပျံသန်းခြင်း)၊ လေယာဉ်တည်ဆောက်မှု ဘာသာရပ်၊ စက်အုံတည်ဆောက်မှု ဘာသာရပ်၊ လေယာဉ်ပုံစံငယ်တည်ဆောက်မှု ဘာသာရပ်(S/C လေယာဉ်နှင့် Solid Model လေယာဉ်ပုံစံငယ်)စသည့် ဘာသာရပ်ခြောက်မျိုးကို သင်ကြားသွားမည်ဖြစ်သည်။ သင်တန်းသို့ မကွေးတိုင်းဒေသကြီးအတွင်းမှ သင်တန်းသား ၂၉ ဦးနှင့် သင်တန်းသူ ၁၁ ဦး စုစုပေါင်း သင်တန်းသား ၄၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မကွေးတပ်နယ်အသီးသီးမှ အရာရှိစစ်သည်များ၊ မကွေးလေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းသားသင်တန်းသူများနှင့် မိဘများ တက်ရောက်ခဲ့ကြပြီး ဖွင့်ပွဲအပြီးတွင် တက်ရောက်လာသော ဧည့်သည်များက သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

**သန်းနိုင်ဦး(ငဖဲ)**

## မြန်အောင်ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ခန်းပါ သုံးထပ်လူနာဆောင် ဆောက်လုပ်မှုကို ကွင်းဆင်းစစ်ဆေး

**မြန်အောင် မေ ၂၆**

မြန်အောင်ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ခန်းပါ သုံးထပ်လူနာဆောင် ဆောက်လုပ်နေမှု အခြေအနေများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုအောင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးလွင်နှင့် တာဝန်ရှိသူများ မေ ၂၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ခွဲစိတ်ခန်းပါ သုံးထပ်လူနာဆောင် အဆောက်အအုံသည် အလျား ပေ ၁၅၀၊ အနံ ၆၂ ပေ ရှိပြီး လူနာဆောင်ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ တာဝန်ယူဆောက်လုပ်နေသော Able Winners ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများအား သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာဆောက်လုပ်ရန် လွှတ်တော်ကိုယ်စားလှယ်များက မှာကြားခဲ့ပြီး ပြည်သူ့ဆေးရုံအတွင်း သန့်ရှင်းရေး၊ ဆေးရုံသုံးစွန့်ပစ်အမှိုက်များ သိမ်းဆည်းရေး၊ ဆေးရုံအတွင်း လျှပ်စစ်မီးကောင်းမွန်ရေးတို့အတွက်လည်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ ဆေးရုံတက်နေသော လူနာများကိုလည်း တွေ့ဆုံအားပေးခဲ့ကြသည်။



ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များသည် မြန်အောင် တာမိုင် (၆/၃)နှင့် (၆/၄)အတွင်း မြစ်ကမ်းကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ မြစ်ကမ်းကာကွယ်ခြင်းလုပ်ငန်းများအနေဖြင့် မြန်အောင်တာ မြေကာန်ရုံအမြင့် ၆ ပေ၊ အလျား ၆၅၈ ပေ တည်ဆောက်ခြင်း၊ မူလတာကို နောက်ဘက် သို့ ပေ ၃၀ ရွှေ့၍ တာတမံ အလျား ၆၅၈ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ ပေ တည်ဆောက်ခြင်း၊ Geosynthetic Material များ အသုံးပြုလျက် ရေလွှဲတန်း ၁၃၈ ပေ နှစ်ချောင်း တည်ဆောက်ခြင်းတို့ကို Alliance Star ကုမ္ပဏီက တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းဗိုလ်(မြန်/ဆက်)**

## ကျိုက်လတ်မြို့၌ မြို့ပေါ်ရပ်ကွက်ခြောက်ခုမှ ဘိုးဘွားများအား ပူဇော်ကန်တော့

**ကျိုက်လတ် မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့ပေါ် ရပ်ကွက်ခြောက်ခုရှိ အသက် ၈၀ နှင့်အထက် ဘိုးဘွားများအား သုခမေတ္တာ လူမှုကူညီရေးအသင်းမှ ပဥ္စမအကြိမ်မြောက် ကန်တော့ပွဲအခမ်းအနားကို မေ ၂၃ ရက်က ကျိုက်လတ်မြို့နယ် သဒ္ဓမ္မရံသီသာသနာ့ဗိမာန်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျိုက်လတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်အောင်ဌေးနှင့် သုခမေတ္တာလူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးတင့်အောင်တို့က မုဒိတာစကား ပြောကြားပြီး ဘိုးဘွားများအား မြို့နယ်ဆရာဝန်ကြီးနှင့်အဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် သုခမေတ္တာအသင်းဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များကလည်း ဘိုးဘွားများအား အာဟာရဒါနပြု၍ ကုသိုလ်ယူကြကာ ကန်တော့ပစ္စည်းများကို ပေးအပ်လှူဒါန်း၍ ဘိုးဘွားများအား စုပေါင်းကန်တော့ခဲ့ကြသည်။

အဆိုပါ ကန်တော့ပွဲသို့ ကန်တော့ခံဘိုးဘွား ၃၂၂ ဦးအနက် တက်ရောက်နိုင်သူ ၁၃၇ ဦး တက်ရောက်ခဲ့ကြောင်း၊ ကန်တော့ပွဲသို့ မတက်ရောက်နိုင်သည့် ဘိုးဘွားများကိုလည်း သုခမေတ္တာ လူမှုကူညီရေးအသင်းက အိမ်တိုင်ရာရောက် သွားရောက်ကန်တော့မည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**သပြေထွန်း**

# ဝယ်လိုအားများပြီး ဈေးတက်လာသောကြောင့် ဖရဲနှင့် သခွားစိုက်သူများ အကျိုးအမြတ်များ

ဇန်နဝါရီလမှစတင်သော ပြည်ပဈေးကွက်ဝင် ဖရဲနှင့် သခွားမွှေးစိုက်ရာသီသည် ဧပြီလတွင် ပြီးစီးပြီဖြစ်ပြီး ဈေးကွက်၌ ဖရဲနှင့်သခွား ရောင်းလိုအားနည်းကာ ဝယ်လိုအားများလာနေသောကြောင့် မတ်လအစောပိုင်းက အေးခဲ့သော ဖရဲ၊ သခွားဈေးနှုန်းသည် လက်ရှိအချိန်တွင် ထက်ဝက်မကတက်သွားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဖရဲသခွားစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုးလွင်ထံမှသိရသည်။

"မတ်လအစောပိုင်းက အေးစက်ခဲ့တဲ့ဈေးနှုန်းဟာ မတ်လနောက်ပိုင်းကာလမှာ မထင်မှတ်ဘဲ ဈေးတွေဟာ ထိုးတက်သွားလိုက်တာ ဖရဲ၊ သခွားမွှေးစိုက် တောင်သူတွေ နောက်ဆုံးပိတ် အိတ်နဲ့လွယ်တဲ့ အခြေအနေပါ။ သခွားမွှေးက တရုတ်ငွေ သုံးယွမ် လောက်ကနေ ငါးယွမ်နဲ့ ခြောက်ယွမ်ခွဲအထိ ခုန်တက်သွားသလို ဖရဲက တစ်ယွမ်ခွဲ နှစ်ယွမ်ကနေ သုံးယွမ်ခွဲအထိ တက်သွားပါတယ်။ ဈေးတက်ရတဲ့အကြောင်းက ဖရဲ၊ သခွား စိုက်ရာသီ ကုန်တော့ ပို့စရာကုန် နည်းလာတဲ့အတွက် ရောင်းလိုအားနည်း ဝယ်လိုအား များပြီး ဈေးတက်တာဖြစ်ပါတယ်။ အခုအချိန်က သရက်ပေါ်ချိန်ဖြစ်တဲ့အတွက် ပြီးခဲ့တဲ့ နှစ်က ဖရဲ၊ သခွား ဈေးကွက်ပျက်ခဲ့ပေမယ့် ဒီနှစ်မှာတော့ အဲဒီလိုမဟုတ်ဘဲ ဖရဲ၊ သခွား ဈေးကွက်က ကောင်းသထက်ကောင်းနေတာ တွေ့ရပါတယ်"ဟု လက်ရှိ ဖရဲနှင့် သခွား ဈေးကွက်အခြေအနေကို အသင်းဥက္ကဋ္ဌက ရှင်းပြသည်။

ချောင်းဦးမြို့နယ်မှ ဖရဲ၊ သခွားစိုက် တောင်သူများအနေဖြင့် တရုတ်နိုင်ငံနယ်စပ်ဈေးကွက်သို့ တင်ပို့ရာတွင် သင်္ကြန်မတိုင်မီက ဖရဲသီးကို တစ်ရက်လျှင် ၁၂ ဘီးကားနှင့် ခြောက်ဘီးကား အစီး ၇၀၀ ကျော်အထိလည်းကောင်း၊ သခွားမွှေးကို ကားအစီး ၄၀၀ ခန့် အထိလည်းကောင်း တင်ပို့ခဲ့ရသလို ဈေးကွက်နောက်ဆုံးအချိန် ဧပြီ ၂၄ ရက်တွင် ဖရဲကား အစီး ၃၀၀ ခန့်နှင့် သခွားမွှေးကား အစီးရေ ၆၀ မှ ၇၀ ကြားအထိ တင်ပို့ရကြောင်း သိရသည်။ ဖရဲနှင့်သခွား တင်ပို့ရာတွင် ၁၂ ဘီးကားတစ်စီးလျှင် ၁၇ တန်ခန့်နှင့် ခြောက်ဘီးကားတစ်စီးလျှင် ၁၀ တန်ခန့်စီ တင်ကြပြီး ကုန်တင်ခနှုန်းမှာ သင်္ကြန်မတိုင်ခင်နှင့် သင်္ကြန်အပြီးကာလတွင် ဈေးနှုန်းအပြောင်းအလဲမရှိဘဲ တစ်တန်လျှင် ကျပ်ရှစ်သောင်းဖြင့် တင်ပို့လျက်ရှိကြောင်းသိရသည်။

ယခုနှစ်တွင် ဖရဲနှင့် သခွား ဈေးကွက်အခြေအနေကောင်းမှုကြောင့် စိုက်ပျိုးသည့် တောင်သူများအနက် ၆၅ ရာခိုင်နှုန်းခန့်မှာ အမြတ်ရရှိပြီး ၂၀ ရာခိုင်နှုန်းခန့်သည် အရင်းရကြကာ ဇန်နဝါရီလတွင် ရာသီစတင်သော်လည်း မတ်လတွင်မှ စုပြုံဖော်သည့်အတွက် အသီးအရည်အသွေးမမီဖြစ်ကြသည့် တောင်သူ ၁၅ ရာခိုင်နှုန်းခန့်သာ အရှုံးပေါ်ကြောင်း သိရသည်။



ချောင်းဦးမြို့နယ် သခွားမွှေးစိုက်ခင်းတစ်ခုမှ ခူးဆွတ်ထားသော သခွားမွှေးများ

၂၀၁၆ ဧပြီလမှ ၂၀၁၇ မတ်လအထိ စစ်ကိုင်းတိုင်းဒေသကြီးမှ ဖရဲတန်ချိန်ပေါင်း ခြောက်သိန်းကျော်နှင့် သခွားမွှေးတန်ချိန်ပေါင်း ၁၃၀၀၀၀ ကျော်ကို ပြည်ပသို့တင်ပို့ကာ နိုင်ငံတော်ဘဏ္ဍာ ရှာဖွေပေးနိုင်ခဲ့သလို ဒေသခံတောင်သူများ၏ စီးပွားရေးကိုလည်း အဆင်ပြေစေခဲ့သည့်အတွက် ယခုကာလတွင် ဖရဲသခွားပင်လယ်ဟု တင်စားခေါ်ရလောက်သည့် ချောင်းဦးမြို့နယ်၌ အလှူအတန်းများ ယခင်နှစ်ကထက် ပို၍များပြားစွာ ကျင်းပလျက်ရှိနေကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ပြည်နဝဒေးတံတားအောက် အကြမ်းဖက်လုယက်သတ်ဖြတ်မှု လေးနှစ်ပြည့်ဆုတောင်းပွဲပြုလုပ်

**ပြည် ဧပြီ ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နဝဒေးတံတားအောက်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်လုယက်သတ်ဖြတ်မှု လေးနှစ်ပြည့်အထိမ်းအမှတ်ဆုတောင်းပွဲကို ပြည်မြို့ဘာသာပေါင်းစုံလူငယ်များ စုစည်း၍ ဆင်စုရပ်ကွက်ရှိ ဗျူးပွိုင့်(ရောဝတီမြစ်ကမ်းနံဘေး)၌ ဧပြီ ၂၃ ရက် ညနေပိုင်းက ပြုလုပ်ခဲ့သည်။



၂၀၁၃ ခုနှစ် ဧပြီ ၂၃ ရက် ည ၉ နာရီကျော်က အဆိုပါ နဝဒေးတံတားအောက် ရောဝတီမြစ်ကမ်းပါး သဲသောင်ပြင်တွင် သမီးရည်းစားစုံတွဲတစ်တွဲကို ပြစ်မှုကျူးလွန်သူသုံးဦးက အကြမ်းဖက် လုယက်သတ်ဖြတ်ခဲ့၍ သမီးရည်းစားစုံတွဲမှ အမျိုးသား ကိုဇော်မင်းဦး သေဆုံးခဲ့သည်။ အခင်းဖြစ်ပွားချိန်က တံတားအလွန် သောင်ပြင်ကိုင်းတောထဲ၌ တွေ့ရှိသူနှစ်ဦးကို ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းဖမ်းဆီးနိုင်ခဲ့ပြီး တစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း၊ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ယခုအချိန်အထိ အမှုမှန်ပေါ်ပေါက်ခြင်းမရှိသေးသဖြင့် ဆုတောင်းပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆုတောင်းပွဲတွင် အသတ်ခံရသူ ကိုဇော်မင်းဦး၏ မိသားစုဝင်များနှင့် ပြည်မြို့ရှိ ဘာသာပေါင်းစုံလူငယ်များ အင်အား ၃၀ ကျော်ခန့်က အခင်းဖြစ်ပွားရာ နဝဒေးတံတားအောက် သဲသောင်ပြင်အနီးရှိ ဗျူးပွိုင့်တွင် ဆီမီးများထွန်းကာ ဘာသာအလိုက် ဆုတောင်းခြင်း၊ အမှတ်တရစကားပြောခြင်း၊ အမှုမှန်ပေါ်ပေါက်ရေးအတွက် တောင်းဆိုခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဗိုလ်ချုပ်ဈေး သန့်ရှင်းသပ်ရပ်ရေးအတွက် ကွန်ကရစ်လျှောက်လမ်းခင်းကျင်းမှု ပြီးစီး

**ငါ့သရောက် ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ဗိုလ်ချုပ်ဈေးတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ဈေးဆိုင်ခန်းများ၊ လက်လီရောင်းချသည့် ပုံကျဈေးသည်များအနေဖြင့် မိုးတွင်းအချိန်တွင် သန့်ရှင်းသပ်ရပ်စွာ ခင်းကျင်းရောင်းချနိုင်ရန်နှင့် ဈေးဝယ်သူများ သွားလာမှုအဆင်ပြေစေရန် ရည်ရွယ်၍ ဗိုလ်ချုပ်ဈေးအဝင်လမ်းနှင့် အတွင်း လျှောက်လမ်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြု ရန်ပုံငွေ ကျပ် ၅၅ သိန်းကျော်ဖြင့် ကွန်ကရစ်ခင်းခဲ့ရာ လုပ်ငန်းများ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဈေးအတွင်းရှိ လမ်းအရှည်ပေ ၁၈၀ ခန့်တွင် အကျယ် ၁၆ ပေရှိ ကွန်ကရစ်လျှောက်လမ်းများကို ခင်းကျင်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းကို ငါ့သရောက်မြို့စည်ပင်သာယာရေးအဖွဲ့ကပင် တာဝန်ယူဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်းများမှာ မတ်လကုန်ကပင် ပြီးစီးခြင်းဖြစ်ကြောင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးမှူး ဦးသက်နိုင်လင်းထံမှ သိရသည်။

မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အဆိုပါ ဈေးအတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းအပြင် ငါ့သရောက်မြို့ အမှတ်(၃) နှောတွင်းရပ်ကွက်အနီးရှိ ကတ္တရာလမ်းရေကျော် မိုးရေတိုက်စားမှုကြောင့် ပျက်စီးနေမှုအတွက်လည်း အရှည် ၃၅ ပေ၊ အကျယ် ၁၅ ပေရှိ ကျောက်တန်းစီကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုဖြည့်စွက်ရန်ပုံငွေ ၆၅ သိန်းဖြင့် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မြေသားလမ်းနှင့် တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ဟင်္သာတ ဧပြီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ပဲကြီးကျွန်းကျေးရွာအုပ်စုအတွင်းရှိ ဥယျာဉ်စု-ရေလယ်ကျွန်း ကျေးရွာချင်းဆက် မြေသားလမ်းနှင့် ထိုမြေသားလမ်းပေါ်ရှိ ရိုးဖြတ်တံတား ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဟင်္သာတမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန့်ဇော်လွင်တို့ ဧပြီ ၂၄ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ ဥယျာဉ်စု-ရေလယ်ကျွန်း ကျေးရွာချင်းဆက် မြေသားလမ်းသည် အရှည် ဝ ဒသမ ၆ မိုင်၊ လမ်းအကျယ် ၁၆ ပေနှင့် လမ်းသားအမြင့် သုံးပေရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၄၉ ဒသမ ၁၇၉ သန်းဖြင့်လည်းကောင်း၊ ဥယျာဉ်စု-ရေလယ်ကျွန်း ရိုးဖြတ်တံတားမှာ အရှည်ပေ ၅၀ ပေ၊ အကျယ် ၁၄ ပေနှင့် အမြင့် ၁၂ ပေရှိ သံကူကွန်ကရစ်တံတားဖြစ်ပြီး ကုန်ကျငွေ ကျပ်သန်း ၅၀ ဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## သတင်းတိုများ

### တရားခံဖမ်းဆီးနည်း(ဆင့်ပွား)သင်တန်းဖွင့်လှစ်ပို့ချ

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်အတွင်းမှ ရဲတပ်ဖွဲ့ဝင်များအား တရားခံဖမ်းဆီးနည်း (ဆင့်ပွား)သင်တန်း အမှတ်စဉ်(၁၁/၂၀၁၇)ကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ဧပြီ ၂၄ ရက်က ဖွင့်လှစ်ပို့ချခဲ့သည်။ သင်တန်းဖွင့်ပွဲသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန့်ဇင်လင်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးများ၊ သင်တန်းသားများ တက်ရောက်ပြီး ခရိုင်ရဲတပ်ဖွဲ့မှူးက အမှာစကားပြောကြား ဖွင့်လှစ်ပေးကာ သင်တန်းကို ဆက်လက်ပို့ချခဲ့သည်။ သင်တန်းသို့ ကော့ကရိတ်ခရိုင်အတွင်းရှိ ရဲစခန်းအသီးသီးမှ သင်တန်းသား ရဲအရာရှိနှင့် အခြားအဆင့်ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၂၀ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ မေ ၅ ရက်အထိဖြစ်ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး**

### လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း(ဆင့်ပွား)သင်တန်းဖွင့်

ကချင်ပြည်နယ် ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ဦးစီးဖွင့်လှစ်သည့် လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၄ ရက်က ဗန်းမော်မြို့မရဲစခန်းဝင်းအတွင်းရှိ ရဲသီဟခန်းမ၌ ကျင်းပသည်။ သင်တန်းဖွင့်ပွဲတွင် ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးသွင်က အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းတွင် ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် ဗန်းမော်မြို့နယ်၊ မိုးမောက်မြို့နယ်၊ မန်စီမြို့နယ်နှင့် ရွှေကူမြို့နယ်များရှိ ရဲတပ်ဖွဲ့များမှ သင်တန်းသား ရဲအရာရှိ ၁၂ ဦးနှင့် အခြားအဆင့် ၅၈ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မေ ၅ ရက်အထိ ရက်သတ္တပတ်နှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အခြေအနေကို တိုင်းဒေသကြီး ဝန်ကြီးများနှင့် ခရိုင် ဌာနဆိုင်ရာတာဝန်ရှိသူများ ဧပြီ ၂၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၊ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်တို့က ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကန့်ဘလူမြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စုအတွင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ဆောင်ရွက်ခဲ့သော စနစ်ကျ စက်မှုလယ်ယာ ဧက ၂၀၀ ဖော်ထုတ်ပြီးစီးမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးကြပ်ဆောင်ရွက်နေသော ကန့်ဘလူ-အင်းလယ်ကြီး-ပျဉ်းတော်-ပုပ္ပားလမ်းတွင် မြေသားလမ်းနှင့် ကျောက်ချောလမ်း ခင်းကျင်းနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်သည်။ စနစ်ကျ လယ်ယာမြေ ဧက ၂၀၀ ဖော်ထုတ်ခြင်းနှင့် မြေသားလမ်းလုပ်ငန်းများမှာ ပြီးစီးနေပြီဖြစ်ပြီး ကျောက်ချောလမ်းလုပ်ငန်းမှာ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကာ မိုးရာသီအမီပြီးစီးရန်အတွက် ယန္တရားနှင့် လူအင်အား တိုးမြှင့်အသုံးပြု၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

### တောင်သူများအား လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများ ရှင်းလင်း

၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများနှင့်ပတ်သက်၍ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဒေးဒရဲမြို့နယ် ကျုံသင်ကျေးရွာအုပ်စု၌ ဧပြီ ၂၀ ရက်က ကျင်းပခဲ့သည်။ ဆွေးနွေးပွဲသို့ ဒေးဒရဲမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် တောင်သူများ တက်ရောက်ကြပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဇော်မျိုးလွင်က ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများဥပဒေနှင့် လယ်ယာမြေပုံစံ(၇)များ အပြည့်အဝထုတ်ပေးနိုင်ရေး ဆောင်ရွက်နေမှုများ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သပြေထွန်း**

### ကျေးရွာအရောက် ရေများသွားရောက်လှူဒါန်း

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ အချို့သောကျေးရွာများတွင် ရေအခက်အခဲကြုံတွေ့နေရသဖြင့် ပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာဌာနများက ရေများလှူဒါန်းပေးနေသည့်အပြင် စေတနာရှင် အလှူရှင်များကလည်း ကျေးရွာများသို့သွားရောက်၍ ရေလှူဒါန်းပေးလျက်ရှိရာ ဧပြီ ၂၄ ရက်တွင် ပန်ပက်ကျေးရွာအုပ်စုအတွင်းရှိ ဆောင်လူးကနားကျေးရွာနှင့် ကတဲကူကျေးရွာတို့မှ ပြည်သူများအတွက် တစ်ရွာလျှင် ရေဂါလန် ၁၂၀၀ စီကို ပြည်နယ်အစိုးရ၏ ကူညီပံ့ပိုးမှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### မြို့နယ်အခြေပြုမူလတန်းဆရာအတတ်ပညာသင်တန်းဖွင့်

ကချင်ပြည်နယ် ရွှေကူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် မြို့နယ်အခြေပြုမူလတန်း ဆရာအတတ်သင်တန်းကို ဧပြီ ၂၄ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးယုနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်မော်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းသို့ မြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ မူလတန်းပြ ဆရာ ဆရာမ ၅၇ ဦး တက်ရောက်ပြီး သင်တန်းနည်းပြ ၁၃ ဦးက ဧပြီ ၂၄ ရက်မှ မေ ၂၃ ရက်အထိ သင်တန်းကာလ တစ်လကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

# ထိပ်တန်းအသင်းတွေ အမှတ်ပြည့်ရဖို့ခက်ခဲမယ့် ဘွန်ဒက်လီဂါပွဲစဉ်တွေ

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေဖြစ်တဲ့ မေ ၂၉ ရက်နဲ့ ၃၀ ရက်တွေမှာတော့ ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်တွေ ကစားဖို့ရှိနေပါတယ်။ ရာသီကုန်ပွဲစဉ်တွေဖြစ်လာတာမို့ အသင်းတိုင်း အားကုန်သွန်ပြီး ကစားနေတာကြောင့် မထင်မှတ်တဲ့ရလဒ်တွေ ထွက်နေပါတယ်။ အခုပွဲစဉ်မှာလည်း အသင်းကြီးတွေရလဒ်ကောင်းဖို့ဆိုတာ ခက်ခဲဦးမယ့် အနေအထားရှိနေတာမို့ ပရိသတ်တွေအတွက်တော့ ရင်တမမနဲ့ အားပေးကြရဦးမှာ ဖြစ်ပါတယ်။

**ဒေါ့မွန်နှင့် ကိုလုံး**

မွန်ချန်အသင်းကို အဝေးကွင်းမှာ နိုင်ပွဲရအောင် ကစားနိုင်တဲ့ ဒေါ့မွန်ဟာ ဂျာမန်ပိုကယ်ဖလားနွဲခဲ့ရတာမို့ ပွဲပန်းနေပါတယ်။ ခြေစွမ်းကျဆင်းနေပြီး နိုင်ပွဲတွေပျောက်ဆုံးနေတဲ့ ကိုလုံးတို့ရဲ့အားထုတ်မှုကလည်း ကျေနပ်စရာမရှိပါဘူး။ ဒေါ့မွန်တို့က အခုပွဲမှာ အနိုင်သုံးမှတ်သေချာရေး တိုက်စစ်ဖွင့်ကစားပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ပထမအကျော့ ကစားခဲ့တဲ့ရလဒ်က တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲမှာတော့ ဒေါ့မွန်ဟာ အနိုင်ရလဒ်ကိုပဲ ဆက်တိုက်ဖော်ဆောင်ဖို့ ကြိုးစားမှာ အမှန်ပါပဲ။

**မိန့်ဇ်နှင့် မွန်ချန်ဂလာဘတ်**

ဘိုင်ယန်မြူးနစ်လိုအသင်းကို အဝေးကွင်းမှာ နှစ်ဂိုးစီသရေပွဲဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့တဲ့ မိန့်ဇ်ရဲ့ကစားအားက လျှော့တွက်လို့မရတာ အမှန်ပါ။ မွန်ချန်ဂလာဘတ်တို့က အိမ်ကွင်း၊ အဝေးကွင်း ပုံမှန်ခြေစွမ်းရအောင် ကစားနိုင်တာမို့ အခုပွဲက အဝေးကွင်းဆိုပေမယ့် မိန့်ဇ်ကို အကျပ်အတည်းတွေ့အောင် ကြိုးစားပါလိမ့်မယ်။ ပထမအကျော့ မွန်ချန်ဂလာဘတ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့တဲ့ မိန့်ဇ်ဟာ အခုပွဲကို အနိမ့်ဆုံးသရေကစားပြီး တစ်မှတ်ရအောင် ယူပါလိမ့်မယ်။

**ဝါဒါဘရီမင်နှင့် ဟာသာဘာလင်**

အခုတလော နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ရှုံးပွဲမရှိအောင် ကစားနိုင်ခဲ့တဲ့ ဝါဒါဘရီမင်တို့အတွက် ဟာသာဘာလင်ဟာ အခက်အခဲတစ်ခုအဖြစ် ရင်ဆိုင်ရပါလိမ့်မယ်။ ဝါဒါဘရီမင်တိုက်စစ်မှူးတွေက ဂိုးသွင်းစွမ်းရည်ထက်မြက်ပြီး ဂိုးရအောင်လည်း အားထုတ်နိုင်သူတွေဖြစ်ပါတယ်။ ဟာသာဘာလင်ရဲ့ အားနည်းချက်ကတော့ တိုက်စစ်မှူးတွေဂိုးပေါက်ပျောက်ဆုံးနေတာဖြစ်ပြီး ခံစစ်ပိုင်းကတော့ ကောင်းနေပါတယ်။ ပထမအကျော့ပွဲစဉ် ဝါဒါဘရီမင်က တစ်ဂိုး-ဂိုးမရှိ နိုင်ပွဲရထားသလို အခုပွဲမှာလည်း အိမ်ရှင်တို့ နိုင်ရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

**ဝုဖ်ဘတ်နှင့် ဘိုင်ယန်မြူးနစ်**

ဘိုင်ယန်မြူးနစ်တို့လည်း အခုတလော ရလဒ်တွေဆိုးရွားနေတာမို့ နိုင်ပွဲကိုပြန်လည်ဖော်ထုတ်နိုင်ရေး အားထည့်တော့မှာ ဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်ကို နှစ်ကျော့စလုံးရှုံးပြီး မိန့်ဇ်ရဲ့ လေဗာကူဆင်ကို သရေပွဲတွေဖြစ်ထားတဲ့ ဘိုင်ယန်မြူးနစ်ဟာ အခုပွဲမှာ ကစားကွက်ကို သေသေချာချာတည်ပြီး အနိုင်ရရေး ကြိုးစားပါလိမ့်မယ်။ ဝုဖ်ဘတ်တို့ကတော့ ခြေပျက်နေပြီး ရလဒ်တွေလည်း ကမောက်ကမဖြစ်နေပါတယ်။ ဒီနှစ်သင်း ပထမအကျော့ပွဲစဉ်မှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရခဲ့ပေမယ့် အခုပွဲမှာ သရေပွဲလည်း ဖြစ်နိုင်သလို အနိုင်ဆိုရင်လည်း ဘိုင်ယန်မြူးနစ်တို့ ကပ်ပြီးအောင်ပွဲခံသွားနိုင်ပါတယ်။



**ဟော့ဖန်ဟိန်းနှင့် ဖရန့်ဖတ်**

နှစ်သင်းစလုံး ခြေစွမ်းအတက်အကျရှိနေပြီး ရလဒ်တွေလည်း ဆိုးရွားနေပါတယ်။ ဟော့ဖန်ဟိန်းရဲ့ ခံစစ်မှူးတွေက ပြိုင်ဘက် တိုက်စစ်မှူးတွေကို ထိန်းချုပ်ဟန့်တားနိုင်သူတွေဖြစ်တာမို့ ဖရန့်ဖတ်တိုက်စစ်မှူးတွေ ခက်ခဲပါလိမ့်မယ်။ ဖရန့်ဖတ်ရဲ့ ကွင်းလယ်ကစားအားက တိုက်စစ်ကို လိုက်ပါပံ့ပိုးမှု အားနည်းတာမို့ အခုပွဲဟာ ပထမအကျော့တုန်းကလို သရေပွဲနဲ့ အဆုံးသတ်သွားနိုင်ပါတယ်။

**ဒမ်စတက်နှင့် ဖရိုင်းဘတ်**

ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရာက နိုင်ပွဲတွေရအောင် စွမ်းဆောင်နိုင်လာတဲ့ ဒမ်စတက်တို့ရဲ့အားထုတ်မှုက ချီးကျူးစရာပါ။ ဖရိုင်းဘတ်တို့ကလည်း နိုင်ပွဲတွေပြန်ရလာတဲ့အတွက် ဒီနှစ်သင်းရဲ့တွေ့ဆုံပွဲက ပြိုင်ဆိုင်မှု ပြင်းထန်ပါလိမ့်မယ်။ ဖရိုင်းဘတ်ရဲ့ ခံစစ်ကြောင်းက အမှားအယွင်းများတာမို့ ဒမ်စတက်တို့ အခွင့်အရေးကောင်းတွေ ရသွားနိုင်ပါတယ်။ ။

**မိုးမြင့်လင်းလက်**



# နယူးကာဆယ်ကို တန်းတက်အောင် ဦးဆောင်ခဲ့တဲ့ ဘင်နီတက်ဇ်

နယူးကာဆယ်အသင်းက ပရီစတွန်အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီးနောက် လာမယ့်ရာသီမှာ ပရီမီယာလိဂ်သို့ ပြန်လည်တန်းတက်ခွင့်ရရှိသွားပြီဖြစ်ပါတယ်။ နယူးကာဆယ်အသင်းကို တန်းတက်အောင် ဦးဆောင်ခဲ့တဲ့ နည်းပြဘင်နီတက်ဇ်အနေနဲ့ လာမယ့်ရာသီမှာ တန်းတက်ခဲ့သော်လည်း နည်းပြဆက်လုပ် မလုပ်ကို အတည်ပြုပြောကြားနိုင်ခြင်းမရှိဘူးလို့ ဆိုပါတယ်။ နယူးကာဆယ်အသင်းဟာ ဒီပွဲအနိုင်ရခဲ့တဲ့အတွက် ပေါင် သန်း ၂၀၀ ဆုကြေးငွေ ဆွတ်ခူးနိုင်တဲ့အပြင် တန်းတက်ခွင့်ပါရရှိသွားခဲ့ပါတယ်။ နယူးကာဆယ်အသင်းဟာ တစ်နှစ်သာ ပရီမီယာရှစ်မှာ ကစားခဲ့ရပါတယ်။ ဘင်နီတက်ဇ်ဟာ လာမယ့် ပရီမီယာလိဂ်ရာသီမှာ နယူးကာဆယ်ကနေ အသင်းကြီးတွေဖြစ်တဲ့ လီဗာပူး၊ ချယ်လ်ဆီးနဲ့ မန်ယူအသင်းတွေကို ပြန်လည်ကိုင်တွယ်ဖို့ စိတ်အားထက်သန်နေတဲ့ အနေအထားဖြစ်ပါတယ်။ နယူးကာဆယ်အသင်းဟာ ပွဲစဉ် ၄၄ အပြီး ဒုတိယနေရာမှ ၈၈ မှတ်ရရှိကာ တန်းတက်လာခြင်း ဖြစ်ပါတယ်။

# ငွေကြေးက အောင်မြင်မှုအတွက် အာမမခံဘူးဆိုတဲ့ နည်းပြကွန်တီ

ပရီမီယာလိဂ်မှာ ကစားသမားတွေကို ငွေပုံအောပြီး ခေါ်ယူနေသော်လည်း ဖလားရဖို့အောင်မြင်မှုအတွက် အာမ မခံနိုင်ဘူးလို့ ချယ်လ်ဆီးနည်းပြ ကွန်တီက ပြောဆိုလိုက်ပါတယ်။ မန်ယူက ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၈၉ သန်းနဲ့ ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို ခေါ်ယူခဲ့မှုနဲ့ မန်စီးတီးက နောက်တန်းလူ ဂျွန်စတုန်းကို ပေါင် ၄၇ ဒသမ ၅ သန်းနဲ့ ကြေးကြီးပေးပြီး ခေါ်ယူခဲ့မှုအပေါ် ကွန်တီက ရည်ရွယ်ပြောဆိုလိုက်ခြင်း ဖြစ်ပါတယ်။ ပရီမီယာလိဂ် လက်ကျန်ပွဲ ခြောက်ပွဲ ကျန်ရှိနေချိန်မှာ ချယ်လ်ဆီးက ဒုတိယနေရာမှ စပါးအထက် လေးမှတ်အသာရထားပါတယ်။ မန်စီးတီးကို ၁၁ မှတ်၊ မန်ယူကို ၁၂ မှတ် အသာနဲ့ ချယ်လ်ဆီးက ဦးဆောင်နေပါတယ်။ မန်ချက်စတာ ကလပ်နှစ်ခုစလုံးဟာ ငွေပုံအောပြီး ကစားသမားခေါ်ယူခဲ့တာ ဒီနှစ်တစ်နှစ်တည်း မဟုတ်ဘူးလို့ ကွန်တီက ဆိုပါတယ်။ ဒီနှစ်ထဲမှာ ကစားသမားခေါ်ယူမှုအတွက် မန်စီးတီးက ပေါင် ၁၇၅ သန်း၊ မန်ယူက ပေါင် သန်း ၁၅၀ နဲ့ ချယ်လ်ဆီးကတော့ ပေါင် ၁၂၃ သန်း သုံးစွဲခဲ့ပြီး စပါးက ပေါင်သန်း ၇၀ သုံးစွဲခဲ့ပါတယ်။





# ပရီမီယာလိဂ်အသင်းကြီးတွေ ပစ်မှတ်ထားနေတဲ့ အက်သလက်တီကို တိုက်စစ်မှူး

အက်သလက်တီကို တိုက်စစ်မှူး ဂရက်စ်မန်းကို ပရီမီယာလိဂ်အသင်းကြီးတွေဖြစ်တဲ့ မန်ယူ၊ မန်စီးတီးနဲ့ ချယ်လ်ဆီးတို့က ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ မန်ယူက ခေါ်ယူဖို့ စိတ်ဝင်စားနေတဲ့အကြောင်း ပထမဆုံး အတည်ပြုပြောကြားလိုက်ပြီ ဖြစ်ပါတယ်။ ဂရက်စ်မန်းဟာ မန်စီးတီးနည်းပြ ဂွာဒီယိုလာရဲ့အဓိက ပစ်မှတ်ထားနေတဲ့သူဖြစ်လာပါတယ်။ အသက် ၂၆ နှစ်အရွယ်ရှိ ဂရက်စ်မန်းဟာ ဒီနှစ်ထဲမှာ ပွဲပေါင်း ၄၆ ပွဲပါဝင်ကစားခဲ့ရာမှာ ၂၅ ဂိုးသွင်းယူပေးထားပါတယ်။ သို့ပေမယ့် ပြင်သစ်လက်ရွေးစင်တွေဖြစ်တဲ့ ဂရက်စ်မန်းနဲ့ ပေါ့ဂ်ဘာတို့ဟာ အသင်းတစ်သင်းတည်းမှာ အတူရှိလိမ့်မယ်လို့ မထင်ပါဘူး။ ဒီ့အတွက် ဂရက်စ်မန်းဟာ လာမယ့်ရာသီမှာ မန်ယူထက် မန်စီးတီးကို သွားဖို့ ပိုများပါတယ်။ ချယ်လ်ဆီးက ကော်စကာနေရာမှာ အစားထိုးဖို့ အလားအလာရှိပေမယ့် ငွေပုံအောပြီး ခေါ်ယူမယ့် အနေအထားမရှိပါဘူး။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ရှောင်ဖို့မလို... လျှော့ဖို့သာလိုပါသည်

**သိပ္ပံစာရေးဆရာကိုကိုအောင်**



၁၉၈၄ ခုနှစ်က အမေရိကန်ပြည်ထောင်စု၌ သွေးအတွင်း အဆီဓာတ်များနေသော အစမ်းသပ်ခံ စေတနာ့ဝန်ထမ်း ၄၀၀၀ ကို ဆယ်စုနှစ်တစ်စုကြာအောင် သုတေသနပြုလုပ်ခဲ့ချက်အရ ခန္ဓာကိုယ်တွင်းလှည့်ပတ်နေသည့် သွေးအတွင်းရှိ အဆီတစ်မျိုးဖြစ်သော ကိုလက်စထရော(Cholesterol)ကို လျော့ကျသွားအောင်ပြုလုပ်ခြင်းဖြင့် နှလုံးရောဂါဖြစ်ပွားမှုနှုန်းကို လျှော့ချနိုင်ကြောင်း တိကျစွာဖော်ထုတ်နိုင်ခဲ့သည်။ အဆိုပါ သုတေသနပြုတွေ့ရှိချက်သည် သွေးထဲရှိ ကိုလက်စထရောကို လျှော့ချနိုင်ရေးအတွက် ဆီစားသုံးမှုကိုဆင်ခြင်ကြရန် တွန်းအားတစ်ရပ်ဖြစ်လာခဲ့သည်။

ကိုလက်စထရောကို အသားများစားသုံးခြင်းဖြင့် ရရှိနိုင်သလို...အခြားသော အစားအစာများတွင် ပါဝင်နေသော ပြည့်ဝဆီများကို အသည်းက ပြုပြင်ထုတ်လုပ်ပေးလိုက်ခြင်းအားဖြင့်လည်း ရရှိနိုင်သည်။ ကိုလက်စထရောကို လူ့ခန္ဓာကိုယ်က မရှိမဖြစ်လိုအပ်သည်။ ဖိုမဟော်မုန်းဓာတ်များ ထုတ်လုပ်ခြင်း၊ နေရောင်ခြည်ကို စုပ်ယူပြီး ဗီတာမင်ဒီအဖြစ် ပြောင်းလဲပေးခြင်း၊ အာရုံကြောမျှင်များကို အမြှေးပါးများဖြင့် ရစ်ပတ်ဖုံးအုပ်ပေးထားခြင်းစသော လုပ်ငန်းစဉ်များတွင် ကိုလက်စထရောသည် အရေးကြီးသော အခြေခံပစ္စည်းတစ်ခု ဖြစ်သည်။

ယေဘုယျအားဖြင့် လူတစ်ဦးအတွက် နေ့စဉ် ကိုလက်စထရော ၅၀၀ မီလီဂရမ်ခန့် လိုအပ်ပြီး ယင်းလိုအပ်ချက်ကို အစားအသောက်များမှတစ်ဆင့် အလုံအလောက်မရရှိခဲ့လျှင် အသည်းက ဖြည့်စွက်ထုတ်လုပ်ပေးသည်။ သို့ရာတွင် ကိုလက်စထရောပါဝင်နေသော အစားအစာများဖြစ်ကြသည့် အသား၊ အသည်း၊ ဝမ်းတွင်းကလီစာများ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ဥအနှစ်များ စသည်တို့ကို အလွန်အကျွံစားသုံးမိခြင်းကြောင့် ခန္ဓာကိုယ်ကလိုအပ်သည်ထက် ကိုလက်စထရောပမာဏက များပြားနေမည်ဆိုပါကမူ နှလုံးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ စသော ရောဂါများ ဖြစ်ပွားလာနိုင်သည်။

သို့ဖြစ်၍ သွေးတွင်းအဆီဓာတ်ဖြစ်သော ကိုလက်စထရောပမာဏ အလွန်အကျွံမြင့်တက်မလာစေရေးအတွက် ဆီနှင့်တကွ အဆီဓာတ်ပါသောအစားအစာများကို ထိန်းထိန်းသိမ်းသိမ်းဖြင့် စားသုံးကြရန် သတိပေးနှိုးဆော်ချက်များ ထွက်ပေါ်လာရခြင်းဖြစ်သည်။ ထိုသို့သော သတိပေးနှိုးဆော်ချက်များကြောင့် ဆီနှင့်အဆီဓာတ်ပါသော အစားအသောက်များကို နှုံးနှုံးချိန်ချိန်ဖြင့် စားသုံးလာကြသူများရှိသလို ဆီနှင့် အဆီဓာတ်ပါသည့် အစားအသောက်များကို လုံးဝပစ်ပယ်ရှောင်ကြဉ်ကြသူများလည်း ရှိလာသည်။ ကြော်ချက်ထားသောဟင်းများကိုပင် စားသောက်ခြင်းမပြုတော့ဘဲ၊ ပြုတ်ထားသောဟင်းများနှင့် ပေါင်းထားသောဟင်းများကိုသာ ရွေးချယ်စားသုံးလာကြသူများကိုလည်း တွေ့ရှိနေရသည်။

ဤတွင် အဆီဓာတ်သည် ခန္ဓာကိုယ်အတွက် မည်ရွေ့မည်မျှအရေးကြီးသည်ကို ပြန်ပြောင်း၍ သတိတရရှိကြဖို့ လိုအပ်လာပြန်သည်။ လူတို့ နေ့စဉ်စားသုံးနေသော အစားအသောက်များမှာ အများအပြားရှိသော်လည်း ယင်းတို့ကိုခွဲခြမ်းစိတ်ဖြာကြည့်လျှင် အဓိကအားဖြင့် သုံးမျိုးသာ တွေ့ရှိရမည်ဖြစ်သည်။ ယင်းတို့မှာ ပရိုတိန်း၊ ကာဗိုဟိုက်ဒရိတ်နှင့် အဆီတို့ ဖြစ်ကြသည်။

ယင်းသုံးမျိုးထဲတွင် အဆီဓာတ်သည် ပရိုတိန်းနှင့် ကာဗိုဟိုက်ဒရိတ်တို့ထက် အာဟာရစွမ်းအင်ကို နှစ်ဆ ပေးနိုင်စွမ်းရှိသည်။ ပရိုတိန်း သို့မဟုတ် ကာဗိုဟိုက်ဒရိတ်တစ်ဂရမ်စားသုံးလျှင် အာဟာရစွမ်းအင် ၄ ဒသမ ၅ ကယ်လိုရီမျှသာ ရရှိနိုင်သော်လည်း ဆီတစ်ဂရမ်ကို စားသုံးခဲ့လျှင်မူ အာဟာရစွမ်းအင် ၉ ကယ်လိုရီအထိ ရရှိနိုင်သည်။ ဆီကို တိုက်ရိုက်စားသုံးခြင်းအားဖြင့် အဆီဓာတ်ကိုရရှိနိုင်သလို ... အမဲသား၊ ဝက်သား၊ ဆိတ်သား၊ ကြက်သား၊ ဘဲသား စသော အသားများနှင့် ငါး၊ ပုစွန်၊ ဂဏန်း စသော ရေထွက်ပစ္စည်းများကို စားသုံးခြင်းအားဖြင့်လည်း အဆီဓာတ်ကိုရရှိနိုင်သည်။ ဆီထွက်သီးနှံများ၊ ဆီထွက်အစေ့အဆန်များ၊ ဆီထွက်ဟင်းသီးဟင်းရွက်များကို စားသုံးခြင်းအားဖြင့်လည်း အဆီဓာတ်ကို ရရှိနိုင်သည်။

၁၉၁၂ ခုနှစ်က ပိုလန်လူမျိုးသိပ္ပံပညာရှင် ဒေါက်တာကာစီမီယာဖန့်က ဗီတာမင်ကို စတင်ဖော်ထုတ်တွေ့ရှိခဲ့ပြီးချိန်မှစ၍ ဆေးသိပ္ပံပညာရှင်များနှင့် ဓာတုဗေဒပညာရှင်တို့သည် ရာစုနှစ် တစ်စုအတွင်း ဗီတာမင်အမျိုးပေါင်း ၁၄ မျိုးကို တွေ့ရှိဖော်ထုတ်နိုင်ခဲ့ကြသည်။ ယင်းတို့အနက် ဗီတာမင်အေ၊ ဗီတာမင်ဒီ၊ ဗီတာမင်အီးနှင့် ဗီတာမင်ကေတို့သည် အဆီတွင်ပျော်ဝင်သောဗီတာမင်များ ဖြစ်ကြပြီး ကျန်ဗီတာမင်များသည် ရေတွင်ပျော်ဝင်သောဗီတာမင်များ ဖြစ်ကြသည်။

ဗီတာမင်အေသည် လူ့ခန္ဓာကိုယ်အတွင်းရှိတစ်ရှူးများ ခြောက်သွေ့မသွားအောင် အထောက်အကူပေးရုံမျှမက မျက်စိအမြင်အားကောင်းစေရန်အတွက်လည်း အဓိကအားဖြင့် အထောက်အပံ့ပေးသည်။ ဗီတာမင်ဒီကမူ သွေးထဲ၌ ကယ်လစီယမ်ဓာတ်ရရှိစေရန်၊ အာရုံကြောနှင့် ကြွက်သားကလပ်စည်းများ အားကောင်းစေရန်နှင့် ကလေးများအတွက် အရိုးပျော့ရောဂါကို ကာကွယ်ပေးရန် အထောက်အကူပြုသည်။

အလားတူပင် ဗီတာမင်အီးကလည်း အစွမ်းထက်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းဖြစ်ပြီး အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးနိုင်စွမ်းရှိသည်။ ထို့အတူပင် ဗီတာမင်ကေကလည်း ထိခိုက်ဒဏ်ရာရသည့်အခါ ခန္ဓာကိုယ်သွေးခဲမှု နှေးကွေးခြင်းမှ ကောင်းစွာကာကွယ်ပေးပြီး သွေးထွက်မလွန်အောင် အဓိကအားဖြင့် အထောက်အကူပြုပေးသည်။

ယင်းကဲ့သို့သော လူ့ခန္ဓာကိုယ်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ဗီတာမင်လေးမျိုးကိုရရှိနိုင်ရန် လုပ်ဆောင်ပေးနိုင်သော အဓိကအရာမှာ ဆီနှင့် အဆီဓာတ်ပါသော အစားအစာများပင်ဖြစ်သည်။ ဆီ သို့မဟုတ် အဆီဓာတ်ပါသော အစားအစာများကို စားသုံးခြင်းမပြုမိပါက သို့တည်းမဟုတ် လုံးဝရှောင်ကြဉ်ခဲ့မည်ဆိုပါက အဆီတွင်ပျော်ဝင်ပြီးမှ ရရှိနိုင်သော အဆိုပါဗီတာမင်လေးမျိုးကို လူ့ခန္ဓာကိုယ်က လက်ခံရရှိနိုင်တော့မည် မဟုတ်ပေ။

ဆီနှင့် အဆီဓာတ်ပါသော အစားအစာများကို စားသုံးခြင်းအားဖြင့် အအေးဒဏ်ကိုလည်း ကောင်းစွာ ခံနိုင်ရည်ရှိသည်။ အပူဓာတ်စီးကူးမှု အလွန်ညံ့ဖျင်းသောပစ္စည်းများထဲတွင် ဆီနှင့်အဆီတို့သည် ထိပ်ဆုံးက ပါဝင်နေသည့်အတွက် ဆီကို ပုံမှန်စားသုံးနေသူသည် ဆီလုံးဝမစားသူထက် အအေးဒဏ်ကို ပိုမိုခံနိုင်ရည်ရှိသည်။ ဝင်ရိုးစွန်းဒေသတွင်နေထိုင်ကြသော အက်စကီးမိုးလူမျိုးတို့သည် ခိုက်ခိုက်တုန်အောင်အေးမြလှသော ရာသီဥတုဒဏ်မှ ကာကွယ်နိုင်ရန်အတွက် ခန္ဓာကိုယ်တစ်ခုလုံးကို ဝေလငါးမှထုတ်ယူထားသော အဆီများဖြင့် လိမ်းကျံထားကြရသည်။ ဤသည်မှာကား အအေးဒဏ်ကို ကောင်းစွာကာကွယ်နိုင်သော ဆီ၏အစွမ်းသတ္တိပင်ဖြစ်သည်။

ဆီနှင့် အဆီဓာတ်ပါဝင်သော အစားအစာများကို စားသောက်ပြီးသည့်အခါ ခန္ဓာကိုယ်တွင်းရှိ အစာချက်လုပ်ငန်းစဉ်ကြောင့် အာဟာရစွမ်းအင်ဖြစ်သော ကယ်လိုရီနှင့်အတူ ရေတို့ပါ ထွက်ရှိလာသည်။ တစ်နည်းဆိုရသော် ဆီနှင့်အဆီဓာတ်ပါဝင်သော အစားအစာများကို စားသုံးခြင်းသည် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ရေဓာတ်ကိုပါ တစ်ပါတည်းရရှိစေသည်။

ထို့ပြင် ခန္ဓာကိုယ်က စားသုံးလိုက်သော အဆီဓာတ်သည် ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်များအား ပူးကပ်ဝန်းရံထားသော အမြှေးပါးများကို ကြံ့ခိုင်စေသည်။ ထိုအမြှေးပါးများ ကြံ့ခိုင်တောင့်တင်းမှု ရှိနေမှသာလျှင် ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများ ကျန်းမာကြံ့ခိုင်မှုနှင့် ပြည့်စုံမည်ဖြစ်သည်။ ထို့အတူပင် လူတစ်ဦး၏ စဉ်းစားတွေးခေါ်လှုပ်ရှားဆောင်ရွက်မှုကို အဓိကထိန်းချုပ်ထားသည့် ဦးနှောက်ဆဲလ်များသည်လည်း ပုံမှန်လုပ်ငန်းများကို ထမ်းဆောင်နိုင်ရန် အဆီဓာတ်ကိုလိုအပ်သည်။ အာရုံကြောများ အစဉ်ရှင်သန်နိုးကြားစေရန်အတွက်လည်း အဆီဓာတ်ကပင် ကောင်းစွာ အထောက်အကူပြုပေးလျက်ရှိသည်။

လူ့ခန္ဓာကိုယ်၏ အသားအရေ စိုပြည်ဝင်းပစေရေးအတွက်ကိုလည်း အဆီဓာတ်က ထောက်ပံ့ကူညီ ပေးနိုင်သည်။ ဆီနှင့် အဆီဓာတ်ပါသော အစားအစာများကို စားသုံးမှုမရှိပါက အသားအရေ ခြောက်ခန်းခြင်း၊ အရေပြားယားယံခြင်း စသည်တို့ကို ခံစားရမည်ဖြစ်သလို အဆီနှင့် အဆီဓာတ်တို့ကို ပုံမှန်စားသုံးမည်ဆိုပါကမူ စိုပြည်ချောမွေ့သောအသားအရေမျိုးကို ပိုင်ဆိုင်ခွင့်ရရှိမည်ဖြစ်သည်။

ဆီနှင့် အဆီဓာတ်ပါဝင်သော အစားအစာများကို လိုအပ်သည်ထက် ပိုမိုစားသုံးမိသည့်အခါ ပိုလျှံနေသောအဆီအချို့ကို ခန္ဓာကိုယ်က အရန်ရိက္ခာအဖြစ် သိုလှောင်ပေးထားနိုင်သည်။ အကြောင်းအမျိုးမျိုးကြောင့် အစာမစားရသည့်အခါ သို့တည်းမဟုတ် ငတ်မွတ်ခေါင်းပါးမှုဘေး ဆိုက်ရောက်သည့်အခါမျိုး၌ ခန္ဓာကိုယ်တွင်းအင်္ဂါများ ဆက်လက်ရှင်သန်လှုပ်ရှားနိုင်ရေးအတွက် သိုလှောင်ထားသောအဆီများက ပြန်လည်ထောက်ပံ့ပေးခြင်းဖြင့် ရုတ်တရက် အစာငတ်၍သေဆုံးခြင်း မဖြစ်ရအောင် လုပ်ဆောင်ပေးသည်။

လူတို့၏ ခန္ဓာကိုယ်သည် ဆီနှင့် အဆီဓာတ်ပါဝင်သော အစားအစာတို့ကို စားသောက်ခြင်းအားဖြင့်လည်း အဆီကိုရရှိနိုင်သလို ဆန်နှင့်ဂျုံကဲ့သို့သော ကာဗိုဟိုက်ဒရိတ်ကို အများအပြားစားသုံးခဲ့လျှင်လည်း လိုအပ်သည်ထက်ပိုမိုလာသော ကာဗိုဟိုက်ဒရိတ်များကို အဆီအဖြစ်ပြောင်းလဲ၍ သိုလှောင်ပေးထားနိုင်စွမ်းရှိသည်။

သို့ရာတွင် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ဖက်တီးအက်စစ်ကိုမူ ဆီနှင့်အဆီဓာတ်ပါဝင်သော အစားအစာများကို တိုက်ရိုက်စားသုံးခြင်းဖြင့်သာ ရရှိနိုင်သည်။ ကျန်းမာရေးလောကတွင် လူပြောများနေသော Omega-3 နှင့် Omega-6 တို့သည် လူ့ခန္ဓာကိုယ်အတွက်အရေးကြီးသော မရှိမဖြစ် ဖက်တီးအက်စစ်အချို့ဖြစ်ကြသည်။ Omega-3 လုံလောက်မှုမရှိပါက ဦးနှောက်နှင့် ဇဟိုနာဗ်ကြောတို့၏ ပုံမှန်လုပ်ဆောင်ချက်များကို ထိခိုက်စေနိုင်သည်။ Omega-3 ကို အလုံအလောက်ရရှိပါက နှလုံးကို ကျန်းမာသန်စွမ်းစေခြင်း၊ အဆစ်အမြစ်များရောင်ရမ်းနာကျင်မှုကို သက်သာစေခြင်း၊ အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုကို တားဆီးပေးနိုင်ခြင်း စသော ကောင်းကျိုးများကို ရရှိစေနိုင်သည်။ ပုစွန်၊ တူနာငါး၊ ဆော်လမွန်ငါး၊ ငါးကြင်း၊ ငါးမြင်း စသည်တို့ကို စားသုံးခြင်းအားဖြင့် Omega-3 ကို ရရှိနိုင်သလို ဟင်းသီးဟင်းရွက်ဆီ၊ ပဲပုပ်စေ့ဆီ၊ နှမ်းဆီ စသည်တို့နှင့်တကွ အခွံမာအသီးများ၏ အစေ့အဆန်များကို စားသုံးခြင်းအားဖြင့်လည်း Omega-3 ကို ရရှိနိုင်သည်။

လူ့ခန္ဓာကိုယ်အတွက်လိုအပ်သော မရှိမဖြစ် ဖက်တီးအက်စစ်များသည် ခန္ဓာကိုယ်တွင်း၌ ဇီဝယန္တရားကြီး စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေးအတွက် လိုအပ်သော ဟော်မုန်းဓာတ်များကို ထုတ်လုပ်ပေးသလို အဆိုပါ ဟော်မုန်းဓာတ်များကြောင့်လည်း သွေးတွင်းအဆီဓာတ်များကို လျှော့ချပေးနိုင်ပြီး သွေးလှည့်ပတ်မှုနှင့် သွေးဖိအားတို့ကို ကောင်းမွန်မျှတစေသည်။

ဤသည်တို့ကို ထောက်ရှုခြင်းအားဖြင့် လူတို့၏ အသက်ရှင်ရပ်တည်ရေးအတွက် ဆီနှင့်တကွ အဆီဓာတ်ပါသော အစားအစာများကို ပစ်ပယ်ထား၍မရနိုင်ကြောင်း သတိပြုကြရမည် ဖြစ်သည်။ ဆီနှင့်အဆီဓာတ်တို့သည် လူ့ခန္ဓာကိုယ်အတွက် အရေးကြီးသော သက်စောင့်ပစ္စည်းများဖြစ်သည့်အတွက် သင့်တင့်မျှတစွာ စားသုံးသွားကြရမည်သာဖြစ်သည်။ ဆီကို အတိုင်းအဆမဲ့စွာဖြင့် လွန်ကဲစွာ စားသုံးခြင်းသည်သာလျှင် ကျန်းမာရေးအတွက် ဆိုးကျိုးများကို ဖြစ်ပေါ်လာစေနိုင်သည်။

ကမ္ဘာပေါ်ရှိ အရပ်ဒေသအသီးသီး၌ နေထိုင်လျက်ရှိကြသော လူမျိုးအသီးသီးတို့သည် စားသောက်နေထိုင်မှုပုံစံများ အမျိုးမျိုး ကွဲပြားခြားနားလျက်ရှိနေကြသည်။ အမေရိကန်နှင့် ဥရောပတိုက်သားတို့သည် ဆီနှင့်အဆီဓာတ်ပါဝင်သော အစားအစာများကို နှစ်ခြိုက်ခုံမင်စွာဖြင့် အများအပြား စားသုံးလေ့ရှိကြသော်လည်း ဂျပန်လူမျိုးတို့၏ဟင်းလျာများ၌မူ ဆီပါဝင်မှုပမာဏ အလွန့်အလွန်နည်းပါးကြောင်း တွေ့ရှိနိုင်သည်။ ထို့ကြောင့်ပင်လျှင် အမေရိကန်နှင့် ဥရောပတိုက်သား အများစုတို့သည် အဝလွန်ခြင်းနှင့် သွေးတိုး၊ ဆီးချို၊ နှလုံးစသော ရောဂါဝေဒနာများကို ခံစားနေကြရခြင်း ဖြစ်သည်။

**မြန်မာလူမျိုးတို့၏ အိမ်ထောင်စုတစ်စုက တစ်လလျှင် ပျမ်းမျှအားဖြင့် ဆီနှစ်ပိဿာခန့် သုံးစွဲနေကြချိန်တွင် ဂျပန်လူမျိုးတို့၏ အိမ်ထောင်စုတစ်စုက တစ်နှစ်ပတ်လုံးအတွက် ဆီ ၆၅ ကျပ်သား ခန့်သာ သုံးစွဲလျက်ရှိနေကြသည်။ ဆီကို စနစ်တကျဖြင့် မျှတစွာစားသုံးလေ့ရှိကြခြင်း၏ ရလဒ်အဖြစ် ဂျပန်လူမျိုးမှန်လျှင် လူငယ်လူရွယ်များမှစ၍ သက်ကြီးရွယ်အိုများအထိတို့သည် အဝလွန်ခြင်းမရှိကြဘဲ၊ ခန္ဓာကိုယ်ကျစ်လျစ်ပြီး ကျန်းမာကြံ့ခိုင်ကြသူများဖြစ်ကြောင်း တွေ့ရှိနိုင်သည်။ "ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံ" ဟူသော ရှေးမြန်မာတို့၏ဆိုရိုးစကားမှာ ဆန်ရေစပါးပေါ်များမှုကို ရည်ညွှန်းခြင်းသာဖြစ်ပြီး ဆီကို အလျှံအပယ်စားသုံးရမည်ဟု ဆိုလိုခဲ့ခြင်းမဟုတ်ပေ**

*စာမျက်နှာ ၂၂ သို့*

# မုံရွာမြို့၌ အမှိုက်သိမ်းစနစ်ပြောင်းလဲပြီး တစ်နှစ်အကြာတွင် လမ်းပေါ်အမှိုက်ပုံသည့်အလေ့ ပျောက်သလောက်ရှိလာ

**သတင်းဆောင်းပါး - မျိုးဝင်းထွန်း(မုံရွာ)**

မုံရွာမြို့ပေါ်ရပ်ကွက်များ၌ အမှိုက်သိမ်းရာတွင် မြို့နယ်စည်ပင်သာယာ၏ အမှိုက်ကားဖြင့်သိမ်းသည့်စနစ် ပြောင်းလဲကျင့်သုံးဆောင်ရွက်ခဲ့ပြီးနောက် တစ်နှစ်ခန့်အကြာ လက်ရှိအချိန်တွင် မြို့တွင်းလမ်းမကြီးများပေါ် အမှိုက်ထွက်ပုံသည့်အလေ့အထ ပျောက်သလောက်နီးပါးရှိနေပြီဖြစ်ကာ အများပြည်သူပူးပေါင်းပါဝင်မှုသည် ရာနှုန်းပြည့်မဟုတ်သေးသော်လည်း ၇၅ ရာခိုင်နှုန်းခန့်အထိ ပူးပေါင်းဆောင်ရွက်လာသည်ကိုတွေ့ရကြောင်း မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းက ပြောကြားသည်။

“မုံရွာမြို့နေသူတွေရဲ့အမှိုက်ပစ်တဲ့စနစ်ပုံစံက အရင်နဲ့စာရင် အများကြီး ပြောင်းလဲလာနေပါပြီ။ အဲဒီလိုပြောင်းလဲလာအောင် ရပ်ဝတ္တုပစ္စည်းတွေဖြစ်တဲ့ အမှိုက်သိမ်းကားတွေ လုံလုံလောက်လောက် ဆောင်ရွက်ထားသလို အိမ်တိုင်ရာရောက် လမ်းကြားတွေအထိ အမှိုက်သိမ်းစနစ်ကို နေ့စဉ်လုပ်တဲ့အတွက် အရင် လမ်းမကြီးတွေမှာ အမှိုက်ထွက်ပုံတာမျိုး ပျောက်သလောက်ရှိသွားပါပြီ။ ဒါပေမယ့် ရာခိုင်နှုန်းပြည့် လိုက်နာတာတော့ မဟုတ်သေးပါဘူး။ ၇၅ ရာခိုင်နှုန်းလောက် လိုက်နာလာတာကို တွေ့ရပါတယ်။ တချို့တလေက အမှိုက်ကားလာမှာသိပေမယ့် အမှိုက်ကို လမ်းထွက်ပစ်တဲ့အလေ့အထ ကျန်နေသေးတာကိုလည်း တွေ့နေရပါသေးတယ်”ဟု ဥက္ကဋ္ဌက ပြောသည်။

စည်းကမ်းတကျ အမှိုက်စွန့်ပစ်မှု ပိုများလာသောကြောင့် အမှိုက်သိမ်းဆည်းရရှိမှုမှာလည်း ယခင်ကထက်ပိုများလာကြောင်း သိရသည်။ “မုံရွာမြို့မှာ အမှိုက်ထွက်နှုန်းက အရင် တစ်ရက်ကို တန် ၁၀၀ လောက်ထွက်တယ်လို့ သိထားရာက ဟိုတလောက စစ်တမ်းတစ်ခု ပြန်ကောက်ကြည့်တော့ အမှိုက်တန် ၁၁၀ ထွက်တယ်လို့ သိလာရပါတယ်။ အမှိုက် တိုးတက်လာတယ်ပေါ့။ တိုးတက်လာတယ်ဆိုတာက အမှိုက်သိမ်း အမှိုက်ကျုံးလုပ်တာတွေမှာ အရင်ကနဲ့စာရင် စည်ပင်ဝန်ထမ်းတွေရော ပြည်သူတွေကိုယ်တိုင်ကပါ ပူးပေါင်းပြီး စည်းကမ်းတကျ ဆောင်ရွက်လာတာတွေကြောင့် အမှိုက်တန်ချိန် ပိုပြီး သိမ်းဆည်းရရှိလာတာဖြစ်ပါတယ်”ဟု ၎င်းက ဆက်ပြောသည်။



မုံရွာမြို့တွင်းတစ်နေရာ၌ သန့်ရှင်းရေး ဆောင်ရွက်နေသော မြို့နယ်စည်ပင်ဝန်ထမ်းများ

မုံရွာမြို့ပေါ်ရှိ စားသောက်ဆိုင်ကြီးများအပါအဝင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ အများစုအနေဖြင့်လည်း လုပ်ငန်းထွက်အမှိုက်များကို စနစ်တကျ စွန့်ပစ်လာကြသလို ရပ်ကွက်များအတွင်း အမှိုက်ကားများ အချိန်မှန်ရောက်ရှိလာသည့်အတွက် တစ်နှစ်အတွင်း အမှိုက်ထွက်သည့်ပမာဏမှာ ပိုမိုလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ နေအိမ်များမှ သိမ်းဆည်းရသော အမှိုက်အများစုသည် မီးဖိုချောင်သုံးအမှိုက်များ ဖြစ်ကြောင်း၊ ယခင်က သူနည်းသူ့ဟန်ဖြင့် ပစ်ခဲ့ကြသည့် စီးပွားရေး အမှိုက်ကိုလည်း ယခုအခါ အမှိုက်သိမ်းကားဖြင့် စနစ်တကျ အခကြေးငွေကောက်ခံ၍ လိုက်လံသိမ်းဆည်းပေးခြင်းဖြစ်ရာ လမ်းဘေးတွင် အမှိုက်ပုံသည့်အလေ့အထမှာ လုံးဝနီးပါး ပျောက်နေပြီဖြစ်သည်။

သိမ်းဆည်းပြီးသော အမှိုက်များကို စွန့်ပစ်ရာတွင်လည်း ယခင်က မြို့မသုသာန်သို့ သွားရောက်စွန့်ပစ်နေရာမှ နာရေးလိုက်ပါပို့ဆောင်သူများ၊ ဘေးပတ်ဝန်းကျင်ရပ်ကွက်များတွင် နေထိုင်သူများနှင့် ရပ်မိရပ်ဖများ၏ တောင်းဆိုချက်များအရ သုသာန်အတွင်း အမှိုက်စွန့်ပစ်မှုကို လုံးဝရပ်နားလိုက်သလို တားမြစ်မိန့်ထုတ်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် လုပ်ငန်းရှင်တဦး၏ ခြောက်ကေအကျယ် မြေနေရာတွင် အမှိုက်များ သွားရောက်စွန့်ပစ်နေသဖြင့် လောလောဆယ် အမှိုက်ပစ်သည့်မြေနေရာ အခက်အခဲမရှိကြောင်း၊ အမှိုက်စွန့်ပစ်ရန်အတွက် မုံရွာမြို့နယ် ကိုင်းရွာအနီးရှိ ၁၀ ဧကကျယ်သောမြေကိုလည်း ဝယ်ယူထားကာ အမှိုက်ကားများ သွားရောက်စွန့်ပစ်နိုင်ရန် လမ်းဖောက်နေပြီဖြစ်ကြောင်း သိရသည်။

## နွေစပါးရိတ်သိမ်းအပြီးတွင် ဈေးကွက်ကောင်းမွန်သော ဖူးစားပြောင်းကို စီးပွားဖြစ်စိုက်ပျိုးလာ

**စဉ့်ကူး ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်း ကုန်းပိုင်းကျေးရွာများမှ တောင်သူများအနေဖြင့် နွေစပါးများ ရိတ်သိမ်းအပြီးတွင် ဈေးကွက်ကောင်းသော ဖူးစားပြောင်းများကို စီးပွားဖြစ် စိုက်ပျိုးလာကြကြောင်း သိရသည်။

“ဖူးစားပြောင်းကို နွေစပါးအပြီး နှစ်စဉ် တပို့တွဲလမှာ စတင်စိုက်ပျိုးပါတယ်။ နှစ်လခွဲ သုံးလဆိုရင် အပင်က ချိုးယူပြီး ရောင်းလို့ရပါပြီ။ ဝယ်လိုအားလည်း ကောင်းတယ်၊ ဈေးကောင်းလည်းရတော့ စီးပွားဖြစ် တွက်ခြေကိုက်ပါတယ်။ တစ်ဧကကို ပြောင်းဖူးစေ့ သုံးဘူး အရင်းက ၅၁၀၀၀ ကျပါတယ်။ သီးနှံဖြစ်ထွန်းအောင်မြင်ရင် ပြောင်းတစ်ပင်ကို ပြောင်းဖူး နှစ်ဖူးကနေ သုံးဖူးအထိ ထွက်ပါတယ်။ အခင်းပြတ်လာဝယ်တဲ့သူတွေ ရှိသလို တတ်နိုင်သလောက် လာဝယ်ယူကြတဲ့ ဖောက်သည်တွေလည်း ရှိပါတယ်။ ပြောင်းတစ်ဧကစိုက်ရင် နှစ်လ သုံးလအတွင်း ဝင်ငွေကျပ်ငါးသိန်းအထိ ရပါတယ်။ အရင်းအနှီးနည်းပြီး အကျိုးအမြတ်များလို့ နှစ်တိုင်း မြေကို ပလပ်မထားဘဲ စနစ်တကျစိုက်ပျိုးတော့ ဝင်ငွေကောင်းပါတယ်”ဟု ဖူးစားပြောင်း စီးပွားဖြစ်စိုက်ပျိုးနေသူ မင်းကြီးကုန်းကျေးရွာမှ ကိုအောင်မျိုးထွန်းက ပြောသည်။

စဉ့်ကူးမြို့နယ်အတွင်း ကုန်းပိုင်းကျေးရွာများမှ အစဉ်တစိုက် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသော တောင်သူများသည် လယ်ယာမြေများကို အချိန်နှင့်အမျှ အကျိုးရှိစွာ စနစ်တကျ အသုံးချလုပ်ကိုင်ကြပြီး မြေကို ပလပ်ထားလေ့မရှိဘဲ ရာသီအလိုက် ရောင်းအားကောင်းသော သီးနှံများကို စီးပွားဖြစ် စိုက်ပျိုးလေ့ရှိကြကြောင်းနှင့် ဖူးစားပြောင်းစိုက်ရာတွင် ပန်ရွှေနှင့် တော်ဝင်နှင်းဆီမျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။

**ဝင်းမောင်**



## မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာသင်တန်း တွံတေးမြို့နယ်၌ဖွင့်လှစ်

**တွံတေး ဧပြီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းမှ နေ့စားလပေး မူလတန်းပြ ဆရာ ဆရာမများအတွက် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာသင်တန်း အမှတ်စဉ် (၃/၂၀၁၇)ကို တွံတေးမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ယုဇနခန်းမ၌ ဧပြီ ၂၄ ရက်က ဖွင့်လှစ်ခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဦးငွေသူရက အမှာစကားပြောကြားပြီး သင်တန်းမှူး ကျွန်းတော အထကခွဲကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးခင်ဇော်ညွန့်က ဆရာ ဆရာမများအနေဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကလေးများနားလည်သဘောပေါက်အောင် လိုအပ်သည့် သင်ကြားရေးဆိုင်ရာ ပညာရေးသဘောတရားများကို လေ့လာသင်ယူသိရှိထားရမည်ဖြစ်ပြီး အဆိုပါ ပညာရေးသဘောတရားများကို ယခုသင်တန်းတွင် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် စည်းကမ်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍လည်း ကျောင်းသား ကျောင်းသူများ စည်းကမ်းလိုက်နာတတ်စေရန်နှင့် အလေ့အကျင့်ကောင်းများရရှိစေရန် ကလေးများအားလုံး သင်ကြားသင်ယူမှုစနစ်ဖြင့် လုပ်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလနှင့် ဆိပ်ကြီးခနောင်တို မြို့နယ်ငါးခု၌ ၂၀၁၆ ခုနှစ်တွင်ခန့်အပ်ခဲ့သော မူလတန်းပြ ဆရာ ဆရာမ ၁၅၄ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ဧပြီ ၂၄ ရက်မှ မေ ၂၃ ရက်အထိ တစ်လကြာမြင့်မည်ဖြစ်ကြောင်း၊ သင်တန်းတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှုသိပ္ပံ၊ အိမ်တွင်းမှု၊ ဂီတ၊ ပန်းချီ၊ စိုက်ပျိုးရေး၊ စက်မှုပညာရေးသဘောတရား၊ ပညာရေးစိတ်ပညာနှင့် ကာယပညာ အစရှိသည့် ဘာသာရပ် ၁၃ မျိုးကို သင်တန်းနည်းပြ ဆရာ ဆရာမများက သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

## ကျေးရွာသောက်ရေတွင်းကို ပြန်လည်ပြုပြင်ပေးရန် ဒေသခံပြည်သူများလိုလားနေ

**မလှိုင် ဧပြီ ၂၆**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် မြင်းတွင်းကျေးရွာအုပ်စုအတွင်းရှိ ညောင်ကန်၊ ဘဏ္ဍာစိုးနှင့် မြင်းတွင်းကျေးရွာများမှ ပြည်သူများ သောက်သုံးရေအတွက် အားထားနေရသော ရေတွင်းမှာ ပတ်ဝန်းကျင်၌ ရေလျှံခြင်းကြောင့် ရေနစ်မြုပ်နေသဖြင့် ကျေးရွာနေပြည်သူများမှာ သောက်ရေအခက်အခဲဖြစ်နေပြီး ထိုရေတွင်းကို တာဝန်ရှိသူများက ပြုပြင်ပေးကြရန် ကျေးရွာသုံးရွာမှ ပြည်သူများက လိုလားနေကြကြောင်း သိရသည်။

အဆိုပါ သောက်ရေတွင်းသည် မြင်းတွင်းကျေးရွာ၏ မြောက်ဘက် ကွင်းအမှတ်(၁၁၉)တွင်ရှိပြီး နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိပြီဖြစ်ကာ ကျေးရွာသုံးရွာ၏ အဓိက သောက်ရေတွင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်က ကျေးရွာ၏အရှေ့ဘက်တွင်ရှိသော သုံးရေကန်တွင် ရေပြည့်၍ သောက်ရေတွင်းမှာ ရေနစ်မြုပ်နေခဲ့ပြီး ယခုနှစ်တွင်လည်း မိုးရွာသွန်းမှုကြောင့် ကန်ရေမှာ လျော့နည်းခြင်းမရှိဘဲ သောက်ရေတွင်းမှာ ရေပတ်လည်ဝိုင်းလျက်ရှိကာ ရေတွင်းထဲသို့ ဘေးပတ်လည်ရှိ မသန့်ရှင်း သောရေများ စိမ့်ဝင်နေမှုကြောင့် ကျေးလက်ပြည်သူများ သောက်ရေအတွက် အခက်အခဲဖြစ်နေရခြင်းဖြစ်ကြောင်း၊ တစ်ရွာလုံး အားကိုးအားထားနေရသည့် ထိုသောက်ရေတွင်းကို သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သလို ပြုပြင်ပေးရန် ကျေးလက်နေပြည်သူများက မျှော်လင့်နေကြကြောင်း အဆိုပါကျေးရွာမှ ရွာခွဲတာဝန်ခံ ဦးခိုင်မိုးဝင်းက ဆိုသည်။

မြင်းတွင်းကျေးရွာအုပ်စုသည် အိမ်ခြေ ၅၀၀ ခန့်ရှိပြီး ဒေသခံ ကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို တွဲဖက်လုပ်ကိုင်ကြသဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေကြသော်လည်း သောက်ရေရှားပါးသည့် အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

---

*စာမျက်နှာ ၂၀ မှ*

ထို့အတူပင် မြန်မာလူမျိုးတို့၏ အိမ်ထောင်စုတစ်စုက တစ်လလျှင် ပျမ်းမျှအားဖြင့် ဆီနှစ်ပိဿာခန့် သုံးစွဲနေကြချိန်တွင် ဂျပန်လူမျိုးတို့၏ အိမ်ထောင်စုတစ်စုက တစ်နှစ်ပတ်လုံးအတွက် ဆီ ၆၅ ကျပ်သား ခန့်သာ သုံးစွဲလျက်ရှိနေကြသည်။ ဆီကို စနစ်တကျဖြင့် မျှတစွာစားသုံးလေ့ရှိကြခြင်း၏ ရလဒ်အဖြစ် ဂျပန်လူမျိုးမှန်လျှင် လူငယ်လူရွယ်များမှစ၍ သက်ကြီးရွယ်အိုများအထိတို့သည် အဝလွန်ခြင်းမရှိကြဘဲ၊ ခန္ဓာကိုယ်ကျစ်လျစ်ပြီး ကျန်းမာကြံ့ခိုင်ကြသူများဖြစ်ကြောင်းတွေ့ရှိနိုင်သည်။ “ဆီကိုရေချိုး၊ ဆေးရိုးမီးလုံ၊ စပါးတောင်လိုပုံ”ဟူသော ရှေးမြန်မာတို့၏ဆိုရိုးစကားမှာ ဆန်ရေစပါးပေါများမှုကို ရည်ညွှန်းခြင်းသာဖြစ်ပြီး ဆီကို အလျှံအပယ်စားသုံးရမည်ဟု ဆိုလိုခဲ့ခြင်းမဟုတ်ပေ။

**လူ့ခန္ဓာကိုယ်၏ အသားအရေ စိုပြည်ဝင်းပစေရေးအတွက်ကိုလည်း အဆီဓာတ်က ထောက်ပံ့ကူညီပေးနိုင်သည်။ ဆီနှင့်အဆီဓာတ်ပါသော အစားအစာများကို စားသုံးမှုမရှိပါက၊ အသားအရေခြောက်ခန်းခြင်း၊ အရေပြားယားယံခြင်း စသည်တို့ကို ခံစားရမည်ဖြစ်သလို အဆီနှင့် အဆီဓာတ်တို့ကို ပုံမှန်စားသုံးမည်ဆိုပါကမူ စိုပြည်ချောမွေ့သောအသားအရေမျိုးကို ပိုင်ဆိုင်ခွင့်ရရှိမည်ဖြစ်သည်**

ဆီနှင့် အဆီဓာတ်ပါဝင်သော အစားအစာများကို လွန်ကဲစွာစားသုံးခြင်းသည် ရောဂါဘယများကို ထူပြောစေပြီး လူဖြစ်ရကျိုးမနပ်သော ဘဝမျိုးဖြင့်သာ ရှင်သန်နေထိုင်သွားကြရနိုင်သည်။ ဆီနှင့်အဆီဓာတ်ပါဝင်သော အစားအစာများကို လုံးဝစားသုံးခြင်းမပြုဘဲ ပစ်ပယ်ထားခြင်းမျိုးကလည်း ခန္ဓာကိုယ်၏ဇီဝယန္တရား လည်ပတ်နေမှုကို တုံ့ဆိုင်းအားပျော့စေကာ ဖွံ့ဖြိုးကြီးထွားမှုနှင့် ဉာဏ်ရည်ထက်မြက်မှုတို့တွင် အများတကာထက် နောက်ကျကျန်နေခဲ့လိမ့်မည်ဖြစ်သည်။ ဆီကို သင့်တင့်မျှတစွာဖြင့် စနစ်တကျစားသုံးခြင်းကမူ တစ်သက်တာလုံး ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်ရရှိစေလိမ့်မည်ဖြစ်ပေသည်။ ။

# မော်လမြိုင်ကျွန်းမြို့နယ်တွင် မာရသာမုန်တိုင်းအရှိန်ကြောင့် နှမ်းစပါးနှံကားဆန်စျေး အနည်းငယ်ကျဆင်းပြီး ဆန်ချောများစျေးအနည်းငယ်မြင့်တက်လာ

**မော်လမြိုင်ကျွန်း ဧပြီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်သည် ပင်လယ်နှင့်ထိစပ်နေသော မြို့နယ်တစ်မြို့နယ်ဖြစ်ရာ မြို့နယ်အတွင်းတောင်သူလယ်သမားများ စိုက်ပျိုးထွက်ရှိသော ဆန်ချောများဖြစ်သော မနော်ဆန်၊ မစမဆန်နှင့် ပေါ်ဆန်းရင်ဆန်စျေးများမှာ သကြၤန်မတိုင်မီက ဆန်စျေးထက် ဧပြီ ၂၅ရက်အထိ ဆန်တစ်အိတ်လျှင် ကြမ်းခင်းစျေးငွေကျပ် ၃၀၀၀ အထိ မြင့်တက်သွားကြောင်း သိရသည်။ လက်ရှိ နှမ်းစပါးနှံကား ဆန်စျေးမှာ ဆိုင်ကလုန်းမုန်တိုင်းမာရသာအရှိန်ကြောင့် မြို့နယ်အတွင်း မိုးရွာသွန်းခဲ့ရာ ရိတ်သိမ်းဆဲနှမ်းစပါးနှံကားစပါးခင်းအချို့ ပျက်စီးမှုအနည်းငယ် ရှိခဲ့သောကြောင့် နှံကားဆန်စျေးမှာ ဆန်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀ အထိ စျေးကျဆင်းသွားသည်။

"ဆန်စပါး စျေးတွေကတော့ အတက်အကျရှိနေပါတယ်။ လက်ရှိစပါးစျေးတွေကတော့ နှံကားစပါးတင်း ၁၀၀မှာငွေကျပ်လေးသိန်းစျေး၊ မနော်စပါးတင်း ၁၀၀ မှာ ငွေကျပ်ခုနစ်သိန်းစျေး၊ မဓမ စပါးတင်း ၁၀၀ လျှင် ငွေကျပ်ခုနစ်သိန်းခွဲ စျေးနဲ့ပေါ်ဆန်းရင် တင်း ၁၀၀ မှာ ငွေကျပ်ရှစ်သိန်းခွဲကနေ ငွေကျပ်ကိုးသိန်းအထိ စျေးအရောင်းအဝယ်ဖြစ်နေပါတယ်။ နှံကားစပါးစျေးကတော့ ဆိုင်ကလုန်းမုန်တိုင်းမာရသာအရှိန်ကြောင့် စျေးအနည်းငယ်ကျတာရှိပြီး ဆန်ချော စပါး စျေးကွက်ကတော့ စျေးအနည်းငယ် မြင့်တက်လာပါတယ်။ လာမယ့်မေလ ဆန်းမှာ ဆန်စပါးစျေး တည်ငြိမ်လာမယ် လို့ ခန့်မှန်းရပါတယ်" ဟု မော်လမြိုင် ကျွန်းမြို့ ဆန်စပါးရောင်းဝယ်ရေးမှ ဦးအောင်စိုးက ပြောသည်။

"မာရသာမုန်တိုင်းအရှိန်ကြောင့် ရိတ်သိမ်းဆဲနှမ်းစပါးစိုက်ခင်းအချို့ မိုးမိသွားပါတယ်။ စိုက်ခင်းအချို့လည်းပျက်စီးသွားပါတယ်။ အခုနှမ်းစပါးနှံကားစျေးကလည်း စျေးကျနေပါတယ်" ဟု မဲဇလီပုသိမ်စုကျေးရွာမှ တောင်သူ ဦးထက်ကိုကို ကပြောသည်။ **မော်ကျွန်းမြင့်အောင်**

သဃ်ၤန်းကျွန်းမြို့နယ် ဇဝနရပ်ကွက် ပေ ၈၀၀ ခန့်ရှိ သရက်တောလမ်း ကွန်ကရစ်လမ်းသစ်ရှိ ရေမြောင်းအတွင်း အမှိုက်များပိတ်ဆို့၍ မိုးများရွာပါက လမ်းပေါ်သို့ ရေကျော်၍ လမ်းများပျက်စီးနိုင်သည့်အပြင် ခြင်၊ ယင်များ ပေါက်ပွားနိုင်သည့်အတွက် ဧပြီ ၂၄ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှသန်းနှင့်အဖွဲ့ဝင်၊ ရပ်မိရပ်ဖများ၊ မြို့နယ်စည်ပင် ပတ်ဝန်းကျင်သန့်ရှင်းဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဘက်ဖိုးမြေတူးယာဉ်နှင့် အမှိုက်သယ်ယာဉ်တို့ဖြင့် ရေမြောင်းတွင်း ပိတ်ဆို့အမှိုက်များနှင့် မြေချေးများအား ဆယ်ယူရှင်းလင်းနေစဉ်
တင်ကြည်



# မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများပြန်လည်ပေးသွင်း

**ဖန်းမောက် ဧပြီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ်၌ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အင်းတော်ဘဏ်ခွဲသို့ မြို့နယ်အတွင်းရှိတောင်သူများက မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများပြန်လည်ပေးသွင်းလျက်ရှိကြောင်းသိရသည်။

ယင်းစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိတောင်သူ၃၃၃၄ ဦးမှ ချေးငွေပေါင်း ၁၆၄၁၉ သိန်းကို ထုတ်ချေးခဲ့ပြီး ချေးငွေများကို ဖေဖော်ဝါရီ ၄ ရက်မှစတင် ကောက်ခံခဲ့ရာ ဧပြီ ၂၅ ရက်အထိ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေပေးသွင်းတောင်သူ ၉၆၀ ပေးသွင်းငွေ ၄၇၄၃ သိန်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အင်းတော်ဘဏ်ခွဲသို့ ပေးသွင်းခဲ့ပြီးဖြစ်ကြောင်း ချေးငွေပေးသွင်းရန်ကျန်ရှိနေသည့်တောင်သူ ၂၃၇၄ ဦး ပေးသွင်းရန်ကျန်ငွေ ၁၁၆၇၆ သိန်းကိုလည်း ဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့နောက် ချေးငွေများပြန်လည်ပေးသွင်းရန်ကျန်ရှိနေသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၏ မှာကြားချက်ဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက မိုးစပါးစိုက်ပျိုးစရိတ်ထုတ်ချေးငွေများ ပြန်လည်ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စွာ(ဖန်းမောက်)**

# ရေအရည်အသွေးစမ်းသပ်ခြင်းဆိုင်ရာသင်တန်းဖွင့်

**မြစ်ကြီးနား ဧပြီ ၂၆**

မြို့ပြနှင့်ကျေးလက်နေပြည်သူများ ရောဂါပိုးမွှားများကင်းစင်၍သန့်ရှင်းလတ်ဆတ်သော သောက်သုံးရေများအသုံးပြုနိုင်ရေးအတွက် ရေအရည်အသွေးစမ်းသပ်ခြင်းဆိုင်ရာဆင့်ပွားသင်တန်းဖွင့်ပွဲကို မြစ်ကြီးနားမြို့ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ဧပြီ ၂၅ ရက်က ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲ၌ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးတင်နုကသင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းကို ပြည်နယ်အတွင်းရှိ ခရိုင်လေးခရိုင်မှ သင်တန်းသား သင်တန်းသူများကိုဧပြီ ၂၅ ရက်မှ ၂၈ ရက်အထိ နည်းပြ ဒေါ်ဆိုင်းမွန်နိုင် ဦးစီးအဖွဲ့ဝင်များက ရေထဲတွင်ပျော်ဝင်နိုင်မှု၊ ဓာတုပစ္စည်းများ ပါဝင်မှု၊ ရေအနောက်ထဲ မျက်စိဖြင့်မြင်နိုင်သည့်ရေအကြည်အနောက်ကို သန့်စင်မှုရှိမရှိခွဲခြားခြင်း၊ physical testing ရေထဲတွင်ပါဝင်သည့် ဘက်တီးရီးယားပါဝင်စူးစမ်းသပ်ခြင်း၊ Microbiological testing များကိုစာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# တောင်ပတ်-မြေနီလမ်းမှ ကွန်ကရစ်လမ်းအဆင့်သို့တိုးမြှင့်ဖောက်လုပ်

**နေပြည်တော် ဧပြီ ၂၅**

မွန်ပြည်နယ် မော်လမြိုင်မြို့ လေဆိပ်မော်လမြိုင်တက္ကသိုလ်အနီး တောင်ဝိုင်းရပ်ဗုဒ္ဓဝင်ဘုရားအတွင်း တည်ရှိသည့် ထိုင်တော်မူဘုရား အမြင့်ပေ ၆၅၀၀ ကျော်ရှိသည့် တောင်ခြေရင်းမှ တောင်ထိပ်ရှိ စေတီတော်များသို့ အလွယ်တကူသွားရောက်နိုင်ရန်အတွက် မြေနီလမ်းအဆင့်မှ ကွန်ကရစ်လမ်းအဆင့်သို့တောင်ညိုတောင်တန်းသာသနိကကြီးကြပ်မှုကော်မတီဘဏ္ဍာရေးမှူး၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲအုပ်ကျော်မင်းထွန်းကမတည်၍ လုပ်အားဒါနပြုသူများ၊ အလှူရှင်များနှင့်စေတနာရှင်များ ပူးပေါင်းကာ ၂၀၁၆ ခုနှစ် ဩဂုတ်လမှစတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအသစ် ဖောက်လုပ်ခင်းကျင်းလျက်ရှိသော ကွန်ကရစ်လမ်းသည် မြေသားလမ်းအဆင့်ပေ ၆၀၀ကျော်ပြီးစီးလျက်ရှိပြီး ယခုလမ်းအား ဧပြီ ၂၅ရက်အထိ တောင်ခြေရင်းမှ တောင်ထိပ်အထိ ပေ ၁၃၀၀၀ ကျော်ရှိမြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် ပေ ၅၅၀၀ ကျော် ခင်းကျင်းထားပြီးဖြစ်ရာ ကျန်ရှိနေသည့် မြေသားလမ်းကို ကွန်ကရစ်အဆင့်သို့ ဆက်လက်ခင်းကျင်းပေးသွားမည် ဖြစ်ကြောင်းသိရသည်။

ကွန်ကရစ်လမ်းဖောက်နေသည့် လမ်းသည်ယခင်က ကိုင်းပင်၊ ချုံနွယ်များ၊ ချိုင့်ခွက်များဖြင့် မညီမညာလမ်းပျက်စီးယိုယွင်းမှုဖြစ်ပေါ်လျက်ရှိရာ ယခုကဲ့သို့ အဆင့်မြင့် ကွန်ကရစ်လမ်းခင်းကျင်းပြီးစီးသွားပါက တောင်ခြေမှ တောင်ထိပ်သို့အရောက် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ၊ဆရာတော် သံဃာတော်များ၊ ဒေသခံများအနေဖြင့် အချိန်တိုအတွင်း သွားရောက်ဖူးမြော် ကြည်ညိုနိုင်ကြောင်းသိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**



ဂုဏ်ထူး မြန်မာစာ ဂုဏ်ထူး ဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့် ပညာရေး ဘော်ဒါ

"တက္ကသိုလ်ဝင်တန်းတွင် တစ်နိုင်ငံလုံး မြန်မာစာ ပထမဆုရှင် တပည့်များနှင့် တစ်နိုင်ငံလုံး ဘာသာစုံ ရမှတ်အများဆုံး စာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းခဲ့သည်။"

နွေ
(၁၀၊ ၉၊ ၁၀)သင်ရိုးကုန်တန်းများ
စာစီစာကုံး အထူးတန်းခွဲများ
နွေ(၃)လတန်းသာ အပြတ်သင်မည်။
မတ်လ(၉)ရက် ဖွင့်မည်။

ဂုဏ်ထူးမြန်မာစာ နည်းပြ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဘော်ဒါ
M.Sc(Final)

ရွှေကြေးစည်
01-240860/01-372290 09-49282825,09-43202968,09-262784651

ဦးအောင်ဝင်း
(ရှေ့တံဆိပ်ဆရာ-လန်ဒန်)
LCCI သင်တန်းများ May - 2 (Tue) မှစ၍ ခုံနံပါတ်ယူနိုင်ပြီ။ June - 17 (Sat) စမည်။
LCCI
(၂၅)နှစ်ကျော် အတွေ့အကြုံကြောင့်
သင်ကြားမှုပြည့်စုံစေသည်။
09 -776349905, 978578325, 01-371741, 240824

ပါကေး အစားထိုး ကြမ်းခင်း
Promotion
** Grade C နှင့် အထက်သီးသန့်
Since 1996
Home
Buy Flooring → Get Box
Grade A,B,C,D
HOTLINE: 09-79 700 70 71
09-79 700 70 81



09 4200 35882
09 4200 35884

ဒဂုံမြို့သစ်
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉



နေ့စဉ် ရေဓာတ်ဖြည့်ဖို့
SPORT-X
ISOTONIC DRINK

# မိုင် ၂၆၀ တာဝေးစက်ဘီးစီး ပြိုင်ပွဲ ကျင်းပပြီးစီး

Sport-X isotonic drink က Co-sponsor အဖြစ် ပံ့ပိုးကူညီခဲ့သည့် မိုင် ၂၆၀ တာဝေးစက်ဘီးစီးပြိုင်ပွဲကို ၂၀၁၇ ခုနှစ် မတ်လ ၂၃ ရက်မှ မတ်လ ၂၆ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ စက်ဘီးစီးပြိုင်ပွဲသည် ပဲခူး-ကျိုက်ထို-ဘားအံ-ကျိုက်ထို-ပဲခူး ခရီးစဉ်ဖြစ်ပြီး ခရီးစဉ်အစ၊ အဆုံး စံချိန်ပေါင်း ပထမဆုကို XDS Bike Team က ကိုသန့်သီဟထွေးက လည်းကောင်း၊ ဒုတိယဆုကို Maxxis Bike Team က ကိုကောင်းစည်သူက လည်းကောင်း၊ တတိယဆုကို Bike World Bike Team က ကိုစောအယ်ခူက လည်းကောင်း အသီးသီးဆွတ်ခူးသွားကြသည်။ ဆုကြေးများအဖြစ် ပထမဆုကို ငွေကျပ် ၇ သိန်းနှင့် ရွှေဆုဖလား၊ ဒုတိယဆုကို ငွေကျပ် ၅ သိန်းနှင့် ရွှေဆုဖလား၊ တတိယဆုကို ငွေကျပ် ၄ သိန်းနှင့် ရွှေဆုဖလားတို့ကို Joy Trading Company က ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မိုင် ၂၆၀ တာဝေးစက်ဘီးစီးပြိုင်ပွဲတစ်လျှောက်တွင် Sport-X isotonic drink က ပြိုင်ပွဲဝင်စက်ဘီးစီးသမားများကို Asia ရေသန့်နှင့် Sport-X isotonic drink များ အခမဲ့တိုက်ကျွေးခဲ့ပြီး Decoration များလည်း ပြုလုပ်ပေးခဲ့ကြောင်း သိရှိရသည်။ ■

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4I/6396 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၃ယ/၇၈၃၈၄ Jialing 90 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးရန်အောင် ၅/မမတ(နိုင်)၀၇၉၃၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)**


UPG
UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
Responsible Care®
THE GLOBAL COMPACT
Global Compact Network [Myanmar]
မြန်မာနှစ်သစ်ကူး အထူးအစီအစဉ်
PREMIER
လီတာ ၂၀ ဝယ်ယူတိုင်း MPT ဖုန်းငွေဖြည့်ကတ် ၅၀၀၀ကျပ် ရယူပါ...
PREMIER Weathershield
PREMIER Odourless
PREMIER Silk
ORIENT
လီတာ ၅၀ ဝယ်ယူတိုင်း MPT ဖုန်းငွေဖြည့်ကတ် ၅၀၀၀ကျပ် ရယူပါ...
ORIENT
Interior and Exterior Emulsion Paint
သင်္ကြန်ရေစင်ရေပေါက်ကဲ့သို့ အေးမြကြည်လင်စွာ...
နှစ်သစ်မှစ၍ ခံစားဖြတ်သန်းနိုင်ကြစေရန် အတာရေပက်ဖြန်းလိုက်ပါသည်။
Promotion ကာလ ▶ ၁-၄-၂၀၁၇ မှ ၃၀-၅-၂၀၁၇







**တစ်ဦးတည်း ဖြစ်ပါကြောင်း**

လှိုင်းဘွဲမြို့နယ် ကမော့ကချုးကျေးရွာအုပ်စု၊ မဲလောင်းလေးကျေးရွာနေ နန်းပွင့်ဝါ၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်သောင်း(ခ)ဦးကျော်သောင်း ၃/ဘအန(နိုင်)၁၃၃၆၉၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ဘားအံမြို့နယ်၊ မုက္ကဒိကျေးရွာအုပ်စု၊ ဖားန္ဒဲ့ကျွန်းကျေးရွာနေ နန်းခိုင်သဇင်ထွေး၏ ဖခင်အမည်မှန်မှာ ဦးဖတော်ကိုင်(ခ)ဦးရွှေရောင် ၃/ဘအန(နိုင်)၃၆၁၇၆၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8I/1669 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

# VISIT

## နိုင်ငံတကာ ပလပ်စတစ် ကုန်စည်ပြပွဲ

## INTERNATIONAL PLASTICS EXHIBITION

တပ်မတော်ခန်းမ၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ

**TATMADAW HALL I YANGON I MYANMAR**

# COMPLAST

**Complete Plastics Exhibition**

**MYANMAR**

၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၇၊ ၂၈၊ ၂၉

## APRIL 27-29, 2017

ပလပ်စတစ်စက်ရုံတစ်ခုစတင်ပါ။

**START A PLASTICS INDUSTRY**

| | | | |
|---|---|---|---|
| ပြပွဲပြသသူ ၁၀၀<br>100 Exhibitors | နိုင်ငံ ၁၀ နိုင်ငံ<br>10 Countries | လက်တွေ့သရုပ်ဖော်ပြသ<br>Live demo | ဆွေးနွေးပွဲ နှင့် လမ်းညွှန်ချက်<br>Seminar & Guidance |

ဝင်ကြေးအခမဲ့
နံနက် (၉း၃၀)မှ ညနေ(၅း၀၀)နာရီအထိ
**ENTRY FREE**
TIME : 9.30 am - 5.00 pm

အသက် ၁၅
နှစ်အောက်ကလေးများဝင်ခွင့်မပြုပါ။
**Children below 15 years not allowed**

Co-Organised by
Myanmar Plastic Industries Association

Supported by
The Plastics Export Promotion Council

Organised by
ENTERPRISING FAIRS INDIA
Creating opportunities | Delivering value

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

**ကြည်း ၇၃၄၅ ဗိုလ်မှူးရွှေကြည် (ငြိမ်း)**

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

စီမံကိန်းစိစစ်ရေးနှင့်တိုးတက်ရေးဦးစီးဌာန

အသက်(၈၇)နှစ်

ဗိုလ်ချုပ်နေလင်း-ဒေါ်သန်းသန်းညွန့်တို့၏ဖခင် ဗိုလ်မှူးရွှေကြည်သည် ၂၅-၄-၂၀၁၇ရက် နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

ကျောင်းသားဟောင်း ဦးခင်မောင်ဝင်း(အစ်ကိုကြီး)၏ ဖခင် ဗိုလ်မှူး(ငြိမ်း)အောင်မြင့် အသက်(၈၇)နှစ်သည် ၁၈-၄-၂၀၁၇ ရက် (အင်္ဂါနေ့) ညနေ ၄း၁၅နာရီတွင် ပဲခူးမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၈၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ဘူမိဗေဒဘွဲ့ရကျောင်းသားဟောင်းများ**

## ဗိုလ်ကြီး ကိုကြီး (ငြိမ်း)

ကြည်း-၁၀၇၇၃

အသက်(၈၆)နှစ်

မိုးကုတ်မြို့၊ ကျပ်ပြင်ရပ်နေ (ဦးမောင်ကြီး-ဒေါ်ဦး)တို့၏သား၊ ဦးကျော်မိုးကို၊ ဗိုလ်မှူးသန့်ဇင်အောင်(ငြိမ်း)-ဒေါ်သန္တာကို၊ (ဦးကျော်သူရကို)၊ ဦးအောင်ဖြိုးကျော်-ဒေါ်သီဂီရွှေရည်ကိုတို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ ဒေါ်ခင်မာရီ၏ချစ်လှစွာသောခင်ပွန်းသည် ၂၆-၄-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၁၇ရက် (အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉) ရပ်ကွက်၊ မြဝတ်ရည်(၄)လမ်း၊ ပါရမီ၊ အမှတ် ၁၅(အေ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်သောင်းညွန့် အသက်(၇၃)နှစ်**

ဟိုတယ်/ခရီး(ငြိမ်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း(လယ်)ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ်(၃၀/အေ)မြေညီထပ်နေ (ဦးဘချော-ဒေါ်အေးကြိုင်)တို့၏သမီး ဒေါ်သောင်းရီ၊ ဒေါ်သောင်းအေး၊ ဒေါ်မူမူမြင့်၊ ဒေါ်မြသောင်း၊ ဒေါ်လှဝင်း၊ ဒေါ်ဝင်းကြည်၊ မချော၊ မဇင်သူသူထက်တို့၏အစ်မ ဒေါ်သောင်းညွန့်သည် ၂၅-၄-၂၀၁၇ရက်(အင်္ဂါနေ့)ည ၁၁း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

**ညီအစ်မတစ်စု**

## ဝမ်းနည်းကြေကွဲခြင်း

# ဒေါ်နန်းခင်လှရင်

### အသက်(၆၃)နှစ်

ဦးစိုင်းမျိုးညွန့်ဦး (ဒုတိယမြို့နယ်တရားသူကြီး၊ ဒေးဒရဲမြို့နယ်တရားရုံး)၏မိခင် ဒေါ်နန်းခင်လှရင်သည် ၂၅-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လုပ်ငန်းဝင်သင်တန်းအပတ်စဉ်(၁၅)မှ တရားရေးအရာရှိသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဝင်းကြည်**

အသက်(၆၂)နှစ်

ဘုလက်နယူးဂျာနယ်၏ တာဝန်ခံအယ်ဒီတာ ဦးရဲအောင်၏ ဇနီးဖြစ်သူ ဒေါ်ဝင်းကြည်သည် ၂၆-၄-၂၀၁၇ရက်တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ထုတ်ဝေသူ ဦးလှဆွေနှင့် ဘုလက်နယူးဂျာနယ်မိသားစု**

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

**ကိုအေးကြည်(ခ)မိုဟာဒ်ဖာရွတ်**

(CDC-၄၇၅၉၈) EE

အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ ဦးလူကလေးလမ်း၊ အမှတ် ၁၈-ခနေ ဦးမောင်ကြီး-ဒေါ်တင်ညွန့်တို့၏သား၊ ဦးတင်မောင်ကြီး၊ ဦးတင်မောင်လေး(Uniteam marine)တို့၏ညီ၊ မညွန့်ညွန့်အေး၊ ကိုလင်းအောင်မိုးတို့၏အစ်ကိုသည် ၂၆-၄-၂၀၁၇ရက် နံနက် ၄း၄၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၂၆-၄-၂၀၁၇ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ဒေါ်ခင်စိန်

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၂/၄၊ ဇေယျာလမ်း၊ (၈)ရပ်ကွက်၊ လှည်းတန်းနေ(ဦးထွန်းရွှေ-ဒေါ်သန်းမြ)တို့၏သမီး၊ (ဦးချစ်အောင်-ဒေါ်ငယ်)တို့၏ ချွေးမ၊ ဦးသောင်းငွေ-(ဒေါ်ကျင်)၊ (ဦးကျော်အောင်)-ဒေါ်သန်းရွှေတို့၏အစ်မ၊ (ဦးစံလွင်)၏ဇနီး၊ ဦးဌေးလွင်အောင်-ဒေါ်အေးအေးစံလွင်၊ဦးတိုး-(ဒေါ်ယုယုစံလွင်)၊ ဦးကျော်ဇေဟန် - ဒေါ်ခင်မျိုးလွင်၊ ဦးအောင်ကျော်မိုးတို့၏မိခင်၊ ဒေါက်တာမေသက်နှင်းအောင် (International SOS Clinic)-ဒေါက်တာဝင်းကျော်ထက်(ရေဖြူမြို့နယ်ဆေးရုံ)၊ မသင်းအေးခိုင်(Holiday Inn Crown Plaza-Abu Dhabi)၊မဟန်သီရိလွင်(Rangoon Charms Travels & Tours)၊ မဟန်သော်တာလွင်(WHO HUP-Singapore)၊ မမေဖြိုးမွန် (Merical Retreat & Resort, Ngapali)၊ မဇွန်နှင်းပွင့်အောင်တို့၏အဘွားသည် ၂၆-၄-၂၀၁၇ရက် နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၇ရက်(သောကြာနေ့) နံနက် ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂-၅-၂၀၁၇ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ဖော်ပြပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ကိုဇော်မိုးနိုင်

(ဟင်္သာတမြို့)

အသက်(၄၅)နှစ်

ဟင်္သာတမြို့၊ သုံးပင်ကွင်းရပ်၊ ညီညွတ်ရေးလမ်းနေ (ဦးတင်ဟိန်-ဒေါ်ကျင်ဝင်း)တို့၏သား၊ ကိုအောင်မျိုးမြင့်-မတင်ဝင်းမော်၊ ကိုစိုးနိုင်ဝင်း-မသက်သက်ဝင်း၊ (ဦးမျိုးမင်းနိုင်)၊ (ကိုသန့်ဇင်နိုင်)-မမိုးမြင့်ခိုင်တို့၏ညီ/မောင်၊(ကိုသန်းစိုးနိုင်)၏အစ်ကို၊ မောင်နေလင်းထွန်း-မမျိုးဇော်ဇော်ဦး၊ မဝတ်ရည်ဖြိုး(KBZ ဟင်္သာတဘဏ်ခွဲ)၊ မောင်သူရမင်းစံ-မစုလင်းထက်၊ မောင်လှမင်းသန့်တို့၏ဦးလေးသည် ၂၅-၄-၂၀၁၇ရက်မွန်းလွဲ ၁း၁၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဟင်္သာတမြို့မီးသင်္ဂြိုဟ်စက်သို့ ၂၇-၄-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးအောင်မျိုးဆွေ

(DSA-46)

အသက်(၃၅)နှစ်

ဟင်္သာတမြို့နေ ဦးစိုးမြင့်-ဒေါ်ရီရီမြင့်တို့၏သား၊ မိုးမိတ်မြို့နေ ဦးခင်ရှိန်-ဒေါ်မျိုးမြင့်မေတို့၏ သားသမက်၊ မလင်းလက်လက်အောင် (Grade-6)၏ ဖခင်၊ ဒေါ်နုနုအေး၏ ခင်ပွန်းသည် ၂၆-၄-၂၀၁၇ရက် နံနက်၄း၄၀နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါ၍ ၂၈-၄-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ မရမ်းကုန်းမြို့နယ်၊ ကိုးမိုင်ခွဲနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဘုရား၊ ရဟန်း၊ ရေကန် ဒါယိကာမကြီး

**ဒေါ်ရီ (ပုလိုင်း-မန္တလေး)**

အသက်(၉၀)

မန္တလေးမြို့၊ ပုလိုင်းရပ်နေ(ဦးချစ်ပို-ဒေါ်ညို)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးမျိုးငွေး)-ဒေါ်ကြည်တို့၏ညီမ၊ ရန်ကုန်မြို့နေ ဦးအေးကို(ပိုးကွန်ပျူတာ)-ဒေါ်နွဲ့နွဲ့ငွေး၊ ဦးမောင်မောင်ငွေး-ဒေါ်ခင်ဆွေရည်၊ ဦးမြင့်မောင်ငွေး-ဒေါ်မိမိကြီး၊ ဦးတင်မောင်ငွေး-ဒေါ်ချိုချိုလှိုင်၊ ဦးကျော်ဇင်ချစ်၊ဒေါ်မာမာငွေး၊ ဦးကိုကြီးငွေး-ဒေါ်ဝင်းမြင့်၊ ဦးသန့်စင်ငွေး၊ (ဦးချစ်ကိုငွေး)-ဒေါ်တင်မာဝင်းတို့၏အဒေါ်၊ မောင်ပြည့်ဖြိုးအောင်-မရည်မွန်သူ၊ ဒေါက်တာအိအိခိုင်(ခုတင်-၅၀၀၊ အထူးကုဆေးရုံကြီး)တို့၏အဘွားသည် ၂၆-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆း၃၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၇ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အခန်း F-၅၊ အမှတ် ၆၄၊ အဝေရာနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်မညွန့်သာ(ပုဏ္ဏားကျွန်း) အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၁၃၁(ဒုတိယထပ်)နေ (ဦးပန်းသာ-ဒေါ်မဖြူ)တို့၏သမီး၊ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်နေ (ဦးထွန်းဦးခိုင်-ဒေါ်မြခိုင်)တို့၏ချွေးမ၊ တောင်ဥက္ကလာပမြို့နယ်၊ စီမံကိန်း(၂)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ် ၁၇၃နေ ဦးဦးဘသိန်း၊ ဒေါ်စောညွန့်သာ၊ ရခိုင်ပြည်နယ်၊ပုဏ္ဏားကျွန်းမြို့၊ အမှတ် ၄၄၀၊ စံပြရပ်ကွက်နေ (ဦးထွန်းအောင်ဖြူ)-ဒေါ်စောသာနု၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊အောင်မင်္ဂလာလမ်း၊အမှတ် ၁၃၁(ဒုတိယထပ်)နေ ဒေါ်စောခင်နု၊ ပုဏ္ဏားကျွန်းမြို့နယ်နေ ဦးမောင်နီအောင် (ဒေါ်မအောင်ကြည်)၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဘူတာရုံလမ်း၊ ၂/ခရပ်ကွက်၊ အမှတ် ၄၉၉နေ ဦးမြတ်ကျော်၊ ဒေါ်စောမြင့်ခင်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၁၃၁(ဒုတိယထပ်)၊ အောင်မင်္ဂလာလမ်းနေ မောင်စောလွင်၊ ဒေါ်ခင်စန်းဦး၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၅) ရပ်ကွက်၊ သန္တာ ၂လမ်း၊ အမှတ် ၇၄၄/ကနေ ဦးစောလင်းနိုင်၊ ဒေါ်ညိုညိုသန်းတို့၏မိခင်၊မြေး ၁၄ယောက်၊မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၂၆-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၇ ရက် (သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ရီ(ထားဝယ်) အသက်(၈၄)နှစ်

**အထက(၁)၊ အငြိမ်းစားဆရာမ၊ ထားဝယ်ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အာဇာနည်လမ်း၊ ကညွန့်ရပ်နေ [ဦးဘရှင် (၁၉၂၀ပြည့် တက္ကသိုလ်ကျောင်းသားသပိတ်ခေါင်းဆောင်၊ အမျိုးသားကျောင်းအုပ်ဆရာကြီး)-ဒေါ်ခင်စိန် ]တို့၏သမီး၊ ဦးအောင်မြင့်-ဒေါ်ကြူကြူ၊ (ဦးအောင်ညွန့်-ဒေါ်သီးကျင်)၊ (ဦးအောင်ထွေး-ဒေါ်ကြည်မေ)၊ ဦးတင်ထွဋ်၊ (ဦးဇော်သိန်း)-ဒေါ်ခင်ကြည်၊ဗိုလ်မှူးစန်းတင့်အောင်-ဒေါ်မာရီအောင်တို့၏ညီမ၊ (ဦးမောင်သိန်း-ဒေါ်လှတင်)၊ဒေါ်တင့်တင့်ရှင်(ခ)ဒေါ်ခင်တင့်၊(ဦးအောင်ကြည်)-ဒေါ်မြင့်မြင့်ရှင်၊ (ဦးတင့်ဝေ)-ဒေါ်စုစုရှင်၊ ဦးအောင်လေး-ဒေါ်စန်းစန်းလှတို့၏အစ်မ၊ ဆရာဦးကိုကိုကြီး(အငြိမ်းစား၊ အထက-၁၊ ထားဝယ်ရိုးရာယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်)၏ချစ်လှစွာသောဇနီး၊ ဦးမင်းကိုကို-ဒေါ်သက်သက်ထွန်းတို့၏မိခင်၊ မဝတ်ရည်ကိုကို၊ မောင်ဇော်သက်ကိုကိုတို့ ၏အဘွားသည် ၂၆-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ရဲမာလွင်

အလယ်တန်းပြဆရာမ(ငြိမ်း)

B.Sc (Chem), B.Ed

အမက(၃)မရမ်းကုန်း

အထက(၃)ဒဂုံ၊ အထက(၁)ဒဂုံ

အသက်(၆၀)

ရန်ကုန်မြို့၊ ကျောက်မြောင်းကြီးရပ်ကွက်၊ မြို့သစ် ၂လမ်း၊ တိုက် ၇/၃ (A)နေ (ဦးတင့်လွင်)-ဒေါ်ခင်မမ(အထက-၁၊ ဒဂုံ၊ ငြိမ်း)တို့၏သမီး၊ ဒေါ်အေးမာလွင်(အလက-၂၊ဒဂုံ)၊ ဦးကွန်းမော်ကြည်(စက်မှုဌာန၊ မြန်မာအမျိုးသားလေကြောင်း)-ဒေါ်စမ်းဦး(အထက-၂၊ ကြည့်မြင်တိုင်)၊ ဒေါက်တာဦးညွန့်နိုင် (အထွေထွေအထူးကုသမားတော်ကြီး)-ဒေါ်ဝါဝါဇော်ခင်တို့၏အစ်မ၊ မောင်ဗညားကွန်းမော်၊ မောင်ကောင်းပြည့်နိုင်၊ မောင်သူရိန်ကွန်းမော်တို့၏ကြီးတော်သည် ၂၅-၄-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၆း၅၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်သောင်းညွန့်**

ဟိုတယ်/ခရီး (ငြိမ်း)

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း(လယ်)ရပ်ကွက်၊ ဖျာပုံလမ်း၊ မြေညီထပ်၊ အမှတ် ၃၀/အေနေ (ဦးဘချော-ဒေါ်အေးကြိုင်)တို့၏သမီး၊ ဆရာတော် ဦးဇာဂရိယ၊ ဦးဇောတိကတို့၏ရဟန်းအမကြီး၊ ဒေါ်မြင့်မြင့်အေး (အထက-၂၊ စမ်းချောင်း)၊ ဒေါ်ရင်ရင်ကြည်(စိုက်ပျိုးရေး၊ငြိမ်း)၊ ဦးညွန့်ဝင်း-ဒေါ်တင်ငွေးမြင့်၊ ဦးတင်ထွေး(စိုက်ပျိုးရေး၊ငြိမ်း)-ဒေါ်ငွေးငွေးနိုင်တို့၏အစ်မ၊ မောင်သန့်စင်ဝင်း (လ/ထမန်နေဂျာ၊ ဧရာဝတီဘဏ်)၊ မောင်ရဲကိုနိုင်(Coca Cola)၊ မောင်ထက်ခိုင်လင်း၊ မောင်အာကာကျော်တို့၏အဒေါ်သည် ၂၅-၄-၂၀၁၇ရက် (အင်္ဂါနေ့) ည ၁၁း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးခင်မောင်မြင့်

ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)

အမျိုးသားမှတ်တမ်းများ

မော်ကွန်းတိုက်ဦးစီးဌာန

အသက်(၆၈)နှစ်

သထုံမြို့နေ (ဦးကြီးမြင့်-ဒေါ်ရင်မေ)တို့၏သား၊(ဦးလှသော်-ဒေါ်အေးကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ် ၈၃ (သုံးလွှာ-ဘီ)နေ ဒေါ်အေးအေးသော်၏ခင်ပွန်း၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်လေးစမ်းတို့၏ညီ၊ ဦးခင်မောင်လှ-(ဒေါ်ရီရီ)တို့၏အစ်ကို၊ ဦးမျိုးအောင်-ဒေါ်မမလေး၊ ဒုဗိုလ်မှူးကြီးဒေါ်သွဲ့ကြည်သော်၊ ဦးသော်ဇင်-ဒေါ်စန္ဒာ၊ ဒေါ်လွဲ့လွဲ့သော်၊ ဒေါ်ခင်ခင်သော်တို့၏ ညီ/မောင်သည် ၂၆-၄-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂-၅-၂၀၁၇ရက်နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးအောင်မြင့်(ငြိမ်း) (BC.7993, OTS-21)

ပန်းတောင်းကောင်စီဥက္ကဋ္ဌ(ငြိမ်း)

အသက်(၈၇)နှစ်

သထုံမြို့နေ (ဦးအေးမောင်-ဒေါ်စောခင်)တို့၏သား၊ (ဦးထွန်းကျော့-ဒေါ်ဖွားသင်)တို့၏သမက်၊ ပဲခူးမြို့၊ ဉသျှာမြို့သစ်၊ ရပ်ကွက်(၂)၊ ဘုရင့်နောင်လမ်းသွယ်၊ မင်္ဂလာလမ်း၊ အမှတ် ၃၆နေ (ဒေါ်ခင်မြင့်)၏ခင်ပွန်း၊ ဦးခင်မောင်ဝင်း(DGSE/TSC)-ဒေါ်ခင်မမ(လ/ပြ၊ ငြိမ်း၊ လ-၄၊ ဒဂုံအရှေ့)၊ ဦးဉာဏ်ဝင်း(တိ/ကုဆရာဝန်၊ ငြိမ်း၊ မြို့တော်စည်ပင်)-ဒေါ်မြမြဝင်း(လ/ပြ၊ငြိမ်း၊ ပျဉ်ပုံကြီးအထက)၊ (ဦးအောင်မြင့်ဝင်း)၊ (ဦးချစ်ဝင်း၊ လဝက ပန်းတောင်း)-ဒေါ်စောနွဲ့(လ/ပြ-ငြိမ်း၊ ပန်းတောင်း အထက)၊ ဦးဇော်ဝင်း(ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန၊ ဘုတ်ပြင်းမြို့နယ်)-ဒေါ်မြင့်မြင့်လွင်တို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၈-၄-၂၀၁၇ရက် ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၄-၂၀၁၇ရက် မွန်းလွဲ ၁း၃၀နာရီတွင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

**ဦးသိန်းထွန်း အသက်(၇၁)နှစ်**

မြင်းခြံမြို့၊ ထနောင်းတိုင်ကျေးရွာနေ ဒေါ်လှဝင်း၏မောင်၊ ကိုထွန်းထွန်းမိုး-မခင်နှင်းဦး၊ အရခဗ တင့်နိုင်-မတင်ဇာထွန်း၊ တကက ရဲထွန်း-မစုစုမာ၊ ကိုထွန်းသူရ-မတင်မာထွန်းတို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ မြင်းခြံမြို့၊ နေဝန်းရပ်ကွက်၊ အမှတ် ၁၃နေ ဒေါ်စန်းဝင်း(ခ)ဒေါ်ဖြူဖြူ၏ခင်ပွန်းသည် ၂၅-၄-၂၀၁၇ရက် ညနေ ၇း၄၅နာရီတွင် နေပြည်တော်ဇမ္ဗူသီရိဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၇ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်၊ ပျဉ်းမနားမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာ(၄)လမ်း၊ အမှတ်(ယ၇/၁၈၇)နေအိမ်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၄-၂၀၁၇ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်အုန်းမြင့်(ခ)ကစ်တီ**

အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတစ်ပင်မြို့နယ်၊ ပေါက်တန်းကျေးရွာနေ (ဦးသန်းမောင်-ဒေါ်ခင်ယုံ)တို့၏သမီး၊ (ဦးဖြူ-ဒေါ်သိန်းချစ်)၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်နေ (ဦးခင်မောင်သိန်း)-ဒေါ်ကြည်ကြည်ဝင်းတို့၏တူမ၊ မြောက်ဒဂုံမြို့နယ်နေ ဦးစံကြိုင်-ဒေါ်သန်းအေး၊ ရန်ကင်းမြို့နယ်နေ ဦးတင်ရှိန်-ဒေါ်သန်းအေးတို့၏ညီမ၊ သမိုင်းနေ ဦးမြင့်အောင်-ဒေါ်ခင်လေးတို့၏အစ်မ၊ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်၊ ၃လမ်း၊ အမှတ် ၅/ကနေ (ဦးသိန်းအောင်)၏ ချစ်လှစွာသောဇနီး၊ မရတနာသီရိအောင်၏မိခင်သည် ၂၆-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂း၃၉နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၄-၂၀၁၇ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမြသွေး(ခ)အောင်ဇော်မိုး (ပြည်)

အသက်(၆၈)နှစ်

ပြည်မြို့နေ (ဦးလှမောင်-ဒေါ်လှ)တို့၏သား၊ ကျောင်းကြီးရပ်၊ ရုံးလမ်း၊ အမှတ် ၅၄၈နေ ဒေါ်မြတ်မြတ်ကျော်၏ခင်ပွန်း၊ ကိုအောင်ဇော်ငွေး-မနေရည်မြသွေး(ဆင်ကမ္ဘာရတနာရွှေဆိုင်နှင့်ပိုးထည်တိုက်)၊ မအေးမွန်မြသွေး(U.S.A)၊ အောင်ကိုကိုကျော်(Apex Airlines)၊ အောင်ညီညီကျော်-နှင်းရွှေရည်ဝင်း (ဆင်ကမ္ဘာပွဲရုံနှင့် ပွဲထိုင်ဖိနပ်ဆိုင်)၊ မေသူသွေး(ခ)ပိုပို(U.S.A)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၅-၄-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်စန်းစန်းတင့်**

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀တောင်၊ (၁၂)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ခ/၉၀၈နေ (ဦးစံလှ-ဒေါ်မြိုင်)တို့၏သမီး၊ (ဦးအုန်းကျော်-ဒေါ်ခင်ကြည်)တို့၏ချွေးမ၊ ဦးအောင်ခိုင်၏ချစ်လှစွာသောဇနီး၊ မငြိမ်းချမ်းခိုင်၊ မနီလာလင်း၊ ဗိုလ်ကြီးချမ်းမြေ့အောင်-မဝေဝေခိုင်တို့၏မိခင်၊ မောင်လင်းသုတအောင်၏ အဘွားသည် ၂၆-၄-၂၀၁၇ရက် ည ၆း၀၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၇ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်မကျီးညို

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သပြေခြံ(၂)လမ်းနေ (ဦးကောင်းစံလှ)၏ ဇနီး၊ ဦးစောရွှေ-ဒေါ်ခင်ထွေး၊ ဦးစောလှရွှေ-ဒေါ်နုနုအေး၊ ဦးမောင်စောရွှေ-ဒေါ်တင်တင်လတ်တို့၏ မိခင်သည် ၂၅-၄-၂၀၁၇ရက် ည ၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၇ ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီနှင့် မဏ္ဍလာကံယုံကျောင်းတိုက်၊ ရေတာရှည်လမ်းဟောင်း၊ကြားတောရရပ်ကွက်၊ ဗဟန်းမှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၅-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းဦး (နှဲကြိုး)

အသက်(၅၃)နှစ်

ရန်ကုန်မြို့နေ (ဦးအုန်းမြင့်-ဒေါ်ခင်ညို)တို့၏သား၊ (ဦးသိန်းမြင့်)-ဒေါ်ယဉ်နွယ်(အထက-၂၊စမ်းချောင်း၊ငြိမ်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ စေတနာ ၄လမ်း၊ အမှတ် ၅၁၅နေ ဒေါ်မော်မော်သိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်ဆန်းကျော်-မနှင်းရည်ရည်၊ မောင်သူရသိန်းသန်း၊ မောင်ဖွဲ့သူထွန်းတို့၏ဖခင်၊ မောင်အာကာဖြိုး၏အဘိုးသည် ၂၅-၄-၂၀၁၇ရက် (အင်္ဂါနေ့)ညနေ ၄နာရီတွင်ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၅-၂၀၁၇ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အစိုးရ၊ ပုဂ္ဂလိကနှင့်ပြည်သူများ ပူးပေါင်းမှသာ အောင်မြင်မည်




ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၁၇)တွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် မေ ၂၆**

နိုင်ငံသားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြုပြင်ပြောင်းလဲ ဆောင်ရွက်လျက်ရှိသည့် အရေးကြီး ဦးစားပေးကဏ္ဍ (Urgent Priorities)များတွင် ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးကိုအထောက်အကူပြုသည့် ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေကြောင်း အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။

ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည့် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၁၇)တွင် ဒုတိယသမ္မတက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယသမ္မတက ခရီးသွားလုပ်ငန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ယခင်နှစ်များအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အားနည်းချက်နှင့် အားသာချက်များကိုသုံးသပ်ပြီး ဆက်လက်၍ မည်သို့ဆောင်ရွက်ကြမည်၊

စာမျက်နှာ ၅ ကော်လံ ၁ ❄

## အားကစား / ပညာရေးအသင်း နိုင်ပွဲဆက်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် မေ ၂၆**

၂၀၁၆-၂၀၁၇ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၂) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ အားကစား / ပညာရေးအသင်း နိုင်ပွဲဆက်ခဲ့သည်။ အားကစား / ပညာရေးအသင်းသည် ဂန္ဓမာအသင်းကို နှစ်ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

အဖွင့်ပွဲတွင် ဂိုးပြတ်အနိုင်ရထားသည့် အားကစား / ပညာရေးအသင်းသည် ယခုပွဲတွင်လည်း နိုင်ပွဲထပ်မံရယူနိုင်ခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ဂန္ဓမာအသင်းသည် ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့သော်လည်း နှစ်ပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့သည်။

လက်ရွေးစင်ကစားသမားအချို့ ပါဝင်လာသည့် အားကစား / ပညာရေးအသင်းသည် ဂန္ဓမာအသင်းထက် ကစားပုံပိုကောင်းခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဂန္ဓမာအသင်းသည် အားကစား / ပညာရေးအသင်းကို အပြန်အလှန်ကစားနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း လက်ရွေးစင်နောက်ခံလူ ဝေဝေအောင်၊ ဂိုးသမား မြဖူးငုံတို့ဦးဆောင်သည့် ခံစစ်ပိုင်းကို မကျော်နိုင်ခဲ့သောကြောင့် နှစ်သိမ့်ဂိုးပင်မရခဲ့ပေ။ ၂၆ မိနစ်တွင် အားကစား / ပညာရေးအသင်း ဦးဆောင်ဂိုးရခဲ့ပြီး တန်ပြန်တိုက်စစ်မှ တစ်ဆင့် ရွှေမိုးအေးက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း အားကစား / ပညာရေးအသင်းက ပွဲကိုဆက်လက်ထိန်းချုပ်နိုင်ခဲ့ပြီး ဂန္ဓမာအသင်းက ချေပဂိုးရရန် ကြိုးပမ်းခဲ့သည်။ အားကစား / ပညာရေးအသင်းအတွက် ဒုတိယဂိုးကို ၈၆ မိနစ်တွင် အသင်းခေါင်းဆောင် ဝေဝေအောင်က သွင်းယူခဲ့သည်။

ပွဲစဉ် (၂) တတိယနေ့ကို မေ ၂၇ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဇွဲကပင်အသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။



အားကစား / ပညာရေးအသင်းနှင့် ဂန္ဓမာအသင်းတို့ ယှဉ်ပြိုင်နေစဉ်

## ထူးခြားမြစ်ရေ

**နေပြည်တော် မေ ၂၆**

ဧရာဝတီမြစ်ရေသည် မေ ၂၆ ရက် နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ မြစ်ကြီးနားမြို့တွင် ၅၃၁ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး နှစ်ရက်အတွင်း ခုနစ်ပေခန့် မြင့်တက်ခဲ့သည်။ အဆိုပါမြစ်ရေသည် ဗန်းမော်မြို့နှင့် ရွှေကူမြို့တို့တွင် တစ်ရက်အတွင်း နှစ်ပေခွဲမှ ငါးပေခန့်အထိ မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်မှ သုံးရက်အတွင်း ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် တစ်ပေခွဲမှ ငါးပေခွဲခန့်၊ နောက်နှစ်ရက်မှ ငါးရက်အတွင်း သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေမြင့်တက်လာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

